# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်　　၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ ကြာသပတေးနေ့　　အတွဲ (၅၈)၊ အမှတ် (၀၄၀)


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၏ ဖိတ်ကြားချက်အရ (၃၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်မည် ဖြစ်ပါသည်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Sigrid Kaag ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-နယ်သာလန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခြေအနေ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Sigrid Kaag အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

**(၂၆) ရုံမြောက် မင်္ဂလာအဆင့်မြင့် (တာမွေ) ရုပ်ရှင်ရုံသစ် ဖွင့်လှစ်** စာ » ၇

**ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအရ အမေရိကန် အောက်လွှတ်တော်တွင် အမျိုးသမီး ၁၀၀ ခန့် နေရာရ** စာ » ၁၄


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ

ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ ဟူသော ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်အတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် ရှင်းလင်းလွယ်ကူသော လုပ်ထုံးလုပ်နည်းများချမှတ်ပေးနိုင်မှသာလျှင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုကို ထူထောင်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့စီးပွားရေးလုပ်ငန်းများအတွက် ရှင်းလင်းလွယ်ကူသော လုပ်ထုံးလုပ်နည်း ရှိမရှိကို သုံးသပ်မည်ဆိုပါက ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍသည် ထိထိရောက်ရောက် ထင်ဟပ်ဖော်ပြနိုင်သော လုပ်ငန်းကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် မြန်မာနိုင်ငံကဲ့သို့သော စီးပွားရေးထူထောင်နေဆဲနိုင်ငံများ၌ အခြေခံအဆောက်အအုံဆောက်လုပ်ရေးသည် အခြေခံအုတ်မြစ် ကဏ္ဍတစ်ရပ်ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများလွယ်ကူမှု အညွှန်းကိန်းလုပ်ငန်းစဉ်များ၌ ၂၀၁၄ ခုနှစ်မှစတင်၍ ပါဝင်ခဲ့ပါသည်။ ဤကဲ့သို့ စတင်ပါဝင်ချိန်မှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်သော လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူရေးကို စတင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ၂၀၁၄ ခုနှစ်၌ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်သောလုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူမှု အညွှန်းကိန်းသည် အဆင့် ၁၃၄ က ရှိခဲ့ပါသည်။ ဤသို့သော အနေအထားမှ ၂၀၁၅ ခုနှစ်၌ အဆင့် ၁၃၀၊ ၂၀၁၆ခုနှစ်၌ အဆင့်၇၄၊ ထိုမှတစ်ဆင့် ၂၀၁၇ ခုနှစ်၌ အဆင့် ၆၆ အထိ တက်လာခဲ့ပါသည်။ သို့သော် ၂၀၁၈ ခုနှစ်၌ အဆင့် ၇၃ သို့ ပြန်ကျခဲ့ပါသည်။ အဆိုပါ ဖြစ်စဉ်တစ်ရပ်လုံးကို ခြုံငုံသုံးသပ်ပါက ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူမှုအညွှန်းကိန်းသည် စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အဆင့် ၆၁ ဆင့် တိုးတက်လာသည်ကို တွေ့ရမည် ဖြစ်ပါသည်။

တစ်ဖန် တခြားသော အခြေခံအဆောက်အအုံလုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်သည့် လျှပ်စစ်စွမ်းအားကဏ္ဍ၏ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူမှုရှိရေး ကြိုးပမ်းမှုတို့ကို ကြည့်ပါက နိုင်ငံတော်အစိုးရ၏ “ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ဟူသော ဆောင်ပုဒ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်နေမှုတို့ကို ထင်ထင်ရှားရှား မြင်တွေ့ရမည် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူမှု ရှိမရှိ တိုင်းတာရာ၌ အချက်လေးရပ်ဖြင့် တိုင်းတာလျက်ရှိပါသည်။ ပထမဦးဆုံးသော အချက်သည် လျှပ်စစ်ဓာတ်အားရရှိလိုသော ပြည်သူတစ်ဦးအတွက် လျှပ်စစ်ဓာတ်အား ရရှိသည်အထိ နိုင်ငံတော်က မည်သို့မည်ပုံ စီစဉ်ထားသည်ကို သုံးသပ်ကြည့်ရှုခြင်း ဖြစ်ပါသည်။ ဒုတိယအချက်သည် ဤအစီအစဉ် လုပ်ထုံးလုပ်နည်းများ ပြီးမြောက်စေရန် ပြည်သူတစ်ဦးအနေဖြင့် အချိန်မည်မျှပေးရသည်ဟူသော အချက်ဖြစ်ပါသည်။ တတိယအချက်မှာမူ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြည်သူတို့ကျခံရသော ကုန်ကျစရိတ်ကို ၎င်းတို့၏ဝင်ငွေဖြင့် အချိုးချတွက်ချက်ဖော်ပြခြင်း ဖြစ်ပါသည်။ စတုတ္ထအချက်မှာ ပြည်သူတို့ရရှိသော လျှပ်စစ်ဓာတ်အား၏ ယုံကြည်အားထားနိုင်မှု ဖြစ်ပါသည်။ ဤအချက်လေးချက်ကိုသာ ပြည့်ပြည့်ဝဝ သုံးသပ်နိုင်မည်ဆိုပါက လျှပ်စစ်ဓာတ်အားကဏ္ဍ၏ လုပ်ထုံးလုပ်နည်းများရှင်းလင်းလွယ်ကူမှု ရှိမရှိကို အမှန်တကယ် တိုင်းတာသုံးသပ်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ “ ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ ” ဟူသောဆောင်ပုဒ်ဖြင့် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုတို့ကို သုံးသပ်ပါက ပြည်သူလူထု၏ စိတ်နှလုံး၌ အလွယ်တကူ မမြင်သာသော ကိစ္စရပ်များဖြစ်နေသော်လည်း တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ် အထောက်အပံ့ဖြစ်စေသည့် ကိစ္စရပ်များ ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# သုတေသနဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် သုတေသနဖွံ့ဖြိုးရေး၊ သုတေသနအသင်းအဖွဲ့များ ပေါ်ပေါက်လာစေရေးနှင့် မြန်မာနိုင်ငံသုတေသနအသင်းကြီး ပြန်လည်ထူထောင်နိုင်ရန် နည်းလမ်းများ ရှာဖွေရေးတို့ကို ရည်ရွယ်လျက် သုတေသနဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၀ရက်တွင် ရန်ကုန်မြို့ အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာအောင်ကြီး၊ ဒေါက်တာတိုးလှ၊ ဦးအေးချိုနှင့် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ) တို့က ဆောင်ရွက်သွားမည်ဖြစ်ပြီး စာတမ်းရှင်များအဖြစ် နံနက်ပိုင်းတွင် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) က မြန်မာနိုင်ငံတွင် ဘာသာ၊ စာပေ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံစာတမ်းကိုလည်းကောင်း၊ ဦးဇော်အောင် (ဖွံ့ဖြိုးရေးသုတေသီ) က မြန်မာနိုင်ငံသုတေသနဖွံ့ဖြိုးရေး အကြံပြုချက်စာတမ်းကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း)က အမိန့်တော်များထဲမှ မင်းတုန်းမင်းလက်ထက် တရားစီရင်ရေးစာတမ်းကို လည်းကောင်း၊ ဒေါက်တာတိုးလှနှင့် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)တို့က မြန်မာနိုင်ငံ သုတေသနအသင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့် အလားအလာစာတမ်းကို လည်းကောင်း ဖတ်ကြားသွားမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

စာတမ်းဖတ်ပွဲသို့ မည်သူမဆိုတက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ (ရန်ကုန်)သို့ ဖုန်း-၀၁ ၃၈၇၅၆၈၊ Fax -၀၁ ၃၈၇၅၆၈၊ E-mail iprd.rnd@ gmail.com တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘာသာပြန်ကော်မရှင် တတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**



ပြည်ထောင်စုရှေ့နေချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဥပဒေဘာသာပြန် ကော်မရှင်၏ တတိယအကြိမ် အစည်းအဝေးကို နိုဝင်ဘာလပထမပတ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ကော်မရှင်ကို ၂၀၁၇ ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုရမည်ဖြစ်ကြောင်း၊ ဘာသာပြန်ဆို အတည်ပြုပြီးသည့် ဥပဒေကိုးခုကို ဥပဒေဘာသာပြန်ကော်မရှင်၏ စာအုပ်အမှတ် ၁ နှင့် အမှတ် ၂ တို့ဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေနိုင်ခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့များက ဘာသာပြန်ဆိုထားသည့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအက်ဥပဒေ၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ၊ အမိန့်ဆင့်စာ အက်ဥပဒေ၊ ကိုယ်စားလှယ်၏ ဆောင်ရွက်ပိုင်ခွင့်များ အက်ဥပဒေနှင့် လွှဲအပ်ပစ္စည်းစီမံရေးဝန် အက်ဥပဒေတို့ကို ယခုအစည်းအဝေးတွင် ဆွေးနွေးအတည်ပြုမည်ဖြစ်ကြောင်း၊ ဆက်လက်ဘာသာပြန်ဆိုနေသည့် ဥပဒေ ၁၃ ခုကိုလည်း စတုတ္ထအကြိမ် အစည်းအဝေးတွင် အတည်ပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာဘာသာသို့ ပြန်ဆိုသည့် ဥပဒေများ ဆက်လက်ထုတ်ဝေနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဥပဒေကို လွယ်ကူစွာ လေ့လာသိရှိနိုင်ပြီး တရားစီရင်ရေး လုပ်ငန်းများတွင်လည်းကောင်း၊ ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်ရာတွင် လည်းကောင်း အထောက်အကူပြုမည် ဖြစ်ကြောင်း မှာကြားသည်။

အစည်းအဝေးသို့ ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ကုန်-သွင်းကုန်တန်ချိန်ပမာဏများပြားလာသည့်အတွက် ဆိပ်ကမ်းပံ့ပိုးမှုအင်္ဂါရပ်များ၊ တွန်းဆွဲရေယာဉ်များ ပိုမိုအသုံးပြုလာ

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်ဆိပ်ကမ်းတွင် ပို့ကုန်၊ သွင်းကုန် တန်ချိန်ပမာဏများပြားလာသည့်အတွက် ဆိပ်ကမ်းပံ့ပိုးမှုအင်္ဂါရပ်များ၊ တွန်းဆွဲရေယာဉ်များ ပိုမိုအသုံးပြုလာရကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားသည်။




“ကျွန်တော်တို့ ပို့ကုန်၊ သွင်းကုန် အားလုံးရဲ့ လေးပုံသုံးပုံကျော်ဟာ ဆိပ်ကမ်းတွေကနေ ဝင်ထွက်သွားလာနေတာဖြစ်တယ်။ သင်္ဘောအရေအတွက် ရောကုန်တန်ချိန်ပမာဏရောပါ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းကထက် နှစ်ဆခွဲတိုးလာတယ်” ဟု နိုဝင်ဘာ ၆ ရက်၌ ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းတွင် ကျင်းပသော မာန်အောင် - ၄ တွန်းဆွဲရေယာဉ်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းသည် မြန်မာနိုင်ငံ၏ အဓိကဆိပ်ကမ်းကြီးတစ်ခုဖြစ်ပြီး နိုင်ငံခြားကုန်သွယ်မှုအားလုံး၏ ၉၀ ရာခိုင်နှုန်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ရန်ကုန်ဆိပ်ကမ်းတွင် အတွင်းဆိပ်ကမ်းနှင့် အပြင် သီလဝါဆိပ်ကမ်းဟူ၍ ဆိပ်ကမ်းနှစ်ခုရှိပြီး ရန်ကုန်အတွင်းဆိပ်ကမ်းများတွင် နိုင်ငံခြားပင်လယ်ကူး သင်္ဘောကြီးများ ဆိုက်ကပ်ရန် တံတား ၂၆ စင်းရှိကာ သီလဝါတွင် တံတား ၁၂ စင်းရှိသည့်အတွက် စုစုပေါင်းတံတား ၃၈ စင်းသို့ သင်္ဘော ၃၈ စင်းတစ်ပြိုင်နက် တည်းဆိုက်ကပ်နိုင်ကြောင်း သိရသည်။

ထို့ပြင် သီလဝါ၌ တံတားအသစ်များ တည်ဆောက်နေသည့်အတွက် တစ်နှစ်ထက်တစ်နှစ် တံတားအသစ်များ ပေါ်ထွက်လာမည်ဖြစ်ရာ ၂၀၁၉ ခုနှစ် မတ်လတွင် ကွင်းအမှတ် ၂၅ နှင့် ၂၆ တို့တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ တံတားအသစ်နှစ်စင်းပေါ်ထွက်လာမည်ဖြစ်ပြီး ကွင်းအမှတ် ၃၀၊ ၃၁ တို့တွင်လည်း တံတားအသစ်များ ပေါ်ထွက်လာမည်ဖြစ်သည့်အတွက် တွန်းဆွဲရေယာဉ်များသည် မရှိမဖြစ် လိုအပ်လာမည် ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာမှ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်မှုမှာ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၁၂၅၄ စင်း သာဝင်ရောက်ခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် သင်္ဘောအစင်းရေ ၂၂၆၇ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့သည့်အတွက် ၁၀ နှစ်တာအတွင်းသင်္ဘောအစင်းရေထောင်ကျော် တိုးတက်ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်ဆိပ်ကမ်းများသို့ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နေရမှု အခြေအနေနှင့် ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က “မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှာရှိတဲ့ ရေကြောင်းပြမှူးကြီးတွေရဲ့ ဟိုးရှေးတုန်းကပုံစံအတိုင်း ကျွမ်းကျင်မှုနဲ့ပဲ ကျောက်ချပြီး ကပ်တယ်။ တဖြည်းဖြည်းချင်းကပ်တယ်။ ဒီလိုပုံစံနဲ့သွားနေရတဲ့ အနေအထားရှိပါတယ်။ နှစ်စဉ်နှစ်တိုင်းပဲ သင်္ဘောဝင်ရောက်မှုက တိုးလာတဲ့အတွက် တွန်း၊ ဆွဲရေယာဉ်တွေဟာ ဆိပ်ကမ်းတွေအတွက် အဓိကလိုအပ်ချက်ဖြစ်ပါတယ်” ဟု ပြောသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် လက်ရှိတွင် မြင်းကောင်ရေ ၁၀၀၀ အားရှိတွန်း၊ ဆွဲရေယာဉ်သုံးစင်း၊ မြင်းကောင်ရေ ၁၅၀၀ အားရှိတွန်း၊ ဆွဲရေယာဉ်တစ်စင်းနှင့် မြင်းကောင်ရေ ၃၀၀၀ အားရှိ တွန်း၊ ဆွဲရေယာဉ် တစ်စင်းအပါအဝင် တွန်း၊ ဆွဲရေယာဉ်ငါးစင်းဖြင့်သာ ရန်ကုန်ဆိပ်ကမ်းများ၌ လည်ပတ်အလုပ်လုပ်ကိုင်လျက်ရှိသည်။

နိုဝင်ဘာ ၆ ရက်တွင် မြန်မာ့သင်္ဘောကျင်းနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသော Myanma Shipyards-AMECC JV. Co., Ltd. မှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လွှဲပြောင်းပေးအပ်သော မာန်အောင် ၄- တွန်းဆွဲရေယာဉ်ကို ဆင်မလိုက်သင်္ဘောကျင်းတွင် အချိန်ကာလနှစ်နှစ်၊ လေးလခန့်အချိန်ယူ တည်ဆောက်ခဲ့ကြောင်း သိရသည်။ အလျား ၃၂ မီတာ၊ အနံ ၁၁ မီတာ၊ ဇောက် ၅ မီတာရှိသောအဆိုပါ တွန်း၊ ဆွဲ ရေယာဉ်မှာ ယာမားအင်ဂျင်များ တပ်ဆင်ထားပြီး တစ်နာရီလျှင် ရေမိုင် ၁၂ မိုင်ခုတ်မောင်းနိုင်ကြောင်း သိရသည်။ အဆိုပါရေယာဉ်အတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြင်းကောင်ရေ ၅၀၀၀ အားရှိ တွန်းဆွဲရေယာဉ်သစ် နှစ်စင်းကိုလည်း ထပ်မံတည်ဆောက် အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ဗလစိုး**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီတလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ကမ္ဘာလှည့်ခရီးသွားကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mrs. Alessandra Schiavo အား ယနေ့ မွန်းလွဲ ၃ နာရီခွဲ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် အီတလီ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ကမ္ဘာလှည့်ခရီးသွားကဏ္ဍ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အပါအဝင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နှင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mrs. Alessandra Schiavo တို့ တွေ့ဆုံစဉ်။** သတင်းစဉ်



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် UNODC မှ Country Manager နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့သည် UNODC မှ Country Manager, Mr.TroelsVester နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ၂၀၁၉ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကြိုတင်တားဆီးကာကွယ်ရေးဆောင်ရွက်မှု၊ ပညာပေးရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ဖွဲ့စည်းရေးကိစ္စရပ်များနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များ ပံ့ပိုးပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၃ သိန်းကို အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း က ပေးအပ်လှူဒါန်းရာ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက လက်ခံရယူပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၃၄ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၈ ခုနှစ်) နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ကြည့်ရှုအားပေး





**ဘားအံ နိုဝင်ဘာ ၈**

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၇ ရက် ညပိုင်းက ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည့် (၆၃) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက် ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ဒုံးအကပြိုင်ပွဲ အစီအစဉ်များကို ညနေ ၆ နာရီက စတင်ကျင်းပရာ အမှတ် (၁) ဘားအံမူကြို၊ အမှတ် (၂) ဘားအံမူကြို၊ ပန်းမမ (လွန်းည) ကိုယ့်အားကိုယ်ကိုးမူကြို၊ အမှတ် (၆) ကိုယ့်အားကိုယ်ကိုးမူကြို ရင်သွေးလေးများ ဒုံးအဖွဲ့များနှင့် အိန္ဒုကျေးရွာမူးနောင်ရှာ (အမျိုးသမီး) ဒုံးအဖွဲ့၊ ဖူးတခေတ် (ရှာလေ့ဖလုံ) ယဉ်ကျေးမှုဒုံးအဖွဲ့(၁) တို့က ကရင်ရိုးရာဒုံးအကများဖြင့် ညှော့ခံဖျော်ဖြေကြသည်။

ထို့နောက် ည ၈ နာရီခွဲတွင် ဒုံးအကပြိုင်ပွဲကို ကျင်းပရာ မုက္ကဒိကျေးရွာဒုံးအဖွဲ့၊ ကော့ထမွလိန်း-ထုံးအိုင်တိုက်နယ်ကိုယ်စားပြု ဖူးတခေတ်ယဉ်ကျေးမှုဒုံးအဖွဲ့၊ ကြာအင်းဆိပ်ကြီးမြို့နယ်ကိုယ်စားပြု ဒုံးအဖွဲ့၊ ကရင်ကျောင်းသားများရိပ်သာ ကျောင်းသားဟောင်းများဒုံးအဖွဲ့၊ ချစ်သူမြိုင်အပန်းဖြေဉယျာဉ် ယဉ်ကျေးမှုဒုံးအဖွဲ့၊ အိန္ဒု-မိဇ္ဇတိုက်နယ်ကိုယ်စားပြု နောင်ပလိန်ကျေးရွာစုပေါင်း ဒုံးအဖွဲ့၊ ကော့ကရိတ်မြို့နယ်ခြားစောင့်တပ် တပ်နယ် (၃) ယဉ်ကျေးမှုဒုံးအဖွဲ့၊ မြဝတီခရိုင်ကိုယ်စားပြု ဖူးတခေတ်ယဉ်ကျေးမှုဒုံးအဖွဲ့ ၊ ဘားအံမြို့တော်ယဉ်ကျေးမှုဒုံးအဖွဲ့ စုစုပေါင်း ဒုံးအဖွဲ့ ၉ ဖွဲ့တို့ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ သီဆိုကပြ ဖျော်ဖြေယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ ယဉ်ကျေးမှုဒုံးအဖွဲ့များ သီဆိုကပြဖျော်ဖြေယှဉ်ပြိုင်မှုများကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲဝင်ဒုံးအဖွဲ့များအား ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# "ကျွန်တော်တို့ဗဟုရပ်ဝန်းမှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုများကို ပုံရိပ်စစ်ဖြင့် တင်ဆက်ပြသခြင်း" ဓာတ်ပုံပြပွဲ ရန်ကုန်တွင် ပြသ




**ရန်ကုန် နိုဝင်ဘာ ၈**

မန္တလေးမှ လူငယ်ဓာတ်ပုံဆရာများဖြစ်သည့် ညီသစ်၊ ဘိုဘိုနှင့် ညီမျိုးဆက်တို့၏ "ကျွန်တော်တို့ဗဟုရပ်ဝန်းမှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုများကို ပုံရိပ်စစ်ဖြင့် တင်ဆက်ပြသခြင်း" အမည်ဖြင့် ဓာတ်ပုံပြပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်း ၂၉ လမ်းနှင့် လမ်း ၃၀ ကြားရှိ Royal River View ကွန်ဒိုတွင် ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ဓာတ်ပုံပြပွဲတွင် မတူညီသော ကိုးကွယ်မှုများဖြစ်သည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်မှုတို့၏ မတူညီသည့် ဓလေ့များ မြင်ကွင်း ပုံပေါင်း ၃၁ ပုံနှင့် Photo Essay နှစ်ပုဒ်ကို ပြသထားသည်။

အဆိုပါပြပွဲကို စီစဉ်သူ ဦးညီကျော်က "ကျွန်တော်တို့မှာ အဖွဲ့လေး တစ်ဖွဲ့ရှိပါတယ်။ မေတ္တာကမ့်ပိန်းလို့ ခေါ်ပါတယ်။ ကျွန်တော်တို့က ဘာသာတွေမှာ တူညီမှုရှိနေတဲ့ မေတ္တာဆိုတဲ့ အရာကို ဖော်ထုတ်ကြတာပါ။ ကျွန်တော်တို့က အနီးအနားမှာ ရှိနေတဲ့ မတူကွဲပြားမှုတွေမှာရှိနေတဲ့ လူတွေရဲ့ တူညီမှုကို ဖော်ထုတ်ပြီး ချပြချင်တယ်။ ဒီရည်ရွယ်ချက်နဲ့ အခုအစီအစဉ်ကို လုပ်ဖြစ်ပါတယ်။ လုပ်တဲ့အခါမှာ လူကြီးတွေက အစွဲရှိမှာ စိုးတဲ့အတွက် လူငယ်လေးတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ လူငယ်တွေက သူတို့ပတ်ဝန်းကျင်မှာ ရှိနေတဲ့ သူတို့ရဲ့တွေ့ရှိချက်ကို မှတ်တမ်းတင်တဲ့ သဘောပဲ။ ဒါဟာ ကျွန်တော်တို့ ပထမဆုံးခြေလှမ်းပါ။ ဆက်ပြီးတော့လည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်သွားဖို့ ရှိပါတယ်။ နောက်ပိုင်းမှာ ကာယကံရှင်တွေရဲ့အသံတွေ၊ ပြောကြားချက်တွေ ပါနေအောင်ပါ စုစည်းနိုင်အောင် ဆက်ပြီးကြိုးစားသွားကြမှာပါ" ဟု ပြောသည်။

ဓာတ်ပုံပြပွဲကို နိုဝင်ဘာ ၉ ရက်အထိ ပြသသွားမည်ဖြစ်ပြီး ပြသမည့်အချိန်မှာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖြစ်သည်။

ကိုညီသစ်က "ပထမရိုက်ဖို့ စိတ်ကူးရတာက မတူညီတဲ့ ဓလေ့တွေ ရိုက်ဖို့ပါ။ ဒါကြောင့် မတူညီတဲ့ ဓလေ့တွေ ရှာတယ်။ ကျွန်တော်ရိုက်တဲ့ ခံစားချက်ကတော့ ငြိမ်းချမ်းရေးအတွက်ပဲ ရည်ရွယ်တာပါ။ မန္တလေးမှာလည်း လုပ်ခဲ့တယ်။ မတူညီတဲ့ ဘာသာတရားနဲ့ မတူညီတဲ့ ကိုးကွယ်ယုံကြည်မှုတွေကို ရိုက်တဲ့အခါ ဥပမာ-အင်္ဂလိပ်လို Photo Essay ဆိုရင် မတူညီတဲ့ ဘာသာတရားနှစ်ခုဖြစ်နေပေမယ့် တူညီတဲ့ ဝါသနာတစ်ခု ရှိနေတဲ့အတွက် တူညီတဲ့ နှလုံးသားရှိနေတာကို တွေ့လိုက်ရတယ်။ အဲဒါကို မြင်ရတယ်။ အဲဒီလို ခံစားရတယ်။ ဗုဒ္ဓဘာသာဖြစ်တဲ့ ဘုန်းတော်ကြီးဆိုရင် သူ့ရဲ့ ဗုဒ္ဓဘာသာအလုပ် လုပ်တယ်။ တစ်ဖက်ကလည်း အစ္စလာမ်ဘာသာဝင်ကလည်း သူ့ဘာသာအလုပ်ကို သူလုပ်တယ်။ ဒါပေမယ့် အင်္ဂလိပ်ထိုးတယ်ဆိုတာ သူတို့ ဝါသနာတူတဲ့ အလုပ်ဖြစ်နေတော့ ရင်ဘတ်က အတူတူဖြစ်သွားတယ်။ ငြိမ်းချမ်းသွားတယ်" ဟု ပြောသည်။

"ကျွန်တော်တို့ဗဟုရပ်ဝန်းမှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုများကို ပုံရိပ်စစ်ဖြင့် တင်ဆက်ပြသခြင်း" သည် မန္တလေးမြို့တစ်ဝိုက်နှင့် ပြင်ဦးလွင်မြို့များရှိ မတူညီသည့် ဘာသာတရားကိုးကွယ်သူများ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ပုံများကို ပြသထားခြင်း ဖြစ်သည်။

**သတင်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- ဖိုးထောင်**

# တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် MYPOL Project ၏ EU Consultant Mr. Ian White ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ MYPOL မှ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ အကူအညီပေးအပ်နေမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် MYPOL Project ၏ EU Consultant Mr. Ian White အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲနှင့် မီဒီယာအသိပေးပြောကြားခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး CITIC Group ဥက္ကဋ္ဌ Mr. Chang Zhenming နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် CITIC Group ဥက္ကဋ္ဌ Mr. Chang Zhenming တို့သည် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့ရှေ့မှောက်တွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုး၍ (**အပေါ်ယာပုံ**) အပြန်အလှန်လဲလှယ်ကြသည်။




ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဗဟိုလုပ်ငန်းအဖွဲ့မှ ဒုတိယဝန်ကြီးများ၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ CITIC Group ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် CITIC Group မှ တာဝန်ရှိကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန်ဟိုးလ်ဒင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ CITIC Consortium ကိုယ်စားလှယ် CITIC Group (Myanmar) Co.,Ltd ၏ Managing Director Mr Yuan Shaobin နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့ ဦးဆောင်၍ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအား ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် (Framework Agreement) လက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ အသိပေးပြောကြားခြင်း အစီအစဉ်ကိုကျင်းပပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အကြိုလေ့လာဆန်းစစ်ခြင်းကို ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ကွင်းဆင်းဆောင်ရွက်၍ လည်းကောင်း၊ အကြံပေးကုမ္ပဏီ ရွေးချယ်ခြင်းကိုလည်း ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာတင်ဒါခေါ်ယူ ရွေးချယ်၍ လည်းကောင်း၊ ရင်းနှီးတည်ဆောက်မည့်သူအား ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာတင်ဒါခေါ်ယူ၍ ရွေးချယ်ခဲ့ရာ (CITIC) ကုမ္ပဏီအုပ်စုကို ရေနက်ဆိပ်ကမ်းနှင့် စက်မှုဥယျာဉ်စီမံကိန်းများအတွက် တင်ဒါအောင်မြင်ကြောင်း (၃၀-၁၂-၂၀၁၅) ရက်နေ့တွင် ကြေညာခဲ့ပြီး နိုင်ငံတကာသတ်မှတ်ချက်နှင့်အညီ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူဘောင်သဘောတူညီချက်ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကြောင့် ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်၊ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့ အထောက်အကူပြုနိုင်မည့် အထူးစီးပွားရေးဇုန်အဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

အခမ်းအနားသို့ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန်ဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်များ၊ ဥပဒေအကြံပေးများ၊ ဖိတ်ကြားထားသူများ၊ ပြည်တွင်း ပြည်ပသတင်း မီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီး မစ္စတာ လီချန်းပင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီး မစ္စတာ လီချန်းပင်းနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် တိုင်းရင်းသားလူမျိုးများ ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်နိုင်ငံဝန်ကြီးဌာနများ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကြိုးပမ်းနေမှုများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီဆောင်ရွက်နေမှုများနှင့် အဆိုပါလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများရှိ မြန်မာနိုင်ငံမှ တိုင်းရင်းသားလူမျိုးများအား ၎င်းတို့၏ အခွင့်အရေးများ နစ်နာဆုံးရှုံးနေသည်ဟု ယူဆမှုများအပေါ် လက်နက်ကိုင်၍ မဖြေရှင်းဘဲ ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲများတွင် ပါဝင်ညှိနှိုင်းဆွေးနွေးလာစေရေး ဝိုင်းဝန်းဖျောင်းဖျပေးရန် ကိစ္စရပ်များနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အကြောင်းအရာများ၊ နှစ်နိုင်ငံ ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုပြခန်းကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးမိစိန်က အမျိုးသားပြတိုက် ခင်းကျင်းပြသမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြသသည်။

ထို့နောက် ညနေ ၃ နာရီခွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီးတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် နှစ်နိုင်ငံတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးရေးရာဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများ၊ အတွေ့အကြုံများ၊ အကြံပြုချက်များကို ပူးပေါင်းဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံဝန်ထမ်းများအချင်းချင်း ဗဟုသုတများဖလှယ်နိုင်ရေးအတွက် အပြန်အလှန်သင်တန်းများ စေလွှတ်နိုင်ရေး၊ အမျိုးသားလူမျိုးစုရေးရာ ကော်မရှင်လက်အောက်ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်ထားသည့် သင့်လျော်သောဘာသာရပ်ဆိုင်ရာ သင်တန်းများတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများအား ပညာသင်များအဖြစ် တက်ရောက်နိုင်ရေး၊ နယ်စပ်ဒေသရှိတိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုပွဲတော်များကျင်းပရာတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံတိုင်းရင်းသားလူမျိုးများရေးရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန်လည်ပတ်ခြင်း၊ အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများ အပြန်အလှန်ဖိတ်ခေါ်၍ သတင်းအချက်အလက်များ၊ အတွေ့အကြုံများ မျှဝေနိုင်ရေးကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၆ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီး မစ္စတာ လီချန်းပင်းနှင့်အဖွဲ့အား ညစာဖြင့် တည်ခင်းညှော့ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းမြိုင်လယ်အတွက် ဥယျာဉ်မှူးကောင်း

ဒေါက်တာကြည်သွင် (အာကာသ)

**ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်၏ တရားတော်တစ်ပုဒ်တွင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝိပဿနာတရားအားထုတ်ရာ၌ ဆရာသမား၏အရေးသည် ရာနှုန်းပြည့်အရေးကြီးကြောင်း၊ ဆရာသင်ပြမှုမှားယွင်းပါက တစ်သံသရာလုံး နိဗ္ဗာန်မရောက်နိုင်ကြောင်း နာကြားရဖူးပါသည်။ ထို့အပြင် အဇာတသတ်မင်းသားသည် ဒေဝဒတ်ကို ဆရာတင်မှားသဖြင့် ဖခင်ဗိမ္ဗိသာရမင်းကြီးကိုသတ်၍ ထီးနန်းရယူခဲ့သည်ကို ထောက်ချင့်ကြည့်သော် ဆရာသမားကောင်းတစ်ဦး၏ အရေးပါမှုသည် လူတစ်ဦးတစ်ယောက်အတွက်သာမက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်ပါ အရေးကြီးကြောင်း ထင်ရှားစေပါသည်။**

နိုင်ငံတစ်ခု ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးသည် အဓိကရေသောက်မြစ်ဟုဆိုလျှင် ငြင်းဆို၍ ရအံ့မထင်။ ပညာရေးရည်မှန်းချက်တွင် နိုင်ငံသားတို့၏ တန်ဖိုးမြှင့်တင်ပေးရန်၊ ပညာအခြေခံလူ့အဖွဲ့အစည်းများ ပေါ်ထွန်းအားကောင်းလာရန်သည် အဓိကအချက်ဟုယူဆသည်။ ဖွံ့ဖြိုးပြီးနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကွဲပြားသည့်အချက်မှာ နိုင်ငံသားတို့၏ တန်ဖိုးနှင့် ပညာအခြေခံလူ့အဖွဲ့အစည်းများ ထွန်းကားမှု မတူညီခြင်းဖြစ်သည်။ ဆိုဗီယက် ပညာရေးပညာရှင် မကာရန်ကို (Makeranko) က "ကမ္ဘာ့အထွတ်အထိပ်သို့ ရောက်လိုလျှင် ပညာရေးကို မြှင့်တင်ခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပေ"ဟု မှတ်ချက်ပြုခဲ့သည်။ ထို့အတူ ဆရာကြီးဦးအောင်သင်းက "ပညာသာလျှင် လူမျိုး သာမည်၊ ပညာချာလျှင် လူမျိုးချာမည်"ဟု ပညာရေး၏ အရေးကြီးမှုကို မီးမောင်းထိုးပြခဲ့ဖူးသည်။

## နိုင်ငံသားတို့၏ ပညာရည်အဆင့်အတန်း

ပညာအခြေခံ၍ ဘက်စုံမှချဉ်းကပ် စဉ်းစားတွေးခေါ်နိုင်မှု၊ ပြဿနာများကို ကောင်းစွာဖြေရှင်းနိုင်မှု၊ ကျန်းမာရေး အသိချို့တဲ့မှု၊ ကိုယ်ချင်းစာနာစိတ်နည်းပါးမှုမှ အစပြု၍ ပညာချွန်းဖြင့် မအုပ်နိုင်သည့်အတွက် စစ်မက်ပဋိပက္ခများ၊ မငြိမ်းချမ်းမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံသားတို့၏ ပညာရည်အဆင့်အတန်းကို ဖော်ပြနေခြင်းဖြစ်သည်။ မိမိကိုယ်တိုင်က တာဝန်သိစိတ်၊ တာဝန်ယူစိတ်အားနည်းပြီး အခွင့်အလမ်းကို မိမိကိုယ်တိုင် ဖန်တီးနိုင်ခြင်းထက် တောင်းဆိုနေရုံသာတတ်သူများ၊ ဘက်စုံမျှတ စဉ်းစားခြင်းထက် မိမိဘက်ကသာ အခြေခံ၍ စဉ်းစားတတ်သဖြင့် ငါနှင့်မတူ ငါ့ရန်သူဟု တွေးခေါ်တတ်သူများ မည်သည့် အသက်အပိုင်းအခြားအထိ ဦးရေမည်မျှထိရှိနေသည်ကို စစ်တမ်းကောက်ကြည့်လျှင် နိုင်ငံသားတို့၏ ပညာရည်အဆင့်အတန်း (သို့မဟုတ်) တန်ဖိုးကို ခန့်မှန်းနိုင်ပါမည်။

ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကလည်း ထောင်စုနှစ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရည်မှန်းချက် (Sustainable Development Goals - SDG)၏ ပညာရေးရည်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် ကလေး သူငယ်ပေါင်း ၂၆၄ သန်းအတွက် ဆရာ ဆရာမပေါင်း ၆၉ သန်းလိုအပ်ကြောင်း ဖော်ပြထားသည်။ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းသာယာမှု၊ ကျန်းမာပျော်ရွှင်မှု စသည်တို့အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံသားတို့၏ ပညာရည်အဆင့်အတန်း မြှင့်တင်ပေးရန် လိုအပ်သည်ဟု ယူဆပါသည်။ ထို့ကြောင့် နိုင်ငံအသီးသီးတွင် လူတိုင်းအကျုံးဝင်သောပညာရေး၊ ဘက်စုံလွှမ်းခြုံမှုရှိသော ပညာရေးစနစ်များ တည်ဆောက်နိုင်ရန် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ကြကြောင်း လေ့လာသိရှိနိုင်သည်။

## ဆရာ ဆရာမများသည် အခရာကျ

ဤနေရာတွင် မဟာဗျူဟာများ မည်မျှပင် ကောင်းသည်ဖြစ်စေ ယင်းမဟာဗျူဟာများကို လက်တွေ့အကောင်အထည်ဖော်ကြမည့် ပညာရေးဝန်ထမ်းများ (Educators) တွင် အားနည်းချက်ရှိပါက အောင်မြင်စရာ အကြောင်းမရှိသည်ကို သတိမူသင့်ပါသည်။ ပညာရေးဝန်ထမ်းများအနက် ဆရာ ဆရာမများသည် ပို၍အခရာကျသည်ဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် အရည်အချင်းပြည့်ဝ၍ စံနမူနာကောင်းဖြစ်မှသာ နိုင်ငံ၏အနာဂတ်မျိုးဆက်များမှာ အရည်အချင်းပြည့်ဝပြီး နိုင်ငံလည်း တိုးတက်ငြိမ်းချမ်းသာယာနိုင်ပါမည်။

ဆရာသည် အဘယ့်ကြောင့် စံနမူနာကောင်းဖြစ်ရန် လိုပါသနည်း။ ကျောင်းနေသည့်အရွယ်မှစ၍ ကလေးများမှာ တစ်နေ့တာ အချိန်၏ သုံးပုံတစ်ပုံထက်မနည်း ဆရာ ဆရာမများနှင့် ထိတွေ့ကြရပြီး မိဘနှင့် နေချိန်ထက် ပိုများပါသည်။ ထို့ကြောင့် ဆရာ ဆရာမတို့၏ ပြုမူပြောဆိုမှု၊ ကိုယ်ကျင့်သိက္ခာ၊ စိတ်နေစိတ်ထား စသည်တို့သည် ကလေးများအပေါ်တွင် အနည်းနှင့်အများ အကျိုးသက်ရောက်ကြောင်း၊ မိဘများအပေါ်တွင် ဆိုးနွဲ့သလောက် ဆရာ ဆရာမကိုမူ ပို၍ရိုသေအားထားကြပြီး စကားနားထောင်ကြကြောင်း လေ့လာတွေ့ရှိနိုင်သည်။

## တာဝန်ရှိသော ဥယျာဉ်မှူးဖြစ်

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"ဟူသော ဆရာ့ဝတ္တရားငါးပါးကို ဖွင့်ဆိုထားရာ ဆရာသည် စာသင်ရုံသက်သက်မဟုတ်ဘဲ စိတ်ကိုပါသင်ပေးရန်၊ တန်ဖိုးရှိသောလူသားများအဖြစ် ပျိုးထောင်ပေးရန် တာဝန်ရှိသော ဥယျာဉ်မှူးတစ်ဦးဖြစ်သည်။

ကလေးများ၏ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ စသည့် ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ ယဉ်ကျေးမှု၊ ကျင့်ဝတ်၊ ကိုယ်ကျင့်တရားတို့ကို တန်ဖိုးထားထိန်းသိမ်းတတ်စေရန်၊ မကောင်းမှုကိုပြုရမှာ ရှက်ခြင်းကြောက်ခြင်းတည်းဟူသော ဟိရိဩတပ္ပတရားကို နားလည်လိုက်နာတတ်စေရန်၊ အနာဂတ်နိုင်ငံကို ဦးဆောင်သူများဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏အနာဂတ်မျိုးဆက်သစ်များကို ထုဆစ်ပုံဖော်နေခြင်းဖြစ်ကြောင်း ခံယူသင့်ပါသည်။ ပညာသင်ကြားပေးရာတွင် ကလေးများ၏ တွေးခေါ်ဆင်ခြင်နိုင်စွမ်း၊ စူးစမ်းလေ့လာနိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ စီမံခန့်ခွဲနိုင်စွမ်း၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်း၊ အမှား အမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်း ပြဿနာကို စနစ်တကျ ချဉ်းကပ်လျက် ကောင်းစွာဖြေရှင်းနိုင်စွမ်း၊ မိမိ၏အရည်အချင်းဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုနှင့်အတူ တရားမျှတသော ယှဉ်ပြိုင်နိုင်စွမ်းရည်များရှိအောင် အစဉ်လေ့လာ သင်ယူလိုစိတ်ရှိအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ နိုင်ငံကအားထားရမည့် အဖိုးတန်ရတနာလေးများ ဖြစ်လာနိုင်ပါမည်။

> **"ကျောင်းနေသည့်အရွယ်မှစ၍ ကလေးများမှာ တစ်နေ့တာအချိန်၏ သုံးပုံတစ်ပုံထက်မနည်း ဆရာ ဆရာမများနှင့် ထိတွေ့ကြရပြီး မိဘနှင့် နေချိန်ထက် ပိုများပါသည်။ ထို့ကြောင့် ဆရာ ဆရာမတို့၏ ပြုမူပြောဆိုမှု၊ ကိုယ်ကျင့်သိက္ခာ၊ စိတ်နေစိတ်ထား စသည်တို့သည် ကလေးများအပေါ်တွင် အနည်းနှင့်အများ အကျိုးသက်ရောက်ကြောင်း၊ မိဘများအပေါ်တွင် ဆိုးနွဲ့သလောက် ဆရာ ဆရာမကိုမူ ပို၍ရိုသေအားထားကြပြီး စကားနားထောင်ကြကြောင်း လေ့လာတွေ့ရှိနိုင်"**

ထို့အပြင် "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ နည်းညွှန်ပြ၍ ထွန်းပ ပညာ၊ လူ့ရွာဂုဏ်တင့်၊ အခြေမြင့်အောင်၊ ပို့ဆောင်ပေးသူ၊ ဆရာဟူလေ့"ဟူသည့် ဆုံးမစကားအရ ဆရာ ဆရာမ၏တာဝန်မှာ နိုင်ငံအနာဂတ်နှင့် ယှဉ်၍ လွန်စွာကြီးမားသည်ကို လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ အလေးမူသတိပြုသင့်ပါသည်။

ဆရာ ဆရာမနှင့်ပတ်သက်လျှင် ဝါသနာ၊ စေတနာ၊ အနစ်နာဟူသော နာသုံးနာနှင့် ပြည့်စုံသူများဖြစ်ကြောင်း ပြောလေ့ရှိသည်။ အမှန်တကယ် နာသုံးနာနှင့်ပြည့်စုံရဲ့လား မိမိကိုယ်မိမိ ဆန်းစစ်သင့်ပါသည်။ အမှန်တကယ်ဝါသနာမပါလျှင် အလုပ်၏ အဆင်မပြေမှုများကို သည်းခံနိုင်မှုနည်းပြီး အလုပ်အပေါ် တန်ဖိုးထားမှုနည်းတတ်ပါသည်။ ထို့အတူ စေတနာမပါလျှင် ရလဒ်မကောင်းနိုင်သကဲ့သို့ အနစ်နာခံစရာရှိလျှင် အနစ်နာခံ၍ တပည့်သားသမီးများ၏အကျိုးကို ရှေးရှုနိုင်ရန် လိုအပ်ပါသည်။ အမှန်စင်စစ် ဆရာဘဝတွင် ချမ်းသာမှုဆို၍ ကိုယ်ကျင့်သိက္ခာနှင့် စေတနာသာဖြစ်ရာ သိက္ခာကိုရိက္ခာနှင့်လဲပါက တန်ဖိုးအစစ်ပျောက်ကာ ဈေးနှုန်းသတ်မှတ်ထားသည့် အလုပ်တစ်ခုသာဖြစ်ပါမည်။ ဆရာသမားကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထား၍ ထည့်သွင်းသတ်မှတ်ထားသည့်အတွက် မိမိတို့အနေဖြင့် လခစားဝန်ထမ်းဆိုသည်ထက် ပို၍မြင့်မြတ် တန်ဖိုးရှိသည့်အလုပ်အဖြစ် တန်ဖိုးထား လေးစားသင့်ပါသည်။

## လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ

ဆရာ ဆရာမများအနေဖြင့် မိမိတို့ပညာသင်ပေးခြင်းသည် ကလေးများ၏ ကာယဗလ ... ဖြစ်လာနိုင်ပါမည်။

ဆရာ ဆရာမများကိုယ်တိုင်လည်း စံနမူနာယူထိုက်သူများဖြစ်စေရန် မိမိ၏အလုပ်ကို တန်ဖိုးထား မြတ်နိုးခြင်း၊ ယုံကြည်ထိုက်သူများဖြစ်အောင် ရိုးသားခြင်းနှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ အားကိုးထိုက်သူဖြစ်အောင် အရည်အချင်းပြည့်ဝခြင်းတို့ကို ဖြည့်ဆည်းပေးနေရန် လိုအပ်ပါသည်။ ထို့အပြင် တိုးတက်ပြောင်းလဲလာသည့် ပညာရေးစနစ်များ၊ ပညာ၏ သဘောတရား၊ လေ့လာသင်ယူမှု၊ သင်ကြားနည်းစနစ်များ တီထွင်ဖန်တီးမှုများကို အမြဲမပြတ်လေ့လာနေရမည့် "ထာဝရကျောင်းသား"များပင်ဖြစ်သည်။

## သိက္ခာကို ရိက္ခာဖြင့်မလဲဖို့လို

ငယ်ရွယ်စဉ်ကလေးဘဝ အခြေခံပညာမှစတင်၍ ပညာရည်အဆင့်အတန်းမြှင့်တင်နိုင်မှုမရှိလျှင် ကြီးလာချိန်တွင် လူ့အဖွဲ့အစည်း၊ နိုင်ငံအထိပါ အကျိုးသက်ရောက်မှု ရှိတတ်သဖြင့် အခြေခံကောင်းရန် သတိမူသင့်ပါသည်။ ထိုသို့ ပညာရည်အဆင့်အတန်းမြှင့်တင်ပေးနိုင်ရန်မှာ အရည်အချင်းပြည့်ဝပြီး စံနမူနာယူထိုက်သည့် ဆရာကောင်းများက လေ့ကျင့်ပျိုးထောင်ပေးရန်တာဝန်ရှိပါသည်။ အလားတူ အရည်အချင်းပြည့်ဝသည့် ဆရာကောင်းများ၊ နိုင်ငံ့အနာဂတ်မျိုးဆက်အတွက် အရေးပါသည့် တာဝန်အဖြစ် ခံယူတန်ဖိုးထားသည့် ဆရာကောင်းများဖြစ်လာစေရန်၊ သိက္ခာကို ရိက္ခာဖြင့် လဲလှယ်နေရသူများ မဖြစ်စေရန် ဆရာ ဆရာမများ၏ အလုပ်၊ လူနေမှုဘဝတို့ကို တန်ဖိုးထား အားပေးမြှင့်တင်ခြင်းကိုလည်း မဖြစ်မနေ အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

## အားပေးသင့်

အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီက "အိမ်များသည် တက္ကသိုလ်များဖြစ်၍ မိဘများသည် ဆရာများဖြစ်ကြသည်"ဟု ဆိုဖူးပါသည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း "လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ"ဆိုသည့် စကားရှိပါသည်။ မိဘများသည် လက်ဦးဆရာများဖြစ်သည်နှင့်အညီ မိမိတို့၏သားသမီးများကို ချစ်သည်ဆိုခြင်းထက် အဖိုးတန်လူသားအရင်းအမြစ်အဖြစ် ရှုမြင်ပြီး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ကလေးများကိုယ်တိုင် အမှားအမှန်ဝေဖန်ပိုင်းခြားတတ်အောင်၊ ဘက်စုံမှ စဉ်းစားတွေးခေါ်တတ်အောင်၊ ပြဿနာတစ်ခုကို စနစ်တကျကောင်းစွာဖြေရှင်းတတ်အောင်၊ အမှန်ကန်ဆုံး နည်းလမ်းဖြင့် ဆောင်ရွက်တတ်အောင်၊ တီထွင်ဖန်တီးမှုများ စိတ်ကူးအိပ်မက်များကို အကောင်းဆုံးနည်းလမ်းဖြင့် အကောင်အထည်ဖော်တတ်အောင် အားပေးသင့်ပါသည်။

မိဘဆုံးမမှု မရှိသဖြင့် ခိုးမှုဖြင့်အသတ်ခံရအံ့ဆဲဆဲတရားခံက မိခင်နားရွက်ကို ကိုက်ဖြတ်သည့်ပုံဝတ္ထုကို အားလုံးသိပြီးဖြစ်ပါသည်။ ထို့ကြောင့် "နာနာကျင်ကျင် အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလေ့" ဆိုသည်နှင့်အညီ ဆရာ ဆရာမများရော မိဘများပါ ကလေးများကို လမ်းမှန်ရောက်စေရန် နည်းမှန်လမ်းမှန်ဖြင့် ဆုံးမသွန်သင်ရပါမည်။ ထိုသို့မဟုတ်ဘဲ လိုတာထက်ပို၍ အလိုလိုက်ခြင်း၊ ကလေးများကို မိမိဘာသာဆုံးဖြတ်တတ်အောင် လေ့ကျင့်မပေးဘဲ မိဘသဘောဖြင့်သာ ဆုံးဖြတ်ခြင်း၊ နည်းမှန်လမ်းမှန် ဆုံးမသွန်သင်မှုမရှိခြင်းတို့၏ အကျိုးဆက်အဖြစ် မိမိကိုယ်မိမိ ယုံကြည် အားကိုးမှု၊ မှန်ကန်စွာဆုံးဖြတ်နိုင်မှု၊ လိမ္မာယဉ်ကျေးမှု၊ သင့်၏မသင့်၏ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်မှု၊ မိမိ၏အခွင့်အလမ်းကို ကိုယ်ပိုင်အရည်အချင်းဖြင့် ဖန်တီးနိုင်မှုစသဖြင့် လူသား၏အရည်အသွေး၊ တန်ဖိုးများ ကွယ်ပျောက်နေသည်ကို သတိကြီးစွာထားသင့်ပါသည်။

## ပညာရေးသည် နိုင်ငံတစ်ခု၏ ရေသောက်မြစ်

ပညာရေးသည် နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းသာယာမှု၊ ကျန်းမာပျော်ရွှင်မှု၏ ရေသောက်မြစ်တစ်ခုဖြစ်သည်ဟု ဆိုခဲ့သည့်အတိုင်း လက်ဦးဆရာ မိဘအပါအဝင် ဆရာ ဆရာမများ၊ ပညာရေးစီမံခန့်ခွဲသူများက ပညာရေး၏ တန်ဖိုး၊ နိုင်ငံအတွက် အရေးကြီးပုံကို အမှန်တကယ် နားလည်သဘောပေါက်ပြီး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပါမှ၊ အမြော်အမြင်ရှိရှိ တွဲလက်ညီညီဖြင့် ကြိုးစားအားထုတ်ပါမှ အနာဂတ်မျိုးဆက်သစ်တို့ လက်ထက်တွင် တိုးတက်မှု၊ ငြိမ်းချမ်းသာယာဝပြောမှုတို့ ကျန်ရစ်နိုင်မည်ဖြစ်ပါသည်။

သာယာလှပသော ပန်းမြိုင်လယ်ကြီးတစ်ခုအဖြစ် ပုံဖော်နိုင်ရန်မှာ အရည်အချင်းပြည့်ဝသည့် ဥယျာဉ်မှူး၏ အပေါ် တွင် မူတည်ပါသည်။

ထို့ကြောင့် နိုင်ငံတိုင်း၏ ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ တန်ဖိုးရှိသော လူသားအရင်းအမြစ်များအဖြစ် မွေခံကောင်းများ ချန်ရစ်နိုင်အောင် ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သော ဆရာ ဆရာမများကို စံနမူနာယူထိုက်သည့် ဆရာများဖြစ်အောင် ကြိုးစားကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။ ။

---

# မြို့နယ်ပညာရေးဖွံ့ဖြိုးတိုးတက်မှု စီမံချက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မာန်အောင် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် Unicef တို့ပူးပေါင်းပြီး မြို့နယ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံချက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်က အခြေခံပညာအထက်တန်းကျောင်း အောင်ဇေယျာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို အခြေခံပညာဦးစီးဌာန (နေပြည်တော်)ဦးစီးအရာရှိ ဒေါ်ကေသီနွယ်၊ မြို့နယ် ဒုတိယပညာရေးမှူး ဦးကျော်ကျော်နိုင်တို့က ဦးဆောင်ဆွေးနွေးကာ ယင်းဆွေးနွေးပွဲမှ ရရှိလာသော အချက်အလက်များကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြမည်ဖြစ်ကြောင်း၊ ကျောင်းများတွင် အိမ်သာ၊ သောက်သုံးရေ၊ မူးယစ်ဆေးဝါး၊ အဆောက်အအုံ၊ ပရိဘောဂ၊ မူကြိုကျောင်း၊ လျှပ်စစ်မီး၊ ယာဉ်အန္တရာယ်ဆိုင်ရာ လိုအပ်ချက်ရှိသော ကိစ္စရပ်များကို ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်စာရင်းစစ်ဦးစီးမှူး၊ မြို့နယ်စီမံကိန်းဦးစီးမှူး၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းဇေ (ပြန်/ဆက်)**

# (၂၆) ရုံမြောက် မင်္ဂလာအဆင့်မြင့် (တာမွေ) ရုပ်ရှင်ရုံသစ် ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၈

**လူဦးရေ ၄၂၆ ဦးခန့် ကြည့်ရှုနိုင်မည့် မင်္ဂလာအဆင့်မြင့် (တာမွေ) ရုပ်ရှင်ရုံသစ်ကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဗညားဒလလမ်း (အောင်မင်္ဂလာမှတ်တိုင်အနီး) ၌ ဖွင့်လှစ်လိုက်သည်။**




အသစ်ဖွင့်လှစ်လိုက်သည့် မင်္ဂလာအဆင့်မြင့်(တာမွေ) ရုပ်ရှင်ရုံသစ် အဆောက်အအုံကို တွေ့ရစဉ်။

အဆိုပါ ရုပ်ရှင်ရုံဖွင့်ပွဲနှင့်စပ်လျဉ်း၍ မင်္ဂလာကုမ္ပဏီ မန်နေဂျာ ဦးစောလွင်က "ဒီမြို့နယ်မှာရှိတဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေ သက်သောင့်သက်သာနဲ့ ရုပ်ရှင်ရဲ့ အရသာကို ကြည့်ရှုခံစားနိုင်ဖို့ ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ ရုပ်ရှင်ရုံကြီးကို နိုင်ငံတကာ စံချိန်မီ ဆောင်ရွက်ထားပါတယ်" ဟု ပြောသည်။

မင်္ဂလာအဆင့်မြင့် (တာမွေ) ရုပ်ရှင်ရုံသစ်တွင် 2D၊ 3D၊ Cinema-1၊ Cinema-2 ဟူ၍ နှစ်ရုံရှိပြီး ဖွင့်ပွဲအနေဖြင့် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဏကြီး ရိုက်ကူးသည့် "မီ" ဇာတ်ကားနှင့် "Thugs of Hindostan" နိုင်ငံခြားဇာတ်ကားတို့ကို နိုဝင်ဘာ ၉ ရက်တွင် စတင်ပြသသွားမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ရုံတွင် နိုင်ငံခြားရုပ်ရှင်များနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများကို အလှည့်ကျပြသသွားမည်ဖြစ်ပြီး Cinema-1 တွင် ၂၁၃ ခုံနှင့် Cinema-2 တွင် ၂၁၃ ခုံ စုစုပေါင်း လူဦးရေ ၄၂၆ ဦး ကြည့်ရှုနိုင်မည်ဖြစ်သည်။ ယနေ့တွင် "မီ" မြန်မာရုပ်ရှင်ကားနှင့် "Thugs of Hindostan" နိုင်ငံခြားရုပ်ရှင်ကားတို့ဖြင့် ဖွင့်လှစ်ပြသခဲ့ပြီး ပွဲစဉ်များအနေဖြင့် နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ညနေ ၆ နာရီခွဲ၊ ည ၉ နာရီခွဲအထိ တစ်နေလျှင် ငါးပွဲ ပြသသွားမည်ဖြစ်ကာ လက်မှတ်နှုန်းထားများကို 2D တွင် ကျပ် ၁၅၀၀၊ ၂၅၀၀၊ ၃၀၀၀၊ ၄၅၀၀ နှင့် 3D တွင် ကျပ် ၂၀၀၀၊ ၃၀၀၀၊ ၃၅၀၀ နှင့် ၅၀၀၀ သတ်မှတ်ထားသည်။

ယနေ့ဖွင့်လှစ်သည့် မင်္ဂလာအဆင့်မြင့် (တာမွေ) ရုပ်ရှင်ရုံသည် မင်္ဂလာကုမ္ပဏီ၏ ၂၆ ရုံမြောက် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်စတူဒီယိုများ မွမ်းမံပြင်ဆင်ပေးခြင်း၊ ရုပ်ရှင်အတတ်ပညာနှင့် နည်းပညာများ ဆွေးနွေးတိုင်ပင်နိုင်မည့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။



ဦးစောလွင်
မင်္ဂလာကုမ္ပဏီ မန်နေဂျာ



ပိုင်ဖြိုးသု
သရုပ်ဆောင်

အဆိုပါစင်တာတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ ဇာတ်ညွှန်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကို လစဉ်၊ အပတ်စဉ် ကျင်းပပေးလျက်ရှိပြီး မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားခြင်း၊ အပြန်အလှန် ဆွေးနွေးတိုင်ပင်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်မှုမှာ ၂၀၁၄ ခုနှစ်တွင် ကိုးကား၊ ၂၀၁၅ ခုနှစ်တွင် ၃၂ ကား၊ ၂၀၁၆ ခုနှစ်တွင် ၉၈ ကား၊ ၂၀၁၇ ခုနှစ်တွင် ၁၅၈ ကားနှင့် ၂၀၁၈ ခုနှစ် ယခုလအထိ ဇာတ်ကား ၁၂၄ ကားအထိ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားများကို ပြသရန် ရုပ်ရှင်ရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိပြီး ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုပ်ရှင်ရုံများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ချိတ်ဆက်စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံး၌ ၂၀၁၃ ခုနှစ်တွင် ရုပ်ရှင်ရုံ ၁၉ ရုံ၊ ပိတ်ကား ၁၉ ခု ရှိခဲ့ရာမှ ယခုအခါ ရုပ်ရှင်ရုံ ၁၁၆ ရုံ၊ ပိတ်ကား ၁၃၆ ခုအထိ တိုးမြှင့်ဖွင့်လှစ်လာနိုင်ခဲ့သည်။

ရုပ်ရှင်ရုံများ တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ ရုပ်ရှင်သရုပ်ဆောင် ပိုင်ဖြိုးသုက "ရုပ်ရှင်ရုံတွေ များများပေါ်လာလေ ပိုကောင်းလေ၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာဖို့ဆိုရင် ရုပ်ရှင်ရုံတွေ အများကြီးလိုအပ်ပါတယ်။ အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲမှာ ကိုယ့်ရဲ့ကားလေးကို ပြသခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်" ဟု ပြောသည်။

"ရုပ်ရှင်ရုံတစ်ရုံ ထပ်တိုးလာတော့ ရုပ်ရှင်လောကအတွက် အထောက်အကူဖြစ်ပါတယ်။ အနုပညာသမားတွေအတွက်ကတော့ ရုပ်ရှင်ရုံအရေအတွက်တွေ နည်းနေတဲ့အတွက် ရုပ်ရှင်ကားတွေ ရုံတင်ပြသဖို့ အခက်အခဲတွေရှိပါတယ်။ ရုပ်ရှင်ရုံတွေ ထပ်တိုးလေ ပိုကောင်းလေ၊ ဘာပဲဖြစ်ဖြစ် ကျေနပ်တယ်၊ ပီတိဖြစ်ပါတယ်" ဟု ရုပ်ရှင်သရုပ်ဆောင် ခွန်းဆင့်နေခြည်က ပြောသည်။

အဆိုပါ ရုပ်ရှင်ရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ချစ်ပရိသတ်များနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။

**သတင်း- ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး အိန္ဒိယနိုင်ငံလုပ်ငန်းရှင်များနှင့် တွေ့ဆုံမည်

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု တိုးတက်နိုင်ရေး အမေရိကန်နှင့် ဥရောပနိုင်ငံများသာ အားကိုးမနေဘဲ နီးစပ်ရာအိမ်နီးချင်းနိုင်ငံများကိုလည်း မိတ်ဖက်နိုင်ငံများအဖြစ် သွားရောက်ကာ ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေး ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးထွန်းထွန်းနိုင် (အလုပ်အမှုဆောင်ကော်မတီဝင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)က ပြောကြားသည်။

ယနေ့ မွန်းလွဲ ၂ နာရီတွင် UMFCCI ၌ ပြည်တွင်းမီဒီယာများနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အလုပ်အမှုဆောင်ကော်မတီဝင် ဦးထွန်းထွန်းနိုင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

နှစ် (၇၀) ပြည့် သံတမန်ဆက်ဆံရေးအထိမ်းအမှတ်အနေဖြင့် အိန္ဒိယနိုင်ငံ မြန်မာသံရုံးမှ ဦးစီးကျင်းပမည့် Myanmar Day အား လာမည့်နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသွားမည် ဖြစ်သည်။ အဆိုပါအခမ်းအနား၌ UMFCCI က ဦးစီးကျင်းပမည့် Invest Myanmar Summit ကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ Invest Myanmar Summit မှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် အလားအလာရှိသော စီးပွားရေးလုပ်ငန်းရှင်များကို တိုက်ရိုက်တွေ့ဆုံကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၁၂ ရက် နယူးဒေလီမှာ ကျင်းပမယ့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတွေ့ဆုံပွဲ roadshow ဖျော်ဖြေရေးအစီအစဉ်ဟာဆိုရင် MIC နဲ့




ဦးထွန်းထွန်းနိုင် (UMFCCI အလုပ်အမှုဆောင်ကော်မတီဝင်)

UMFCCI တို့က မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေကို သရုပ်ပြ တင်ဆက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အဖွဲ့အစည်းနှစ်ရပ်လုံးဟာ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်ကို ပိုမိုကောင်းမွန်ပြီး စိတ်ဝင်စားမှု ပိုမိုရှိလာအောင် အစွမ်းကုန်ကြိုးပမ်းလျက်ရှိပါတယ်။ မကြာမီအချိန်အတွင်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် MIC က ဦးဆောင်ပြီး ဒုတိယခြေလှမ်းအနေနဲ့ ပြီးခဲ့တဲ့လက ဟောင်ကောင်မှာ MIC ရဲ့ဥက္ကဋ္ဌက ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေတဲ့ ဟောင်ကောင်ရင်းနှီးမြှုပ်နှံမှုကော်မတီကို ရင်းနှီးသောဆက်ဆံမှုနဲ့ ကူညီထောက်ပံ့ပေးခဲ့ပါတယ်" ဟု ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ နိုင်ငံအတွက် ဘယ်လိုရင်းနှီးမြှုပ်နှံမှုမျိုးတွေက အကျိုးရှိမလဲဆိုတာကို တက်ကြွစွာနဲ့ နှစ်မြှုပ်ပြီး ရှာဖွေဖို့အတွက် လိုအပ်ပါတယ်။ ပုဂ္ဂလိက၊ အစိုးရနဲ့ဆိုင်တဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးအတွက်ဆိုရင် ကျွန်တော်တို့ဟာ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေကိုပဲ အားကိုးနေမယ့်အစား အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်နဲ့ အခြားအရှေ့တောင်အာရှနိုင်ငံတွေက အရေးကြီးတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာနိုင်ဖို့ ကြိုးပမ်းရမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ အိန္ဒိယနိုင်ငံခရီးစဉ်သို့ UMFCCI မှ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာပြည်နယ်ဝန်ကြီး လိုက်ပါသွားကြမည်ဖြစ်ပြီး အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံရေး အခွင့်အလမ်းကောင်းများအတွက် အဓိကထား ဆွေးနွေးသွားမည်ဖြစ်သည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## အရိုးရောဂါအထူးကုဆေးရုံကြီးကို အဆင့်မြှင့်တင်သည့်အနေဖြင့် အထပ် ငါးထပ်ပါဝင်သော အဆောက်အအုံသစ်တစ်လုံးကို တိုးချဲ့ဆောက်လုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ် အရိုးရောဂါအထူးကုဆေးရုံကြီးကို အဆင့်မြှင့်တင်သည့်အနေဖြင့် အထပ် ငါးထပ်ပါဝင်သော အဆောက်အအုံသစ်တစ်လုံးကို တိုးချဲ့ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံသစ် ဆောက်လုပ်မည့်နေရာသည် ယခင်က အရိုးရောဂါအထူးကုဆေးရုံဝင်းအတွင်း အရိုး၊ အကြော၊ အဆစ်များ ပြန်လည်သန်စွမ်းရေးအတွက် လေ့ကျင့်ရေးဌာနအဖြစ် အသုံးပြုခဲ့သည့်နေရာဖြစ်ကြောင်း တွေ့ရသည်။

အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန တည်ဆောက်ရေး (၁) အဆောက်အဦအထူးအဖွဲ့ (၁) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ခင်သင့်ရာမွှေးက ကြီးကြပ်၍ တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆောက်အအုံသစ်မှာ ငါးထပ်အဆောက်အအုံ အာရ်စီအမျိုးအစားဖြစ်ပြီး အလျား ၁၅၄ ပေ × အနံ ၉၁ ပေရှိ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်မည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရရှိရန်ပုံငွေပေါ်မူတည်၍ အပြီးတည်ဆောက်သွားနိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

ကြည့်မြင်တိုင် အရိုးရောဂါအထူးကုဆေးရုံကြီးသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီးဖြစ်ပြီး လာရောက်ကုသသူလူနာများအတွက် အခမဲ့ကုသပေးသော ဆေးရုံတစ်ရုံဖြစ်သည်။ လူနာများအတွက် ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးလျက်ရှိပြီး အနည်းငယ်လိုအပ်သော ဆေးဝါးမှလွဲ၍ ကျန်ဆေးနှင့် ဆေးပစ္စည်းအားလုံးကို အခမဲ့ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**



# သထုံမြို့နယ် ကတိုက်ကလေးကျေးရွာ၌ ရေထုတ်မြောင်းပိတ်ဆို့ထားမှုအား ပြည်နယ်စိုက်ပျိုးရေးဝန်ကြီး ကွင်းဆင်းစစ်ဆေးပြီး တူးဖော်ရှင်းလင်းပေး

သုဝဏ္ဏဝတီ နိုဝင်ဘာ ၈

**မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးရှိ ကတိုက်ကလေးကျေးရွာတောင်ပိုင်း၌ နိုဝင်ဘာ ၇ ရက် နံနက် ၁၁ နာရီက ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းငွေနှင့်အဖွဲ့သည် အိမ်တစ်အိမ်မှ ၎င်းတို့ပိုင်မြေဟုဆိုကာ ခြံကာပိတ်ဆို့မှုကြောင့် ရေစီးဆင်းရန်လမ်းကြောင်းမရှိသဖြင့် ရေထုတ်မြောင်းပိတ်ဆို့ထားခြင်းအား ပြန်လည်ဖွင့်လှစ်ရန်အတွက် အများပြည်သူ၏ တင်ပြလာမှုကို ကတိုက်ကလေးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဖက်သက်ဆိုင်သူများနှင့်တွေ့ဆုံပြီး အဆိုပါနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် အဆိုပါ ရေထုတ်မြောင်းနေရာအား တူးဖော်ရှင်းလင်းပေးခဲ့သည်။** (အောက်ပုံ)



ရေထုတ်မြောင်း ပိတ်ဆို့ထားမှုအတွက် "ဒီတံတား နေရာက အစိုးရက လုပ်ပေးထားတာ။ ရေထုတ်မြောင်းက နဂိုကတည်းကရှိနေတာ၊ နှစ်ပေါင်းကြာနေပြီ။ ရေထုတ်မြောင်းဘေးက အိမ်တစ်အိမ်က ရိုးမြေကိုမြေကြီးဖို့ ရိုးပေါက်ကို ပိတ်လိုက်တော့ ရေစီးရေလာမကောင်းတော့ဘဲ တစ်ဖက်လယ်မြေတွေက ရင့်မှည့်နေတဲ့ စပါးခင်း ဧက ၈၀ လောက်မှာ ရေက ဒူးခေါင်းလောက်မြုပ်နေတဲ့အတွက် ရိတ်သိမ်းဖို့ အခက်အခဲတွေ ဖြစ်နေတယ်။ ဒီလိုမြေကြီးဖို့ပြီး ပိတ်ဆို့ထားလို့ လယ်သမားအများစု အခက်အခဲ ဖြစ်နေတဲ့အတွက် ရေထုတ်မြောင်းဖောက်ပေးဖို့ သက်ဆိုင်ရာကို တင်ပြတောင်းဆိုတာပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါမြေနေရာက စားကျက်မြေဖြစ်ပြီး ရေထုတ်မြောင်းမရှိတော့သည့်အတွက် မိုးရာသီတွင် ကျေးရွာချင်းဆက်လမ်းပေါ်တွင် ရေလွှမ်းမိုးမှုကြောင့် ပြည်သူများ သွားလာမှုခက်ခဲသည့်အပြင် စပါးပျိုးခင်းများ အကြိမ်ကြိမ် ရေနစ်မြုပ်မှုများဖြစ်ပေါ်နေကြောင်း၊ ယခု ယာယီရေထုတ်မြောင်း ပြုလုပ်ပေးပြီး စပါးရိတ်သိမ်းပြီးပါက ပြန်လည်မြေဖို့ပေးရန် မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးဆောင်၍ ဆောင်ရွက်ပေးပါမည်ဟု ယမန်နေ့က ပြည်နယ်ဝန်ကြီးက ပြောကြားသော်လည်း နှစ်ဖက်သဘောမတူမှုများ ဖြစ်ပေါ်နေသောကြောင့် ဆက်လက်၍ ပြည်နယ်အစိုးရသို့ဆက်လက်တင်ပြပြီး အဆိုပါနေရာအား အချိန်နှင့်တစ်ပြေးညီ အများပြည်သူအကျိုးကို ရှေးရှု၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီး က ပြောသည်။

အဆိုပါနေရာသို့ ပြည်နယ်ဝန်ကြီးနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် ရေအရင်းအမြစ်အသုံးချရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးသန်းငွေ၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ဝင်း၊ သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များက လာရောက်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**


# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း (၁၀/၂၀၁၈)အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တာဝန်ရှိသူများက ၆၆ ကေဗွီ ရသေ့တောင် - ဘူးသီးတောင် ဓာတ်အားလိုင်း(၃၃) မိုင်၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် Powergen Kyaukse Company Limited တို့အကြား လျှပ်စစ်ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းနှင့် VPower Holdings Limited တို့အကြား လျှပ်စစ်ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း၊ မောင်တောခရိုင် ဘူးသီးတောင်မြို့တွင် ၂၄ နာရီ ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်မှု၊ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ရန်ကုန် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်းများ လဲလှယ်ခြင်း၊ သန်လျင်(၂) CNG (031) ဆိုင်သို့ ဆက်သွယ်ထားသော ၄ လက်မ ပိုက်လိုင်းဓာတ်ငွေ့ ယိုစိမ့်ရာမှ မီးလောင်ခြင်းဖြစ်ပွားခဲ့မှုအား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ ပိုမိုစနစ်ကျသည့် စက်သုံးဆီအရောင်းဆိုင်များပေါ်ထွန်းလာရေး ဆောင်ရွက်နေမှု၊ ကုန်းတွင်းပိုင်းလုပ်ကွက် အမှတ် IOR - 7 တွင် ရှာဖွေရေးတွင်းအမှတ် စိန်စည်တော်-၁ စတင် တူးဖော်ခြင်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာသည့် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ခေတ်မီစက်သုံးဆီအရောင်းဆိုင်များအဖြစ် မွမ်းမံတည်ဆောက်နိုင်ရေး သက်ဆိုင်ရာအရောင်းဆိုင်များသို့ ကြိုတင်အသိပေးဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၈**

စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ခွင့်ပြုရရှိခဲ့သော စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မီးဘေးအန္တရာယ် လုံခြုံစိတ်ချရသော ခေတ်မီ စက်သုံးဆီအရောင်းဆိုင်များအဖြစ် ပြုပြင်မွမ်းမံ တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာအရောင်းဆိုင်များသို့ ကြိုတင်အသိပေး အကြောင်းကြား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက ပြုလုပ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေး အခမ်းအနားမှ သိရသည်။

**သက်တမ်းတိုးမြှင့်ခွင့်ပြုမည်မဟုတ်**

အဆိုပါ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် သတ်မှတ်ကာလအတွင်း ပြုပြင်မွမ်းမံ တည်ဆောက်နိုင်ခြင်း မရှိပါက ၂၀၁၉ ခုနှစ် နောက်ပိုင်းတွင် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင် သက်တမ်း တိုးမြှင့်ခွင့်ပြုတော့မည်မဟုတ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားသည်။

"နိုင်ငံအနှံ့အပြားမှာ စက်သုံးဆီ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ဖို့အတွက် စက်သုံးဆီဆိုင်အသစ်တွေကို တည်ဆောက် ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ အရင်တုန်းကတော့ တရားမဝင်ရောင်းကြတာပေါ့။ အိမ်တွေမှာ မြို့အထွက်တွေမှာ သက်ဆိုင်ရာ ဒေသအာဏာပိုင်က သတ်မှတ်ပေးတဲ့နေရာတွေမှာ ရောင်းကြတယ်။ အဲဒီလို လိုင်စင်မရှိဘဲ ရောင်းနေတဲ့ စက်သုံးဆီအရောင်းဆိုင်တွေကို အဲဒီကာလတုန်းက တရားဝင်ဖြစ်လာအောင်နဲ့ နိုင်ငံတော်အနေနဲ့ အခွန်အခလည်းရအောင် ဖြေလျှော့ပြီး ခွင့်ပြုခဲ့တဲ့ဆိုင်တွေ ရှိပါတယ်။ တချို့ဆို အိမ်ရှေ့မှာတင် ပန့်လေးထုတ်ပြီး သိုလှောင်ကန်ထည့်ပြီးတော့ ရောင်းတာတွေရှိတယ်။ စနစ်တကျမရှိဘူးပေါ့။ အခုကတော့ စက်သုံးဆီအရောင်းဆိုင်ဆောက်မယ်ဆိုရင် ဆောက်မယ့်ပုံစံအသေးစိတ်ကို အရင်ဦးဆုံးလာရောက်တင်ပြပြီး အဲဒီအပေါ်မှာ သတ်မှတ်ထားတဲ့စံအတိုင်း ဆောက်နိုင် မဆောက်နိုင်ဒါတွေကိုကြည့်ပြီးမှ ခွင့်ပြုတာဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်လောက်တုန်းကတော့ ပုံစံတွေ ဘာတွေမပါဘူး။ သက်ဆိုင်ရာဒေသအာဏာပိုင်တွေက ထောက်ခံရင် လိုင်စင်ထုတ်ပေးခဲ့တာဖြစ်ပါတယ်။



**ပုဂ္ဂလိကစက်သုံးဆီဆိုင်တစ်ဆိုင်၌ ဆီရောင်းချနေမှုကို တွေ့ရစဉ်။**

**လိုင်စင်ရပ်ဆိုင်းမည်**

"အခုနောက်ပိုင်းမှာတော့ စက်သုံးဆီအရောင်းဆိုင်တွေကို ဆိုင်အလိုက် ဆိုင်အလိုက် ဒီဆိုင်ကတော့ ခေတ်မီစက်သုံးဆီဆိုင် အဆင့်မမီတဲ့အတွက် မွမ်းမံပြုပြင်တည်ဆောက်ပါ။ တည်ဆောက်ရင် ၂၀၁၉ ခုနှစ်နောက်ပိုင်းမှာလိုင်စင်ချပေးမယ်။ စည်းကမ်းနဲ့အညီ မလိုက်နာဘဲ မဆောက်နိုင်ဘူးဆိုရင် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ချပေးမှာမဟုတ်ပါဘူး။ လိုင်စင်ရပ်ဆိုင်းသွားမှာဖြစ်ပါတယ်။ လုံခြုံစိတ်ချရတဲ့ ဆိုင်မျိုးမဟုတ်ရင် လိုင်စင်သက်တမ်းတိုးပေးမှာ မဟုတ်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပိုမိုစနစ်ကျသည့် စက်သုံးဆီအရောင်းဆိုင်များ ပေါ်ထွန်းလာရေးအတွက် ပြုပြင်မွမ်းမံရန် လိုအပ်သည့် စက်သုံးဆီဖြန့်ဖြူးရောင်းချသည့်ဆိုင်များကို ယခုလအတွင်း အကြောင်းကြားသွားမည်ကြောင်း၊ စက်သုံးဆီ အရောင်းဆိုင်အသစ်နှင့် စက်သုံးဆီ သိုလှောင်ကန်စခန်းအသစ် တည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်သူများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားစေပြီး စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များကို စိစစ်ခွင့်ပြုထုတ်ပေးခဲ့ကြောင်း၊ ယနေ့အထိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ၂၃၅၆ ဆိုင်အား စက်သုံးဆီဖြန့်ဖြူး ရောင်းချခွင့် လိုင်စင်ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။


**ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်**

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သိခ်**

# Weekly Eleven ၌ ဖော်ပြခဲ့သည့် “အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေ ပိတ်ရေး၊ ချေးငွေဘယ်သူမှန်းမသိတဲ့ ကျောင်းကားနဲ့ လူအမည်ပေါက် ပြည်သူ့ရှယ်ယာ” ဆောင်းပါးနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က သတင်းမီဒီယာများအား ရှင်းလင်း

နေပြည်တော်  နိုဝင်ဘာ  ၈

**၂၀၁၈ ခုနှစ် အောက်တိုဘာ ၈ ရက်ထုတ် Weekly Eleven ၌ ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ဖြိုးဝေ၏ “အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေ ပိတ်ရေး၊ ချေးငွေဘယ်သူမှန်းမသိတဲ့ ကျောင်းကားနဲ့ လူအမည်ပေါက် ပြည်သူ့ရှယ်ယာ” ဆိုသည့် ဆောင်းပါးနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့နံနက်ပိုင်းတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းခဲ့ပါသည်။**

**ထိုသို့ သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ ရှင်းလင်းပြောကြားချက်များကို ဖော်ပြလိုက်ပါသည် -**




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သတင်းမီဒီယာများအား ရှင်းလင်းပြောကြားစဉ်။

**ဦးဖြိုးမင်းသိန်း (ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်)**

ယနေ့ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံတဲ့ ရည်ရွယ်ချက်ကို ကျွန်တော် ပြောပြပါရစေ။ အဲဒါကတော့ ၈-၁၀-၂၀၁၈ ရက်နေ့က Weekly Eleven မှာ ဖော်ပြခဲ့တဲ့ ဆောင်းပါးရှင် ဖြိုးဝေရဲ့ အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေ ပိတ်ရေး၊ ချေးငွေဘယ်သူမှန်းမသိတဲ့ ကျောင်းကား၊ လူအမည်ပေါက် ပြည်သူ့ရှယ်ယာဆိုတဲ့ ဆောင်းပါးမှာ ဆောင်းပါးရဲ့နောက်ဆုံးကောက်ချက်ဖြစ်တဲ့ ပြီးခဲ့တဲ့ အနှစ် ၅၀ တုန်းကလည်း ဒီလိုပဲ ပြည်သူ့ဘဏ္ဍာငွေတွေကို လူအမည်ပေါက်တွေအဖြစ်နဲ့ ပြည်သူ့ဘဏ္ဍာတွေကို ယူခဲ့တယ်။ ယခု ငါးနှစ်သက်တမ်းတောင် မပြည့်သေးတဲ့ အစိုးရမှာလည်း ဒီလိုမျိုး ပြည်သူ့ဘဏ္ဍာငွေတွေကို လူပုဂ္ဂိုလ်နာမည်နဲ့ ရယူနေတယ်ဆိုတဲ့ နောက်ဆုံးနိဂုံးချုပ် ကောက်ချက်၊ ဖော်ပြချက်နဲ့ပတ်သက်ပြီး Eleven Media Group ကို တရားစွဲဆို ဆောင်ရွက်ခဲ့ပါတယ်။ တရားစွဲဆိုဆောင်ရွက်ခဲ့မှုနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိရှိနိုင်ဖို့အတွက် ဒီနေ့အကြမ်းဖျင်း အချို့အချက်တွေကို ရှင်းပြချင်ပါတယ်။

အဓိကစပြီး ရှင်းပြရမယ်ဆိုရင် ကျွန်တော်တို့ကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လွှတ်တော်ကနေပြီး ဘတ်ဂျက်ငွေ ပေးခဲ့ပါတယ်။ အဲဒီဘတ်ဂျက်ငွေဟာ ကျွန်တော်တို့ အစိုးရသစ် စတာဝန်ယူခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စပြီးသုံးစွဲခွင့်ရခဲ့တဲ့ BE ဘတ်ဂျက်မှာရခဲ့တာ မဟုတ်ပါဘူး။ ဖြည့်စွက်ဘတ်ဂျက်မှာ ငွေကျပ် ၁၃၄ ဘီလီယံကို ရင်းနှီးမြှုပ်နှံဖို့အတွက် ကျွန်တော်တို့ သုံးစွဲခွင့်ရခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံဖို့အတွက် သုံးစွဲခွင့်ရခဲ့တယ်ဆိုတဲ့ အခြေအနေကို လွှတ်တော်ကနေပြီး ကဏ္ဍနှစ်ခုမှာ သုံးစွဲဖို့အတွက် အတည်ပြုပေးခဲ့ပါတယ်။ တစ်ခုက ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးနဲ့ပတ်သက်တဲ့ ကဏ္ဍမှာ သုံးဖို့ဖြစ်ပါတယ်။ နောက်တစ်ခုက အိမ်ရာစီမံကိန်းတွေနဲ့ ပတ်သက်တဲ့ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသုံးစွဲဖို့အတွက် ဖြစ်ပါတယ်။

### ရင်းနှီးမြှုပ်နှံသုံးစွဲမှု

ဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဒါကို ရင်းနှီးမြှုပ်နှံမှုပြုခဲ့ပါတယ်။ တစ်ခုက သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ပတ်သက်ပြီး ကုမ္ပဏီနှစ်ခုမှာ ငွေကျပ် ၃၅ ဘီလီယံစီနဲ့ စုစုပေါင်း ငွေကျပ် ၇၀ ဘီလီယံ သုံးစွဲခဲ့ပါတယ်။ နောက်တစ်ခုက ဆောက်လုပ်ရေးကဏ္ဍ နယ်ပယ်အတွက် Yangon Metropolitan Development ကုမ္ပဏီမှာ ငွေကျပ် ၅၄ ဘီလီယံနဲ့ ရန်ကုန်မြို့သစ်ဖွံ့ဖြိုးရေးကုမ္ပဏီမှာ ငွေကျပ် ၁၀ ဘီလီယံ မြှုပ်နှံသုံးစွဲခဲ့ပါတယ်။ ဒီမြှုပ်နှံသုံးစွဲမှုတွေနဲ့ ပတ်သက်ပြီး လူတွေက ပြောဆိုဆွေးနွေးကြတဲ့ အခြေအနေ၊ အများပြည်သူတွေသိရှိတဲ့ အခြေအနေနဲ့ မီဒီယာတွေပေါ်မှာ ရေးနေတဲ့ အနေအထားတွေအပေါ်မှာ ကွဲလွဲချက်တွေရှိနေပါတယ်။

အဲဒါက သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ငွေကျပ် ၇၀ ဘီလီယံနဲ့ ကားအစီး ၁၀၀၀ ဝယ်ယူတယ်ဆိုတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရိုက်တာသတင်းဌာနကလည်း ကားအစီး ၁၀၀၀ ဝယ်ယူမှုနဲ့ ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုမရှိဘူးဆိုပြီး ကျွန်တော်တို့ကို စွပ်စွဲခဲ့ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ရိုက်တာသတင်းဌာနကိုလည်း ခေါ်ယူပြီးရှင်းလင်းခဲ့ပါတယ်။ ဒါပေမယ့် သတင်းဌာနမှာတော့ ပြန်လည်ဖော်ပြခြင်းမရှိခဲ့ပါဘူး။ ကျွန်တော်တို့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ငွေကျပ် ၇၀ ဘီလီယံ ရင်းနှီးမြှုပ်နှံတယ်ဆိုတဲ့ အခြေအနေနဲ့ပတ်သက်တဲ့ ဘတ်ဂျက်ချပေးလိုက်မှုကို ကျွန်တော် အနည်းငယ်ရှင်းပြချင်ပါတယ်။

၂၀၁၆ - ၂၀၁၇ ဖြည့်စွက်ဘတ်ဂျက်မှာ ဘတ်ဂျက်သုံးစွဲမှုခေါင်းစဉ် သုံးခုရှိပါတယ်။ တစ်ခုက သာမန်အသုံးစရိတ် ဖြစ်ပါတယ်။ သာမန်အသုံး စရိတ်ဆိုတာ လစာပေးတာ၊ ပြင်ထိန်း ဆောင်ရွက်တာစတဲ့ အသေးသုံးစွဲမှုတွေဖြစ်ပါတယ်။ နောက်တစ်ခုက ငွေလုံးငွေရင်းသုံးစွဲမှု ဖြစ်ပါတယ်။ ငွေလုံးငွေရင်းသုံးစွဲမှုဆိုတာက အဆောက်အအုံတွေ တည်ဆောက်တယ်၊ ရုံးကားတွေဝယ်တယ်၊ သုံးစွဲမှုလုပ်ငန်း နယ်ပယ်အသီးသီးမှာ ဖွံ့ဖြိုးရေးအတွက် လမ်းခင်းမယ်၊ တံတားဆောက်မယ် ဒါတွေဟာ ငွေလုံးငွေရင်း အသုံးစရိတ်တွေ ဖြစ်ပါတယ်။

### ငွေလုံးငွေရင်း အသုံးစရိတ်

ကျွန်တော်တို့ကို ၂၀၁၆ - ၂၀၁၇ ဘတ်ဂျက်မှာ ချပေးလိုက်တဲ့ငွေဟာ ကြွေးမြီအသုံးအဖြစ် သုံးစွဲဖို့အတွက် ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်လို သုံးလိုက်လို့ မရပါဘူး။ ဒီငွေဟာ ချေးငွေအဖြစ်နဲ့ ရသုံးငွေစာရင်းမှာ အမြဲတမ်းတည်ရှိနေမှာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်ဆိုတာ ကားဝယ်လိုက်တယ်၊ အဆောက်အအုံ ဆောက်လိုက်တယ်၊ အဲဒါပြီးလို့ စစ်ဆေးပြီး၊ သုံးစွဲပြီးပြီဆိုရင် ပြီးပြီဖြစ်ပါတယ်။ ဒီကြွေးမြီငွေအသုံးခေါင်းစဉ်ဟာ ပျောက်သွားလို့မရပါဘူး။

အစိုးရရဲ့စာရင်းမှာ အမြဲတမ်းကြွေးမြီအဖြစ်နဲ့ ရှိနေမှာဖြစ်ပါတယ်။ ဒီကြွေးမြီနဲ့ ရခဲ့တဲ့ ကြွေးမြီငွေအသုံး ငွေကျပ် ၇၀ ဘီလီယံကို ကျွန်တော်တို့က ကားဝယ်လိုက်လို့ မရပါဘူး။ ရင်းနှီးမြှုပ်နှံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဘတ်စ်ကားလုပ်ငန်း၊ YBS ပြုပြင်ပြောင်းလဲရေးမှာ အခုအဝါရောင်ကားတွေနဲ့ ပြေးဆွဲနေတဲ့ ကုမ္ပဏီနှစ်ခုကို ရင်းနှီးမြှုပ်နှံမှုပြုခဲ့ပါတယ်။ တစ်ခုက ရန်ကုန်ဘတ်စ်ကားအများပိုင် ကုမ္ပဏီ YBPC ဖြစ်ပါတယ်။ ဒီကုမ္ပဏီမှာ ငွေကျပ် ၃၅ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ YUPT လို့ခေါ်တဲ့ ရန်ကုန်မြို့ပြ အများနှင့်သက်ဆိုင်တဲ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီမှာ ငွေကျပ် ၃၅ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ကျွန်တော်တို့က ငွေကျပ် ၇၀ ဘီလီယံကို ရင်းနှီးမြှုပ်နှံခဲ့ပြီး ကုမ္ပဏီဘက်က ကားဝယ်ယူခဲ့တာ ဖြစ်ပါတယ်။

> **ဒီအမှုကို ဆက်ပြီးရုပ်သိမ်းဖို့အတွက် ဆောင်ရွက်သွားပါ့မယ်။ သတင်းမီဒီယာကောင်စီကိုလည်း တိုင်ကြားထားပြီး ဖြစ်ပါတယ်။ သတင်းမီဒီယာကောင်စီရဲ့ ညှိနှိုင်းပေးမှုအပေါ်ကနေ ရလဒ်ကို စောင့်ကြည့်သွားမှာ ဖြစ်ပါတယ်။**

အစိုးရကနေ ကားဝယ်ယူတာ မဟုတ်ပါဘူး။ နောက်ပြီး ဒီကုမ္ပဏီတွေဟာ အများပိုင်ကုမ္ပဏီတွေ ဖြစ်တဲ့အတွက် ပုဂ္ဂလိက ကဏ္ဍကလူတွေ၊ ပြည်သူလူထုတွေရဲ့ အစုရှယ်ယာတွေပါဝင်တဲ့ အများပိုင်ကုမ္ပဏီတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရရဲ့ ၁၀၀ ရာခိုင်နှုန်းပိုင်တဲ့ ကုမ္ပဏီမဟုတ်ပါဘူး။ ဒါကြောင့် ဒီကုမ္ပဏီတွေကနေ ကားဝယ်တယ်ဆိုရင် ဒီကားဝယ်ယူမှုဟာ ကုမ္ပဏီရဲ့ကားဝယ်ယူမှုပဲ ဖြစ်ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကားဝယ်ယူမှု မဟုတ်ပါဘူး။

ဒါပေမယ့် ဒီကားဝယ်ယူတဲ့နေရာမှာ ဈေးနှုန်းသက်သာဖို့၊ ဒီကားတွေရဲ့အရည်အသွေးကောင်းမွန်ဖို့နဲ့ ဒီကားတွေဟာ တကယ်တန်ဖိုးနဲ့ ထိုက်တန်တဲ့ အဆင့်အတန်းတွေ ဖြစ်နိုင်ဖို့အတွက် အစိုးရဘက်ကနေ ကူညီပေးခဲ့တာတွေ ရှိပါတယ်။ ဒီအတွက်ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ တရုတ်ဗဟိုအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး ဒီကိစ္စကိုဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ တရုတ်သံရုံးဘက်ကနေ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါဟာ G to G သဘောတူညီချက် ဖြစ်ပါတယ်။ အစိုးရအချင်းချင်း Government to Government သဘောတူညီချက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဝယ်ယူတာက B to B ဖြစ်ပါတယ်။ ကုမ္ပဏီအချင်းချင်း Business to Business ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီဝယ်ယူမှုဟာ ကျွန်တော်တို့အစိုးရကနေ ကားဝယ်ယူတာ မဟုတ်ပါဘူး။ အစိုးရကနေ ရင်းနှီးမြှုပ်နှံမှုပြုတာပဲ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပြုတဲ့ငွေကို ကုမ္ပဏီထဲကို ထည့်တာဖြစ်ပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုပြုထားတဲ့ငွေဟာ ကျွန်တော်တို့အစိုးရရဲ့ငွေစာရင်းမှာ၊ ရသုံးမှန်းခြေဦးစီးဌာနရဲ့ ငွေစာရင်းမှာ ဒီငွေဟာ ကြွေးမြီအသုံးအဖြစ်နဲ့ပဲ ဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သုံးလိုက်ပြီ၊ ကုန်သွားပြီ၊ ဝယ်လိုက်ပြီလို့ လုပ်လို့မရပါဘူး။ ဒါဟာ ကြွေးမြီအသုံး ခေါင်းစဉ်အောက်မှာပဲ ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီကားတွေနဲ့ ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။

ဒီလိုမျိုးပဲ အိမ်ရာစီမံကိန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပြီး ကျွန်တော်တို့ Yangon Metropolitan Development ကုမ္ပဏီကို ထူထောင်ခဲ့ပါတယ်။ ဒီကုမ္ပဏီဟာ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းကနေပြီး ထူထောင်ထားတဲ့ ကုမ္ပဏီနဲ့ ပူးပေါင်းထားတာ ဖြစ်ပါတယ်။ “က” အစုရှယ်ယာက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဖြစ်ပါတယ်။ “ခ” အစုရှယ်ယာက ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းရဲ့ ထူထောင်ထားသော ကုမ္ပဏီဘက်က “ခ” အစုရှယ်ယာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၅၄ ဘီလီယံ မြှုပ်နှံခဲ့ပါတယ်။

ဒီဥစ္စာဟာ ဘတ်ဂျက်ခေါင်းစဉ်အရ ပြောမယ်ဆိုရင် လွှတ်တော်က ကျွန်တော်တို့ကို အတည်ပြုပေးခဲ့တဲ့ ကြွေးမြီအသုံးခေါင်းစဉ်အောက်ကပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီကြွေးမြီဟာ အစိုးရရဲ့ဘတ်ဂျက်ထဲမှာ ကြွေးမြီအဖြစ်နဲ့ ရှိနေမှာ ဖြစ်ပါတယ်။ ဒါဟာ ပျောက်သွားလို့မရပါဘူး။ ဘာလို့လဲဆိုရင် ငွေလုံးငွေရင်းလို သုံးပစ်လိုက်လို့ မရပါဘူး။ ဒါကြောင့်မို့ ကြွေးမြီအသုံးကို Yangon Metropolitan Development ကုမ္ပဏီမှာ ငွေကျပ် ၅၄ ဘီလီယံ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံလိုက်ပါတယ်။

### အစိုးရကို ကိုယ်စားပြုပြီး ပါဝင်ရမယ်

ငွေကျပ် ၅၄ ဘီလီယံမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကိုယ်စားပြုပြီး ပါဝင်ရမယ့်သူတွေကို အစိုးရကနေ သတ်မှတ်ပေးနိုင်ပါတယ်။ ဒီနေရာမှာတော့ အစိုးရကို ကိုယ်စားပြုပြီး ပါဝင်ရမှာ ဖြစ်ပါတယ်။ ဘာကြောင့်အစိုးရကို ကိုယ်စားပြုပြီး ပါဝင်ရမလဲဆိုရင် တိုင်းဒေသကြီးအစိုးရရဲ့ ကိုယ်စားပြုပုဂ္ဂိုလ်များဟာ ဝန်ကြီးနာမည်ရဲ့ဘေးမှာ စီမံ/ဘဏ္ဍာဝန်ကြီး ဖြစ်ရမယ်၊ ဘယ်ဝန်ကြီး ဖြစ်ရမယ်ဆိုပြီး ဆောင်ရွက် လို့မရပါဘူး။ ဒါကိုလည်း ကျွန်တော် ဒီမှာရှင်းပြချင်ပါတယ်။

တိုင်းဒေသကြီးတွေမှာရှိတဲ့ ဝန်ကြီးတွေဆိုတာ ပြည်ထောင်စုဝန်ကြီးဌာန သုံးလေးခုကို တစ်ဦးတည်းကနေပြီး ပူးတွဲပြီးကိုင်ရတာဖြစ်ပါတယ်။ တိုင်းဒေသကြီး ဝန်ကြီးဌာနဆိုတာက ပြည်ထောင်စုဝန်ကြီးဌာနရဲ့ တိုင်းဦးစီးမှူးများကို တိုင်းဒေသကြီး ဝန်ကြီးတွေက ကြီးကြပ်ကွပ်ကဲရတာပဲ ဖြစ်ပါတယ်။ မိခင်ဌာနက ပြည်ထောင်စုဝန်ကြီးဌာန ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ တိုင်းမှာ စီမံ/ဘဏ္ဍာ ဝန်ကြီးဆိုတာ စီမံ/ဘဏ္ဍာ တစ်ခုတည်း မဟုတ်ပါဘူး။ စီးပွားကူးသန်းတို့ အခြားသော စီးပွားရေးဆိုင်ရာ ဝန်ကြီးဌာနတွေ အကုန်လုံးကိုပူးပေါင်းပြီး ကိုင်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ တိုင်းဒေသကြီးမှာ စီမံ/ဘဏ္ဍာဝန်ကြီးဌာနဆိုပြီး သီးခြားရှိနေတာ မဟုတ်ပါဘူး။

ကျွန်တော်တို့ တိုင်းဒေသကြီးမှာရှိနေတာက တိုင်းဒေသကြီးအစိုးရကို ကိုယ်စားပြုတဲ့ ဘတ်ဂျက်ငွေပဲဖြစ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ တိုင်းဒေသကြီး ကိုယ်စားပြုမယ့် ပုဂ္ဂိုလ်တွေအဖြစ်နဲ့ ရပ်တည်ရမှာဖြစ်ပါတယ်။ ဒီဥစ္စာကို လူပုဂ္ဂိုလ်နာမည်ဖြစ်သွားတယ်ဆိုတဲ့ အခြေအနေနဲ့ပတ်သက်ပြီး စွပ်စွဲခဲ့မှုကတော့ လုံးဝမှားယွင်းနေပါတယ်။ ဒါနဲ့ပတ်သက်ပြီး စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာမှာလည်း လူပုဂ္ဂိုလ်နာမည်နဲ့ ဖြစ်သွားပြီလို့ ဖော်ပြထားတာမျိုး မရှိပါဘူး။

ဒါ့အပြင် စာရင်းစစ်ချုပ်ကိုလည်း ကျွန်တော်တို့ မေးလိုက်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး သူတို့ဘက်က တရားဝင်ပြည်သူ့ဘဏ္ဍာငွေတွေကို လူနာမည်အဖြစ် ဆောင်ရွက်ထားတယ်ဆိုပြီး စာရင်းစစ်ချုပ်သုံးသပ်ချက်မှာ လုံးဝပါဝင်ခြင်းမရှိဘူးလို့ စာနဲ့ ကျွန်တော်တို့ဆီကို အကြောင်းပြန်ကြားထားတာရှိပါတယ်။ ဒါ့အပြင်ကျွန်တော်တို့ ဒီဟာနဲ့ပတ်သက်ပြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှာလည်း ဒီဥစ္စာကို ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်၊ Revised Estimate မှာလည်း အတည်ပြုထားပြီး ဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကြွေးမြီအသုံးခေါင်းစဉ်အောက်ကနေ သုံးစွဲထားတဲ့ ခေါင်းစဉ်ဖြစ်ပါတယ်။

ဒါ့အပြင် ကုမ္ပဏီကို မှတ်ပုံတင်လုပ်ခဲ့တဲ့အခြေအနေမှာ ကျွန်တော်တို့က အစိုးရပါဝင်တဲ့ ကုမ္ပဏီဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာနမှာ ကျွန်တော်တို့ ဒီဥစ္စာကို မှတ်ပုံတင်လုပ်ခဲ့ပါတယ်။ ဒီကုမ္ပဏီမှာ မှတ်ပုံတင်လုပ်ခဲ့တာကိုက အစိုးရကို ကိုယ်စားပြုသော အစုရှယ်ယာအဖြစ်နဲ့သာ ကျွန်တော်တို့ အခုချိန်အထိ တည်ရှိနေတာ ဖြစ်ပါတယ်။ ဒါဟာ Yangon Regional Government represented by U Myint Thaung ဆိုပြီး ဖော်ပြထားတာ ဖြစ်ပါတယ်။ ဘာကြောင့် ကျွန်တော်တို့ ဒီဥစ္စာအပေါ်မှာ စီမံ/ဘဏ္ဍာ ဝန်ကြီးဌာနဆိုပြီး ကျွန်တော်တို့ ဖော်ပြထားတာ မဟုတ်သလဲဆိုရင် တိုင်းဒေသကြီးအစိုးရကိုပဲ ကိုယ်စားပြုသူဖြစ်ရပါမယ်။ စီမံ/ဘဏ္ဍာ ဝန်ကြီးဌာနဆိုပြီး တိတိကျကျ တိုင်းဒေသကြီးမှာ ဖွဲ့စည်းထားတာမရှိပါဘူး။

စီမံ/ဘဏ္ဍာဝန်ကြီးဌာနဆိုတာ ပြည်ထောင်စုမှာပဲ အခိုင်အမာရှိတာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးရဲ့ စီမံ/ဘဏ္ဍာဝန်ကြီးဌာနဆိုတာ စီးပွားကူးသန်းဝန်ကြီးဌာနကလည်း စီမံ/ဘဏ္ဍာဝန်ကြီးနဲ့ပဲ သက်ဆိုင်ပါတယ်။ စီးပွားရေးနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေအားလုံးကို ကိုယ်စားပြုပြီး ဝန်ကြီး ဦးမြင့်သောင်းက တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။

### စွပ်စွဲရေးသားမှုကို ဥပဒေအကြံပြုချက် ရယူအမှုဖွင့်

ဒီဟာက ဝန်ကြီး ဦးမြင့်သောင်းအမည်နဲ့ ရှိနေတာမဟုတ်ပါဘူး။ ဒီဟာကို Eleven Media မှာ စွပ်စွဲရေးသားခဲ့မှုနဲ့ပတ်သက်ပြီး ဥပဒေအကြံပြုချက်ရယူပြီး တရားရုံးမှာ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးကနေ လမ်းညွှန်မှု တစ်ခုပြုခဲ့ပါတယ်။ သတင်းမီဒီယာကောင်စီကို တိုင်ကြားပြီး သတင်းမီဒီယာကောင်စီရဲ့ ညှိနှိုင်းမှုကို ဆောင်ရွက်ပါ။ ညှိနှိုင်းလို့မရရင် ဥပဒေလမ်းကြောင်းအရ အရေးယူဆောင်ရွက်ပါလို့ လမ်းညွှန်မှု ပြုခဲ့ပါတယ်။ ဒီအတွက် အမှုကို အာမခံပေးဖို့အတွက် မကန့်ကွက်ခဲ့ပါဘူး။ အမှုကို အာမခံပေးပါတယ်။ ဒီအမှုကို ဆက်ပြီးရုပ်သိမ်းဖို့အတွက် ဆောင်ရွက်သွားပါ့မယ်။ သတင်းမီဒီယာကောင်စီကိုလည်း

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

တိုင်ကြားထားပြီးဖြစ်ပါတယ်။ သတင်းမီဒီယာကောင်စီရဲ့ ညှိနှိုင်းပေးမှုအပေါ်ကနေ ရလဒ်ကို စောင့်ကြည့်သွားမှာဖြစ်ပါတယ်။ ဒီရလဒ်ကို ရှေ့အပတ်ထဲမှာ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မှားယွင်းကြောင်း နိုင်ငံပိုင်သတင်းမီဒီယာတွေနဲ့၊ စာနယ်ဇင်းတွေနဲ့ ဒီ Eleven Media မှာ ပြန်လည်ဖော်ပြပေးဖို့အတွက် တောင်းဆိုထားပါတယ်။

### ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်

ဒီအခြေအနေကို Eleven Media ဘက်က လိုက်နာကျင့်သုံးဆောင်ရွက်သွားမယ်ဆိုရင် ဒီအမှုဟာ ပြီးစီးသွားပါမယ်။ လိုက်နာကျင့်သုံးမှု မရှိဘူးဆိုရင် သတင်းမီဒီယာကောင်စီရဲ့ ညှိနှိုင်းပေးမှု မအောင်မြင်ခဲ့ဘူးဆိုရင် ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမှာပါ။ ဥပဒေကြောင်းနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေချုပ်ဆီကနေ အကြံဉာဏ်ရယူသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဖြည့်စွက်ပြောကြားလိုပါတယ်။ ဒါကတော့ သတင်းမီဒီယာလွတ်လပ်ခွင့်ကို မထိပါးစေနိုင်တဲ့ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီအစိုးရတစ်ရပ်ကို ထူထောင်ရပ်တည်ပြီး လူ့အခွင့်အရေးတွေကို အာမခံချက်ပေးနိုင်ဖို့ သတင်းမီဒီယာတွေရဲ့ လွတ်လပ်ခွင့်ကို ဆောင်ရွက်ပေးနိုင်ဖို့ဆိုတာ ကျွန်တော်တို့ရဲ့အရေးအကြီးဆုံး တာဝန်ဖြစ်ပါတယ်။

### မီဒီယာရပ်တည်ခွင့်ကို ကာကွယ်

ကျွန်တော်တို့ကိုယ်တိုင် နှစ်ပေါင်းများစွာ ဒီမိုကရေစီရရှိရေးလှုပ်ရှားမှုမှာ သတင်းမီဒီယာတွေရဲ့ လွတ်လပ်မှုနဲ့ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းမီဒီယာတွေရဲ့ လွတ်လပ်ခွင့် မရှိဘူးဆိုရင် ပြည်သူလူထုနဲ့ အစိုးရအကြား၊ ပြည်သူလူထုနဲ့ အဖွဲ့အစည်းတွေအကြား ပေါင်းကူးတံတားဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ ရပ်တည်မှု ပျောက်ဆုံးသွားမှာ ဖြစ်ပါတယ်။ သတင်းမီဒီယာရပ်တည်ခွင့်ကို ကာကွယ်ပေးရပါမယ်။ ဒါပေမယ့် သတင်းမီဒီယာတွေဘက်က ကျင့်ဝတ်နဲ့အညီ လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ အခွင့်အရေး၊ အဖွဲ့အစည်းတစ်ခုချင်းစီရဲ့ အခွင့်အရေးတွေနဲ့ လွတ်လပ်ခွင့်တွေကို မထိပါးစေဖို့အတွက်လည်း ညှိနှိုင်းပေါင်းစပ်ပေးဖို့ ကျွန်တော်တို့အစိုးရမှာ တာဝန်ရှိပါတယ်။ သတင်းမီဒီယာကောင်စီမှာ အဓိကတာဝန်ရှိပါတယ်။ ဒီအပိုင်းကို ထိန်းညှိဆောင်ရွက်နိုင်ဖို့အတွက် နောင်ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ သတင်းမီဒီယာ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီ အခွင့်အရေးတွေ ရှင်သန်ပြီး လူတစ်ဦးချင်းစီရဲ့လွတ်လပ်ခွင့်တွေ၊ အဖွဲ့အစည်းတွေရဲ့လွတ်လပ်ခွင့်တွေကိုလည်း ထိပါးမှုမဖြစ်စေနိုင်ဖို့အတွက် ဥပဒေနဲ့အကာအကွယ်ပေးနိုင်ဖို့ သတင်းမီဒီယာဘက်ကလည်း သတင်းမီဒီယာကျင့်ဝတ်တွေနဲ့အညီ ရေးသားပြီး သတင်းကို ထုတ်ပြန်ဆောင်ရွက်တဲ့ဘက်ကလည်း စနစ်တကျသတင်းထုတ်ပြန်ဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### အသိပေး ပြောကြား

ဒီအတွက် ဒီနေ့ သတင်းမီဒီယာတွေကို တွေ့ဆုံအသိပေးပြောကြားရခြင်း အကြောင်းရင်းကတော့ အစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်တွေကို သတင်းမီဒီယာကောင်စီနဲ့ ညှိနှိုင်းပြီး သတင်းမီဒီယာလွတ်လပ်ခွင့်၊ သတင်းစာတွေရဲ့ ရှင်သန်ရပ်တည်နိုင်ခွင့်အတွက် ဆက်လက်ကြိုးပမ်းသွားပါ့မယ်။ သို့သော် ဥပဒေရဲ့အပြင်ကိုရောက်နေတဲ့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီရဲ့ အခွင့်အရေးတွေ၊ အဖွဲ့အစည်းတစ်ခုရဲ့ အခွင့်အရေးတွေကို ထိပါးမှုဖြစ်လာခဲ့ရင်လည်း ဥပဒေနဲ့အညီ ထိန်းညှိနိုင်ဖို့အတွက် ကျွန်တော်တို့ဘက်ကနေပြီး ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ အသိပေးပြောကြားခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မောင်မင်းနိုင်**

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာဆွေးနွေးပွဲ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်




**မုံရွာ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် Wildlife Conservation Society တို့ပူးပေါင်းပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်သူပူးပေါင်းပါဝင်သော သယံဇာတ စီမံအုပ်ချုပ်ခြင်း လုပ်ငန်းအစီအစဉ်များနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ ဆက်စပ်အဖွဲ့အစည်းများမှ မည်သို့ကူညီ ဆောင်ရွက်ရမည်ကို ရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်အတွက် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မုံရွာမြို့ စိန်နန်းတော်ဟိုတယ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအသုံးပြုသူ အဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က "စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ သစ်တော သယံဇာတတွေဟာ တိုင်းဒေသကြီးရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးပါသလို ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးအတွက်လည်း အထူးအရေးပါလှပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ သစ်တောဖုံးလွှမ်းတဲ့ ဧရိယာဧက ၁၀ သန်းကျော်ရှိပြီး အကျယ်အဝန်းအရ ၄၇ ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်ပါတယ်။ ကြိုးဝိုင်း ၁၆၁ ခု၊ ကြိုးပြင်ကာကွယ်တော ၉၈ ခုနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ငါးခု စုစုပေါင်း သစ်တောနယ်မြေ ကိုးသန်းကျော်ရှိပါတယ်။ သစ်တောသယံဇာတလိုအပ်ချက်တွေကို စဉ်ဆက် မပြတ် ဖြည့်ဆည်းပေးနိုင်ဖို့ သစ်တောတွေကို စနစ်တကျ စီမံအုပ်ချုပ်သွားဖို့ လိုအပ်ပါတယ်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခြင်းကို သစ်တောဦးစီးဌာနက ဆောင်ရွက်နေသလို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ NGO တွေနဲ့ INGO ကလည်း ကူညီပံ့ပိုး ဆောင်ရွက်လျက်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို ၁၉၉၅ ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်ထိ အဖွဲ့ဝင် ၁၅၂၈၀ ပါဝင်တဲ့ အဖွဲ့ပေါင်း ၁၃၅၉ ဖွဲ့မှ ဧရိယာ တစ်သိန်းနီးပါးကို တည်ထောင်ဆောင်ရွက်ပြီး ဖြစ်တာကို တွေ့ရပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာဒေသအလိုက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာနှင့် ပတ်သက်၍ နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်ကြာ အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့် အပြန်အလှန် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | အောင်ဇေယျတုသဘောထား | ချစ်နိုင် (စိတ်ပညာ) | ၂၀၀၀ | နိုင်စာပေ |
| ၂။ | ခေါင်းဆောင်ကောင်းနှင့် စကားပြောစွမ်းရည် | ချစ်နိုင် (စိတ်ပညာ) | ၂၀၀၀ | နိုင်စာပေ |
| ၃။ | ကောင်းကင်က ရွှေပိန်ညင်းရယ် မိုးခေါ်လို့ဆင်း | ဒဂုန်တာရာ | ၂၀၀၀ | တိုးမြစ်စာပေ |
| ၄။ | ယမကာလုလင် | မောင်သော်က | ၂၀၀၀ | တိုးမြစ်စာပေ |
| ၅။ | မြေးကိုပြောသောပုံပြင်များ - ၁ | ဝင်းမော် (သုံးဆယ်) | ၁၇၀၀ | စိတ်ကူးချိုချို |
| ၆။ | ပညာရှိသူတော်ကောင်းနှင့် စိတ်ကောင်းရှိဖို့လိုပါတယ် | ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ | ၁၀၀၀ | ဆုပြည့်စုံထွန်း |
| ၇။ | ခန္ဓာကိုယ်ထဲက မြွေဆိုးလေးကောင် အလုပ်ပေး တရားတော် | ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၈။ | ဒလိုင်းလားမား၏အဆိုအမိန့်များ | ချစ်မြိုင် | ၁၀၀၀ | ဟန်သာဆုစာပေ |
| ၉။ | တိုင်းပြည်ရဲ့မနက်ဖြန် | ထိန်လင်း | ၂၀၀၀ | ခေတ်ပြတိုက် |
| ၁၀။ | ပျားရည်အိုင် | ခင်နှင်းယု | ၃၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၁၁။ | အထူးကောက်နုတ်ချက်ဇာတ်ဝတ္ထု | ဆရာပွား | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၂။ | ဘဝတက်လမ်းဇာတ်လမ်းကလေးများ | နေမျိုးထွန်း | ၂၃၀၀ | စိတ်ကူးချိုချို |
| ၁၃။ | လွန်းတစ်ရာတိမ်ခိုးဆင် | မောင်စိုးရ (မလှိုင်) | ၃၀၀၀ | ဝန်ချတောင် |
| ၁၄။ | မြန်မာ-ကမ္ဘာ မူးယစ်ဆေးဝါးပြဿနာ စစ်တမ်းနှင့် ဘိန်းဘုရင်များ | နေစိုးထက် | ၆၀၀၀ | စိန်မိုးယံ |
| ၁၅။ | ရောက်တတ်ရာရာစာစုများ - အတွဲ (၁) | MP Maung Myint | ၄၀၀၀ | Mingalar Dragon Co., Ltd |
| ၁၆။ | ရောက်တတ်ရာရာစာစုများ - အတွဲ (၂) | MP Maung Myint | ၄၀၀၀ | Mingalar Dragon Co., Ltd |
| ၁၇။ | ဗုဒ္ဓမြတ်စွာလက်ထက်က ထင်ရှားခဲ့သော ကျောင်းတော်ကြီးများ | မဟာဓမ္မာစရိယ ဦးသိန်းထွန်း | ၄၅၀၀ | မီးအိမ်ရှင် |
| ၁၈။ | အာရှပြတင်းဆောင်းရောင်စုံမြင်ကွင်း | ကျော်ရင်မြင့် | ၄၀၀၀ | ချိုးချိုး |
| ၁၉။ | အေ့ဒ်စ်ငရဲခန်းမှ မေတ္တာအလင်းတန်း | တင်မောင်မြင့် | ၂၈၀၀ | ချိုးချိုး |
| ၂၀။ | ဒါဖတ်ပြီးမှအလုပ်ရှာပါ တစ်ပတ်အတွင်း အလုပ်ရစေဖို့ | မနော်စင် | ၂၅၀၀ | ကွမ်းခြံလမ်း |
| ၂၁။ | ဉာဏ်ကောင်းအောင်လုပ်နည်း | လှသမိန် | ၇၀၀ | စိတ်ကူးချိုချို |
| ၂၂။ | ရာဇဝင်ထဲကမြို့ရန်ကုန် | မင်းပုည | ၇၀၀၀ | စိန်မိုးယံ |
| ၂၃။ | လောကကိုအနိုင်ယူ | မောင်ဆုပန် | ၂၅၀၀ | ယောမင်းကြီး |
| ၂၄။ | သားဂုဏ်ရည် | ပီမိုးနင်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၅။ | သမီးဂုဏ်ရည် | ပီမိုးနင်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၆။ | ဖော့ဘုတ်ထဲက ပကာသများနှင့် ရသစုံ Post များ | မြင်းမိုရ်ကျော် | ၁၅၀၀ | ကြည်နူးပွင့် |
| ၂၇။ | ပုဂံခေတ်ဗိသုကာနှင့် အနုပညာများ ပေါ်ပေါက်တိုးတက်ပြောင်းလဲလာပုံ | ဗိုလ်မှူးဘရှင် | ၂၀၀၀ | Key Collection |
| ၂၈။ | ပန်းဖြူတစ်ပွင့်နှင့် အခြားဝတ္ထုတိုများ | တင်မိုး | ၁၅၀၀ | Key Collection |
| ၂၉။ | မာယာအိန်ဂျယ်လို | The Key Collection | ၁၅၀၀ | Key Collection |
| ၃၀။ | ဂရိတ်ဘယ်ရီယာရိဖ် | The Key Collection | ၁၅၀၀ | Key Collection |
| ၃၁။ | ဘာသာရေးအမေးအဖြေများ | ဓမ္မစရိယ ဦးအေးနိုင် | ၄၅၀၀ | အလင်းသစ် |

# အောင်မြင်ကျော်ကြား စီးပွားနှင့် လူမှုထူးချွန်ကျောင်းသားဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းအား စင်ကာပူအမျိုးသားတက္ကသိုလ်က ရွေးချယ်ချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၈**

စင်ကာပူနိုင်ငံ စင်ကာပူအမျိုးသားတက္ကသိုလ် (National University of Singapore) သည် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍနယ်ပယ်အသီးသီး၌ စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် လူမှုရေးပရဟိတ အရည်အသွေးများကို အောင်မြင်စွာ စွမ်းဆောင်ပြသနိုင်သည့် ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စင်ကာပူနိုင်ငံ Conrad Centennial Singapore ၌ နိုဝင်ဘာ ၇ ရက် ညနေတွင် ကျင်းပရာ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းအား "အောင်မြင်ကျော်ကြား စီးပွားနှင့်လူမှုထူးချွန်ကျောင်းသားဆု" (Eminent Business Alumni Award 2018) ရွေးချယ်ချီးမြှင့်ခြင်းခံရကြောင်း သိရှိရသည်။




**ကမ္ဘောဇဘဏ် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းက ဆုလက်ခံပြီးနောက် ကျေးဇူးတင်စကား ပြောကြားစဉ်။**

အဆိုပါဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ စင်ကာပူအမျိုးသားတက္ကသိုလ်မှ ပါမောက္ခချုပ်၊ တက္ကသိုလ်ကောင်စီဝင်များ၊ စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ အသက်(၄၀နှစ်)အထက် Senior Alumni Awards ဆုရရှိသူ ခြောက်ဦးနှင့် အသက် (၄၀ နှစ်)အောက် Young Alumni Awards ရရှိသူ လေးဦးတို့အား ဆုများပေးအပ် ချီးမြှင့်ခဲ့ပြီး အသက် (၄၀နှစ်) အောက်တွင် မြန်မာနိုင်ငံမှ ဒေါ်နန်းလိုင်းခမ်း၊ အသက် (၄၀)နှင့်အထက်တွင် Bank of Singapore ၏ CEO Mr. Bahren Shaari အပါအဝင် စုစုပေါင်း ၁၀ ဦးကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဆုရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းခံရသည့် မြန်မာနိုင်ငံမှ ဒေါ်နန်းလိုင်းခမ်းသည် ဘဏ်ခွဲပေါင်း ၅၀၀ ကျော်ဖြင့် ပြည်သူကိုဝန်ဆောင်မှုပေးနေသော မြန်မာနိုင်ငံ၏ အကြီးဆုံးဘဏ်ဖြစ်သည့် ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ်၊ KBZ Group ၏ အုပ်ချုပ်မှုဒါရိုက်တာ၊ Air KBZ လေကြောင်းလိုင်း၊ MAI လေကြောင်းလိုင်းနှင့် Kempinski Hotel (Nay Pyi Taw) တို့တွင် ဥက္ကဋ္ဌတာဝန်များကို အောင်မြင်စွာ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒေါ်နန်းလိုင်းခမ်းသည် မြန်မာနိုင်ငံအတွင်း ကဏ္ဍအသီးသီးတွင် လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ကျပ်ငွေ ၁၄၄ ဘီလီယံကျော် လှူဒါန်းထားသည့် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)၏ တည်ထောင်သူ ဥက္ကဋ္ဌအဖြစ် ထိရောက်စွာ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်လျက်ရှိသောကြောင့် အသက်(၄၀နှစ်) အောက် "အောင်မြင်ကျော်ကြား စီးပွားနှင့်လူမှုထူးချွန်ကျောင်းသားဆု"ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရှိရသည်။

စင်ကာပူ အမျိုးသားတက္ကသိုလ်တွင် ကမ္ဘာ့နိုင်ငံများမှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ပညာသင်ကြားလျက်ရှိပြီး ပညာသင်ကြားခဲ့ကြသူများအနက် သက်ဆိုင်ရာ နိုင်ငံ၏ အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိက ကဏ္ဍနယ်ပယ်အသီးသီး၌ စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် လူမှုရေး အရည်အသွေးများကို အောင်မြင်စွာ စွမ်းဆောင်ပြသနိုင်သည့် ထူးချွန်ကျောင်းသားများအား ရွေးချယ်၍ နှစ်နှစ်တစ်ကြိမ် ဆုများပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဝါးခယ်မ၌ မျက်စိအခမဲ့ကုသပေးမည်

**ဝါးခယ်မ နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ မင်းဝိုင်းရပ်ကွက် ကွမ်းခြံကုန်းကျောင်းတိုက် အာရောဂျတံခွန်ကုသိုလ်ဖြစ်ဆေးရုံမှ မျက်စိဝေဒနာရှင်များအား နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ အခမဲ့စစ်ဆေးကုသပေးသွားမည်ဟု သိရသည်။

ထိုသို့ ကုသရာတွင် မင်းကွန်းဈေရတု တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၏ လမ်းညွှန်မှု၊ ဘဒ္ဒန္တ ခေမာစာရ၊ ဒွိပိဋကဓရ ပိဋကတ်နှစ်ပုံဆောင် ဝါးခယ်မမြို့ မင်းပိုင်းရပ်ကွက် ကွမ်းခြံကုန်းကျောင်းတိုက်ဆရာတော် ဦးစီးဦးဆောင်ပြု၍ အာရောဂျတံခွန် ကုသိုလ်ဖြစ်(အခမဲ့)မျက်စိဆေးရုံ၌ မြင်းမူမြို့နယ် ထီးဆောင်းစံပြကျေးရွာ ဈေရတု တိပိဋကစက္ခုပါလဆေးရုံကြီးမှ မျက်စိအထူးကု (နိုင်ငံခြား) DA.BIDYAPANT ဆရာဝန်ကြီး ဦးဆောင်သောအဖွဲ့သည် အခမဲ့လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

ထို့အပြင် HIV၊ ဘီပိုး၊ စီပိုး စစ်ဆေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးခြင်းများကိုလည်း အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ပြီး မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ပါ၍ စဉ်ဆက်မပြတ် ခွဲစိတ်ကုသနိုင်ရန်နှင့် မျက်စိခွဲစိတ်ဆောင်ရေရှည်တည်တံ့ရန်အတွက် ရပ်နီးရပ်ဝေးရှိ အလှူရှင်များနှင့် မြို့နယ်သူမြို့နယ်သားများ ဖုန်း ၀၄၂-၆၀၄၀၅၊ ၀၉-၈၅၃၇၀၅၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

# ဓာတ်အားလိုင်းပြုပြင်စဉ် လျှပ်စစ်မီးဖြတ်တောက်မည့်ကိစ္စ ဂန့်ဂေါခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကြိုတင်ကြေညာ

**ဂန့်ဂေါ နိုဝင်ဘာ ၈**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကျော- ဂန့်ဂေါ -ဟားခါး- ကလေးမြို့နယ်များသို့ ဓာတ်အားပို့လွှတ်နေသည့် ကျော ၁ ဖီဒါအား မဟာဓာတ်အားလိုင်း(ဂန့်ဂေါ)က နိုဝင်ဘာ ၁၂ ရက်တွင် လိုင်းထိန်းပြင်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဓာတ်အားလိုင်းဖြတ်တောက်၍ ဆောင်ရွက်ရမည်ဖြစ်ရာ ပြုပြင်သည့်ကာလ နိုဝင်ဘာ ၁၂ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အဆိုပါဒေသများတွင် ဓာတ်အားဖြတ်တောက်မည်ဖြစ်ကြောင်း ဂန့်ဂေါခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကြေညာထားသည်။

အဆိုပါ ကြေညာချက်နှင့်စပ်လျဉ်း၍ "လျှပ်စစ်မီးပြတ်တောက်မယ့်ကိစ္စ အသိပေးကြေညာပေးတဲ့အတွက် ကြိုတင်ပြင်ဆင်နိုင်ပါတယ်၊ အင်မတန်အဆင်ပြေပါတယ်၊ ကျေးဇူးတင်ပါတယ်"ဟု လျှပ်စစ်မီးသုံးစွဲသူတစ်ဦးက ပြောသည်။ **စိန်ကျော်**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ | | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ် | ၃၇၂၂၃ | ၁၆၉၉၃ | ၃၉၇၄၈ | ၁၆၀၆၁ | |
| ၂ | မန္တလေးလေဆိပ် | ၇၈၁၇ | ၃၂၈၇ | ၈၁၈၃ | ၃၈၉၁ | |
| ၃ | နေပြည်တော်လေဆိပ် | ၆၉ | ၃၂၀ | ၂၅၈ | ၂၃၉ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၃၄၇ | ၁၉၇ | ၃၀၄၅ | ၉၆ | |
| ၆ | မြဝတီ | ၈၉၂ | ၃၄၃ | ၉၅၃ | ၅၉၇ | |
| ၇ | ကော့သောင်း | ၂၂၃ | ၈၂ | ၃၃၀ | ၉၃ | |
| ၈ | ထီးခီး | ၁၂၂ | ၃၁ | ၃၁ | ၁၀ | |
| ၉ | တမူး | ၀ | ၀ | ၉၆ | ၁၄ | |
| ၁၀ | ရိခေါ်ဒါရ် | ၀ | ၀ | ၃ | ၄ | |
| | **စုစုပေါင်း** | ၄၆၆၉၃ | ၂၁၂၅၃ | ၅၂၆၄၇ | ၂၁၀၀၅ | |

**မီး သတိပြု**

# ဒဂုံမြို့သစ်မြောက်ပိုင်း (၄၈) ရပ်ကွက်တွင် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်

**ရန်ကုန် နိုဝင်ဘာ ၈**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် သခင်အုန်းဖေကြီးလမ်း အမှတ် ၃၇၃ ရှိ ခြံဝင်းအတွင်းတွင် ဆောက်လုပ်နေထိုင်သော တဲအိမ်များအတွင်း နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီ ၃၃ မိနစ်ခန့်တွင် မီးလန့်မှုသတင်းအရ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးပါ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ဒုရဲမှူး သက်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ရေယာဉ် ၁၀ စီး၊ အထောက်အကူပြုယာဉ်လေးစီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ရာ ၈ နာရီ ၅၈ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်အား စစ်ဆေးရာ ယင်းခြံဝင်းအတွင်း တဲအိမ်ထိုး၌ နေထိုင်သည့် ဦးဟန်မြ၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ခနိမိုး၊ ထရံကာ တဲအိမ်ရှစ်လုံး မီးလောင်ဆုံးရှုံးသွားပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ဝင်ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ | | | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | ဧပြီ | ၃၄၃၆၇ | ၁၉၆၀၅ | ၅၃၉၇၂ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ |
| ၂ | မေ | ၂၈၄၄၆ | ၂၀၅၁၈ | ၄၈၉၆၄ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ |
| ၃ | ဇွန် | ၂၆၅၆၅ | ၁၈၀၃၄ | ၄၄၅၉၉ | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ |
| ၄ | ဇူလိုင် | ၃၃၄၉၈ | ၂၀၆၃၄ | ၅၄၁၃၂ | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ |
| ၅ | သြဂုတ် | ၃၄၆၀၄ | ၁၈၉၂၂ | ၅၃၅၂၆ | ၃၂၀၆၈ | ၁၉၈၀၇ | ၅၁၈၇၅ |
| ၆ | စက်တင်ဘာ | ၃၀၆၉၃ | ၁၉၂၈၃ | ၄၉၉၇၆ | ၃၀၇၆၈ | ၂၁၄၅၁ | ၅၂၂၁၉ |
| ၇ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| | **စုစုပေါင်း** | ၂၃၄၈၆၆ | ၁၃၈၂၄၉ | ၃၇၃၁၁၅ | ၂၃၅၁၁၇ | ၁၄၃၃၈၉ | ၃၇၈၅၀၆ |

# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ထိုင်းပင်လယ်ကွေ့နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလေးကျွန်းဆွယ်တွင် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ရောက်ရှိနိုင်ကာ အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# စင်ကာပူ၌ ကျင်းပသည့် Global Martial Arts ဆုချီးမြှင့်ပွဲ အောင်လအန်ဆန် ဆုနှစ်ဆုရရှိ



**နေပြည်တော် နိုဝင်ဘာ ၈**

Global Martial Arts Awards 2018 ဆုပေးပွဲကို စင်ကာပူနိုင်ငံ JW Marriott ဟိုတယ်တွင် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အောင်လအန်ဆန်က ဆုနှစ်ဆုရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသား ONE လိုက်ဟဲဗီးဝိတ်တန်းနှင့် ONE မစ်ဒယ်ဝိတ်တန်းချန်ပီယံ အောင်လအန်ဆန် သည် Male Athlete of the year ဆုနှင့် Bout of the year ဆုကို ရရှိခဲ့သည်။ Bout of the year ဆုကို ဂျပန်နိုင်ငံသား ဟဆဲဂါဝါနှင့် ထိုးခဲ့သည့်ပွဲတွင် ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုပေးပွဲတွင် ဆု ၁၆ ဆု ချီးမြှင့်ပေးရန် သတ်မှတ်ထားရာ အောင်လအန်ဆန်သည် ဆုငါးဆုဖြစ်သော Walkout of the year, Knockout of the year, Bout of the year, Male Athlete of the year, Martial Arts Hero of the year တို့တွင် ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့ပြီး ယင်းတို့အထဲမှ ဆုနှစ်ဆုရရှိခဲ့ခြင်းဖြစ်သည်။ Martial Arts Hero of the year ဆုကို ဖိလစ်ပိုင်နိုင်ငံသား အက်ဒွပ်ဖိုလာယန်းက ရရှိခဲ့ကြောင်း သိရသည်။

**သီဟ**

## ဘိုကလေးမြို့နယ်တွင် ရေလုပ်သားတစ်ဦး မိကျောင်းကိုက်ခံရ

**ဘိုကလေး နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စုအပိုင်တွင် ရေလုပ်သားတစ်ဦး မိကျောင်းကိုက်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆတ်ကျွန်းကျေးရွာအုပ်စုအပိုင် ဂါးချောင်းတစ်ဖက်ကမ်း တပ်ဘေလေးကျေးရွာ ချောင်းကမ်းနံဘေးတွင် ကျိုက်ပိကျေးရွာအုပ်စု ထီပါလယ်သောင်တန်းကျေးရွာနေ ပိုက်ဗဝန်းပိတ်ရေလုပ်ငန်းလုပ်ကိုင်စားသူ ကိုနေမျိုးအောင်(၃၀နှစ်)သည် ယမန်နေ့ ညနေ ၆ နာရီကျော်တွင် ဗဝန်းပိတ်ရန် လက်ကပိုက်နားကိုင်ကာ ပိုက်ကိုခြေထောက်ဖြင့် နင်းပြီးမြှုပ်နေစဉ် မိကျောင်းအဝါကျားတစ်ကောင်က ကိုနေမျိုးအောင်၏ ဘယ်ဘက်ခြေထောက်ခြေဖမိုးကို ကိုက်ဆွဲပြီး ချောင်းအလယ်ဘက်သို့ ကိုက်ချီစဉ် ကိုနေမျိုးအောင်က ရန်းကန်ကာ ပိုက်နားကို လက်မလွှတ်ဘဲ ဆွဲယူ၍ မိကျောင်းကို ကျန်ခြေတစ်ဖက်ဖြင့် ကန်ကျောက်ပြီး ကမ်းခြေသို့ကပ်စဉ် အနီးအပါးမှ လုပ်ဖော်ကိုင်ဖက်များကလည်းကူညီပြီး ရေထဲသို့ ထိုးဝါးဖြင့် ဝိုင်းဝန်းခြောက်လှန့်မှုကြောင့် မိကျောင်းပါးစပ်မှ လွတ်ထွက်ပြီး အသက်ရှင်လွတ်မြောက်ခဲ့သည်။

ဒဏ်ရာရလူနာကို အနီးမှကူညီသူများနှင့် ဆတ်ကျွန်းအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်တို့က ညတွင်းချင်း ဘိုကလေးမြို့ ခုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ မိကျောင်းကိုက်ခံရမှုကြောင့် ဘယ်ဘက်ခြေလယ်တစ်ဆစ်ပြတ်ထွက်ပြီး(**အောက်ပုံ**) အကြောအချို့ပြတ်ထွက် ဒဏ်ရာရခဲ့သည်ဟု ဦးအောင်ကျော်မြင့်က ပြောသည်။

ယခုဖြစ်စဉ်သည် ယခုနှစ်တွင် ခြောက်ဦးမြောက် မိကျောင်းကိုက်ခံရမှုဖြစ်ကြောင်း သိရသည်။ ယခုအချိန်သည် ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် ကဏန်း ထောင်သူများ သတိပြုသင့်သော အချိန်ဖြစ်သည်။ မိကျောင်းမများသည် အကောင်ပေါက်ချိန်ဖြစ်၍ သားဇောဖြင့် ရန်လိုနေသော အချိန် အခါဖြစ်ကြောင်း သိရသည်။



**ဌေးနိုင်**
**(ဘိုကလေး)**

❖ *ကျောဖုံးမှ*

အနိုင်ရပါက ခြေစစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိသွားမည်ဖြစ်သည်။

လူငယ်ကစားသမားအများစုဖြင့် သွေးသစ်လောင်းထားသည့် မြန်မာအမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် စီနီယာကစားသမားများနှင့် လူငယ်ကစားသမားများကို တွဲဖက်အသုံးပြုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အသင်းမှာလည်း ယခင်ကထက် ခြေစွမ်းရောကစားပုံပါ သိသိသာသာတိုးတက်လာသောကြောင့် မြန်မာအသင်းအနေဖြင့် နိုင်ပွဲရရန် ပုံမှန်ထက် အားပိုထုတ်ခဲ့ရသည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ကစားသော်လည်း ဘင်္ဂလားဒေ့ရှ်အသင်း ကစားပုံကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး မိနစ် ၃၀ ကျော်မှသာ ဂိုးရခဲ့သည်။ မြန်မာအသင်းအတွက် ပထမဂိုးကို ၃၆ မိနစ်တွင် ထောင့်ကန်ဘောကို ခင်မိုးဝေ တိုက်ရိုက်ကန်သွင်းရာ ဝင်းသီဂီထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်အသင်း ပြိုဆင်းသွားပြီး ၄၃ မိနစ်တွင် ဝင်းသီဂီထွန်းကပင် ဒုတိယဂိုးထပ်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး တတိယဂိုးကို မိနစ် ၆၀ တွင် ခင်မိုးဝေက သွင်းယူခဲ့သည်။ တတိယဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်အသင်းသည် ခံစစ်သက်သက်ဖြစ်သွားပြီး မြန်မာအသင်း စိတ်ကြိုက်ကစားနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၈၃ မိနစ်တွင် လဲ့လဲ့လှိုင်၊ ၈၉ မိနစ်တွင် ရီရီဦးတို့က သွင်းယူခဲ့သည်။

ညနေ ၃ နာရီတွင် ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် အိန္ဒိယအသင်းနှင့် နီပေါအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် နိုဝင်ဘာ ၁၁ ရက်တွင် နီပေါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

✪ *ကျောဖုံးမှ*

အမျိုးသား၊ အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ကြေးတစ်ခု အသီးသီးရရှိခဲ့ကြသည်။ "ဒီပြိုင်ပွဲမှာ အသင်း ၁၆ သင်းထဲမှာ ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် ကစားသမားတွေ ကြိုးစားယှဉ်ပြိုင်ကြတယ်။ အသင်းကြီးတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့ကကစားသမား ၃၀ ကျော်လောက် ပါဝင် ယှဉ်ပြိုင်ကြတယ်။ မြန်မာအသင်းက လေးယောက်တည်းနဲ့ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်တွေကို ရရှိခဲ့ကြပါတယ်။ ဒီဇင်ဘာလမှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမယ့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲမှာလည်း ဗိုဗီနမ်ကစားနည်းပါဝင်မယ်။ ယခုလို အသင်းထက် အကောင်းဆုံးဖြစ်အောင် ကြိုးစားဖို့အတွက်လည်း ပြင်ဆင်ပြီး မြန်မာအသင်းပထမရရှိအောင် ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု အသင်းအုပ်ချုပ်သူ ဦးကျော်ဝင်းနိုင်က ပြောသည်။ ဒီပြိုင်ပွဲက ရက်လည်းတိုတယ်။ ပြိုင်ပွဲ အမျိုးအစားက အများကြီးပြိုင်ရတဲ့အခါ ကျတော့ ကြိုးစားယူရတယ်။ ကျွန်မတို့ ကစားသမားတွေနဲ့ တိုင်ပင်လေ့ကျင့်ခဲ့ရတယ်။အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ အိမ်ရှင် ဆီးဂိမ်းမတိုင်ခင်က ကစားနေရတော့ အတွေ့အကြုံရှိပြီးသားပါ။ အခုလို နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့အတွက်လည်း ဝမ်းသာတယ်။ ဆက်ကြိုးစားသွားမယ်။ AUG ပြိုင်ပွဲမှာလည်း တစ်ကိုယ်တော် လက်ကစားရမယ်။ ရွှေမျှော်မှန်းထားပါတယ်" ဟု ရွှေတစ်ခု၊ ကြေးလေးခုရ မခိုင်ဝါဖူးက ပြောသည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အားကစားသမား ၂၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံအလိုက်ရပ်တည်မှုအရ ရွှေ ၁၃ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၃ ခုဖြင့် ဗီယက်နမ်က ပထမ ၊ ရွှေ ၁၁ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၄ ခု ဖြင့် ကမ္ဘောဒီယားက ဒုတိယ ၊ ရွှေ သုံး ခု၊ ငွေ တစ်ခု၊ ကြေး ၁၀ ခု ဖြင့် မြန်မာနိုင်ငံက တတိယအဆင့် ရရှိခဲ့ကြောင်း သိရသည်။

မြန်မာဗိုဗီနမ်အသင်းသည် ယနေ့နံနက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

**အေကေလင်း**

❍ *ကျောဖုံးမှ*

ဒေးဗစ်ဒန်း (ရှမ်း)၊ နန္ဒကျော်၊ ဝင်းမိုးကျော်(မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ ပြည့်ဖြိုးဇော်(ရန်ကုန်)၊ **အလယ်တန်း** - လှိုင်းဘိုဘို၊ စည်သူအောင်၊ ရဲကိုဦး၊ ရဲရင့်အောင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ သန်းထက်အောင် (ဇွဲကပင်)၊ ထက်ဖြိုးဝေ၊ ရန်နိုင်ဦး (ရှမ်း)၊ လွင်မိုးအောင်(အား/ကာသိပ္ပံ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ **ရှေ့တန်း**- အောင်သူ(Police Tero)၊ ကောင်းဆက်နိုင် (ဆာမတ်ဆာခွန်)၊ ဇင်မင်းထွန်း(ရှမ်း)နှင့် အီစိုး(ရန်ကုန်) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် စက်တင်ဘာ ၂၈ ရက်တွင် ခြေစမ်းပွဲစတင်ယှဉ်ပြိုင်ကစားခဲ့ပြီး နိုင်ငံတကာ ခြေစမ်းပွဲခြောက်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးနိမ့်ထားသည်။

မြန်မာ့ လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှား၊ ဘိုလစ်ဗီးယား၊ ဘာရိန်း လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းကစားခဲ့ပြီး ကာတာခြေစမ်းခရီးစဉ်တွင် ကာတာကလပ် အယ်လ်ဒူဟေးလ်အသင်းနှင့် တစ်ပွဲ၊ ကာတာတပ်မတော် လက်ရွေးစင်အသင်းနှင့် နှစ်ပွဲယှဉ်ပြိုင်ကစားခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု (ခ) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို နိုဝင်ဘာ ၈ ရက်က စတင်ကျင်းပနေပြီဖြစ်ပြီး မြန်မာအသင်းမှာမူ ပထမပွဲအဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မန်ယူနှင့် မန်စီးတီးတို့ နိုင်ပွဲရသည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၄)

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၄)ကို နိုဝင်ဘာ ၈ ရက် ကြာသပတေးနံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဇ)မှ ဂျူဗင်တပ်စ်နှင့် မန်ယူပွဲတွင် အဝေးကွင်း၌ မန်ယူအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဂျူဗင်တပ်စ်အသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင်း စီရော်နယ်ဒိုနှင့် ဒိုင်ဘာလာတို့ကို ပွဲထွက်ခဲ့သည်။ ဧည့်သည် မန်ယူ အသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်တွင် လင်ဂတ်၊ ဆန်ချက်ဇ်နှင့် မာရှယ်လ်တို့အတွဲ ပွဲထွက်လာသည်။ ယင်းပွဲတွင် ပွဲစစချင်း နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ဂျူဗင်တပ်စ်အသင်း၏ တိုက်စစ်ဆင်မှုကို မန်ယူဂိုးသမား ဒီဂီယာ လက်စွမ်းပြကာကွယ်မှုကြောင့် ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ၆၅ မိနစ်တွင် ဂျူဗင်တပ်စ်နောက်တန်းကစားသမား ဘိုနူချီ၏ ဖန်တီးမှုမှ တစ်ဆင့် တိုက်စစ်မှူး စီရော်နယ်ဒိုက မြေမကျ ကန်သွင်းကာ အသင်းဟောင်းကို ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ဂျူဗင်တပ်စ်အသင်း ဆက်လက်တိုက်စစ်ဆင်ခဲ့ရာ မန်ယူအသင်း၏ တန်ပြန် တိုက်စစ်ကြောင့် ပွဲချိန် ၈၆မိနစ်တွင် ၁၈ကိုက်အစပ်၌ ပြစ်ဒဏ်ဘောရရှိကာ လူစားဝင်လာသော မာတာက တိုက်ရိုက်ကန်သွင်းယူခဲ့၍ မန်ယူအသင်း ချေပဂိုး ရရှိခဲ့သည်။ မန်ယူအသင်း စိတ်အားတက်ခဲ့ပြီး ပြန်လည်ဖိအားပေးခဲ့ရာ မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် အက်ရှ်လေယန်း၏ ဖြတ်တင်ဘောလုံးမှာ ဂျူဗင်တပ်စ် နောက်တန်းလူ ဘိုနူချီနှင့်ထိ၍ ဂိုးဝင်ခဲ့ရာ မန်ယူအသင်း အနိုင်ဂိုးရရှိခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင် ဂျူဗင်တပ်စ်အသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုလည်း အများဆုံးပြုလုပ်နိုင်ခဲ့သည်။ အုပ်စု(ဇ) နောက်ထပ် ပွဲစဉ်တစ်ပွဲတွင် ဗလင်စီယာက ယန်းဘွိုင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် ဂျူဗင်တပ်စ်က ရမှတ်ကိုးမှတ်ဖြင့် ဦးဆောင်နေပြီး မန်ယူက ခုနစ်မှတ်၊ ဗလင်စီယာက ငါးမှတ်နှင့် ယန်းဘွိုင်းက တစ်မှတ်သာရရှိထားသည်။

အခြားပွဲစဉ်တစ်ပွဲဖြစ်သော အုပ်စု(စ)မှ အင်္ဂလန်ကလပ် မန်စီးတီးက ရှက်တာဒိုးနက်ခ်ကို ခြောက်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ မန်စီးတီးအတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၃မိနစ်တွင် ဒေးဗစ်ဆေးလ်ဗား၊ ဂါဘရီရယ်ဂျီးဆပ်က ပွဲချိန် ၂၄မိနစ်(ပယ်နယ်တီ)၊ ၇၂မိနစ်(ပယ်နယ်တီ)နှင့် မိနစ် ၉၀ တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး ၄၉ မိနစ်တွင် စတာလင်းနှင့် ၈၄မိနစ်တွင် မာရက်ဇ်တို့က သွင်းယူခဲ့သည်။ အုပ်စု(စ)မှ ပွဲစဉ်တစ်ပွဲဖြစ်သော လိုင်ယွန်နှင့် ဟော်ဖန်ဟိမ်းမှာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းအုပ်စုတွင် မန်စီးတီးက ကိုးမှတ်၊ လိုင်ယွန်က ခြောက်မှတ်၊ ဟော်ဖန်ဟိမ်းက သုံးမှတ်နှင့် ရှက်တာဒိုးနက်ခ်အသင်းမှာ နှစ်မှတ်သာ ရရှိထားသည်။

အုပ်စု(င)တွင် ဘိုင်ယန်မြူးနစ်က AEK အေသင်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဘင်ဖီကာနှင့် အေဂျက်အသင်းမှာ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းအုပ်စုတွင် ဘိုင်ယန်မြူးနစ်က ၁၀ မှတ်၊ အေဂျက်က ရှစ်မှတ်၊ ဘင်ဖီကာ လေးမှတ်နှင့် AEK အေသင်မှာ အမှတ်မရရှိသေးပေ။ အုပ်စု(ဆ)တွင် ရိုးမားက CSKAမော်စကို ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ရီးရဲမက်ဒရစ်က ငါးဂိုး-ဂိုးမရှိဖြင့် ဗစ်တိုးရီးယားပါလ်ဇန်ကို ဂိုးပြတ်အနိုင်ရခဲ့သည်။ ယင်းအုပ်စု၌ ရီးရဲနှင့် ရိုးမားတို့မှာ ရမှတ်ကိုးမှတ်စီရရှိထားပြီး CSKA မော်စကိုက လေးမှတ်နှင့် ဗစ်တိုးရီးယားပါလ်ဇန်မှာ တစ်မှတ်သာရရှိထားသည်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စုပွဲစဉ် လေးပွဲယှဉ်ပြိုင်အပြီးတွင် ၁၆ သင်းအဆင့်သို့ တက်ရောက်ရန် သေချာသွားသည့် အသင်းများပေါ်ထွက်ခဲ့ပြီး အုပ်စုပွဲစဉ်(၅)ကို နိုဝင်ဘာ ၂၈ ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**



# ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၈**

ပင်လောင်းမြို့နယ် လိန်းညာကျေးရွာ အရှေ့ဘက် သုံးမိုင်ခွဲခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်းဧက ၂၀ ခန့်ကို ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဟံ ဦးစီးသည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ ဆီဆိုင်မြို့နယ် နားစေးစောက်ကျေးရွာ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၁၃ ဒသမ ၅ ဧကခန့်ကို ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သီဟန် ဦးစီးသည့် ပူးပေါင်းအဖွဲ့တို့ကလည်းကောင်း ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ပျဉ်းကတိုးသစ်များ ဖမ်းဆီးစဉ် ယာဉ်မောင်းသေဆုံး

**ကျောက်တံခါး နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်း အပိုင် ပဲခူးရိုးမတောင်ပေါ် မြောက်ဇာမဏီ(၄၁)မိုင် သစ်တောဂိတ်တွင် ရဲကင်းမှူး တာဝန်ထမ်းဆောင်နေသော ရဲတပ်ကြပ်ကြီး ဝင်းမင်းဦးသည် နိုဝင်ဘာ ၇ ရက် ည ၈ နာရီခွဲက မူးယစ်ဆေးဝါးနှင့်တရားမဝင်သစ်များ တင်ဆောင်မောင်းနှင်လာသောယာဉ်ကို သတင်းအရ စစ်ဆေးရန် ရပ်တန့်ခိုင်းရာ ရပ်တန့်ပေးခြင်းမရှိသဖြင့် နောက်မှဆိုင်ကယ်ဖြင့်လိုက်၍ သေနတ်နှစ်ချက် ပစ်ဖောက်ဖမ်းဆီးရာမှ ယာဉ်မောင်းမှာ သေနတ်ဒဏ်ရာဖြင့် နေရာတွင် သေဆုံးမှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၊ သစ်တောလုံခြုံရေး၊ ရဲတပ်ဖွဲ့များ၊ သစ်တောဝန်ထမ်းများ၊ ဖဒိုနယ်မြေစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့ချောင်းအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အသိသက်သေများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဖြစ်စဉ်မှာ တရားမဝင်သစ်နှင့် မူးယစ်ဆေးဝါးများ သယ်ဆောင်မောင်းနှင်လာသော ယာဉ်အမှတ် SHE-6E/---- ယာဉ်ကို ရဲတပ်ဖွဲ့က ရပ်တန့်ခိုင်းရာ ရပ်တန့်ပေးခြင်းမရှိသဖြင့် နောက်မှဆိုင်ကယ်ဖြင့် ရဲတပ်ဖွဲ့ဝင်က လိုက်လံဖမ်းဆီးခဲ့ကြောင်း၊ ပဲခူးရိုးမတောင်ပေါ်(၁၉)မိုင် တဲစုအနီးတွင် ယာဉ်ကို မီသွားခဲ့သော်လည်း ရပ်တန့်မပေးဘဲ လေးခွဖြင့် ပြန်လည်ပစ်ခတ်သဖြင့် ရဲတပ်ကြပ်ကြီးဝင်းမင်းဦး၏ ဦးခေါင်းယာဘက်ချိုစောင်းကို ထိမှန်ခဲ့ကြောင်း၊ ယာဉ်၏ နောက် ကိုက် ၁၀၀ ခန့်မှ M-16သေနတ်ဖြင့် နှစ်ချက်ပစ်ခဲ့ရာ ယာဉ်၏ နောက်ပိုင်းအဖုံးသို့ ထိမှန်ကာ ထိုင်ခုံကူရှင်ကို ဖောက်၍ ယာဉ်မောင်း ဝင်းဇေယျ(၂၂နှစ်) မြို့ချောင်းကျေးရွာ ကျောက်တံခါးမြို့နယ်နေသူ၏ ဝဲဘက်နောက်ကျောကုန်းကို ထိမှန်ကာ နေရာတွင် သေဆုံးခဲ့သဖြင့် သေဆုံးသူကို မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ယာဉ်ပေါ်ပါပစ္စည်းများကို စစ်ဆေးရာ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြား၊ သံတုတ်တစ်ချောင်း၊ ငှက်ကြီးတောင်ဓားတစ်ချောင်း၊ ဓားဦးချွန် အရှည်နှစ်ချောင်း၊ ပျဉ်းကတိုးခွဲသားဆိုက်စုံ ၀ ဒသမ ၂၄၆ တန်နှင့် လက်ထိုးလွှတစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့က သစ်တောဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

# ကြံခင်းမြို့နယ်၌ ပုဂ္ဂလိကပိုင် ရေနံချက်ဖို မီးလောင်

**ကြံခင်း နိုဝင်ဘာ ၈**

ကြံခင်းမြို့နယ် ကွမ်းအစ်ကုန်းကျေးရွာအုပ်စု ပုသိမ်-မုံရွာကားလမ်းဘေး မိုင်တိုင်အမှတ်(၁၃၀/၇) အနီးရှိ ဟင်္သာတမြို့နယ် ဓမ္မိကျေးရွာနေ ဦးအောင်ကျော်ဦးပိုင် ရေနံချက်ဖို၌ နိုဝင်ဘာ ၈ ရက် နံနက် ၅ နာရီ မိနစ် ၄၀ ခန့်က ဦးအုန်းမြင့်ပါ သုံးဦးတို့ ရေနံစိမ်းများ ကျိုချက်စဉ် အိုးယိုစိမ့်မှုကြောင့် ဖိုအောက်ဘက်ရှိ လောင်စာတောင့်နှင့် ရေနံချေးများပေါ်သို့ မီးစများကျရောက်ကာ မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘက်ရဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ရေနံချက်ဖိုအလုပ်သမားများက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၆ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ ယင်းမီးလောင်မှုကြောင့် ပေ ၂၀ ပတ်လည်ရှိ သွပ်မိုး၊ သံထည်အဆောက်အအုံတစ်လုံး ပျက်စီးဆုံးရှုံးသွားပြီး ပတ်ဝန်းကျင်ရှိအဆောက်အအုံများသို့ မီးကူးစက်ခြင်း မရှိကြောင်း၊ လူနှင့် တိရစ္ဆာန်ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ရေနံချက်ဖိုတာဝန်ခံ ဦးမျိုးဝင်းထွန်း(၃၉နှစ်)ကို ကွမ်းအစ်ကုန်းအုပ်စုအုပ်ချုပ်ရေးမှူး ဦးအေးမင်းထွန်းက တရားလိုပြုလုပ်၍ ဘက်ရဲနယ်မြေရဲစခန်းက အမှုဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သိရသည်။

ဌေးမင်း

# ယာဉ်မောင်းအိပ်ငိုက်ကာ ကားလမ်းဘေးရှိ ချောင်းအတွင်း ၂၂ ဘီးယာဉ် ထိုးကျ

**ရေတာရှည် နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက်အထွက် ရန်ကုန်-မန္တလေးကားလမ်း ညောင်ပင်သာကျေးရွာအနီး၌ ယနေ့ နံနက် ၇ နာရီခွဲခန့်က ယာဉ်မောင်းအိပ်ငိုက်ကာ ချောင်းအတွင်းသို့ ၂၂ ဘီးကုန်တင်ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။



အခင်းဖြစ်ပွားရာသို့ ရေတာရှည်မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး ကြည်ဖေ ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ သီဟ (၃၆ နှစ်) ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်ပြီး ညီညီလွင် (၂၁ နှစ်) ရွှေပြည်သာမြို့နယ် ၆ နေသူလိုက်ပါလာသော FUSO 2N/----- ၂၂ ဘီးယာဉ်သည် အခင်းဖြစ်ပွားသည့် မိုင်တိုင် ၁၉၃/၃ နှင့် ၄ အကြား အရောက် ယာဉ်မောင်း အိပ်ငိုက်ပြီး ကားလမ်းအရှေ့ဘက် ချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

သန်းလွင်

# မြန်မာ့ရုပ်မြင်သံကြား

၉ . ၁၁ . ၂၀၁၈(သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၀ - "ရတနာထဲကရတနာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်"
၁၁း၃၅ - အလုပ်သမားရေးရာ အစီအစဉ်
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၁၉)
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါချောင်အန်း" (အပိုင်း-၃၀)
၁၄း၁၅ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂) ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ နိုင်နိုရှိန်(ဖထီး)

**ညပိုင်း**

၁၆း၃၅ - "၂၀၁၈ ခုနှစ် အာဆီယံ တက္ကသိုလ်များ အားကစား ပြိုင်ပွဲအကြိုလေ့ကျင့်မှုများ" (ပိုက်ကျော်ခြင်းနှင့် ရိုးရာခြင်းလုံး)
၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "ဆီးချိုသွေးချိုအန္တရာယ် မိခင်လောင်းများ သတိပြုဖွယ် ပုံမှန်စစ်ဆေးကုသဖို့ ဝိုင်းဝန်းဆောင်ရွက်စို့"
၁၈း၂၀ - BBC Click
၁၈း၃၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "အမုန်းတွေ ခေါက်ထားလိုက်+မီ"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၂၀)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "သဘာဝကိုအခြေခံကာ သုတရှာရင်းအပန်းဖြေပါ" (ဇင်းတောင် သဘာဝလင်းနို့ဂူ)
- မီးလျှံဒိုင်ယာရီ (ပထမပိုင်း)

# သိန်းနီမြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က သိန်းနီမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် လွမ်းတောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀၀ ၊ ငွေကျပ် ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုသိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ည ၇နာရီ ၁၅ မိနစ်တွင် လားရှိုးမြို့နယ် အီနိုင်းကျေးရွာအုပ်စု တာကြိုင်းကျေးရွာ အမှတ်(၁၉)နေ ကျန်းချွန်ရှမ်း (ခ) လောက်စီး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ သံဘူးအတွင်း စက္ကူဖြင့်ထုပ်လျက် ဘိန်းစိမ်း ၂၂ ဂရမ်နှင့် ငွေကျပ် ၃၀၀၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် လွမ်းတောင်(၃၇ နှစ်)နှင့် ကျန်းချွန် ရှမ်း(ခ)လောက်စီး(၅၄ နှစ်) တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂၄ စီး၊ သွင်းကုန် ၅၂၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၅၀၊ သွင်းကုန် ၁၆၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၅၅၂ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**စစ်ဆေးတွေ့ရှိ**

ထူးခြားဖမ်းဆီးမှု အနေဖြင့် နိုဝင်ဘာ ၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်မော်တော်ယာဉ် တစ်စီးပေါ်နှင့် သစ်ဆိမ့်ပင်ကျေးရွာရှောင်ကွင်းလမ်းတွင် စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Brand New Car Spare Parts Radiator Tank (28 U) နှင့် Activated Carbon(25 Kg) (50 Bags) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅၂ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကော့သောင်းခရိုင်အတွင်း အင်ဒိုနီးရှားတရားမဝင် ငါးဖမ်းလှေတစ်စင်း ဖမ်းဆီးရမိ



**ကော့သောင်း နိုဝင်ဘာ ၈**

ကော့သောင်းခရိုင် အက်ဒမန်ပင်လယ် မြန်မာ့ရေပိုင်နက်အတွင်း မြန်မာ့တပ်မတော် (ရေ)မှ နိုဝင်ဘာ ၆ ရက် ညပိုင်းက ဖမ်းဆီးရမိသည့် အင်ဒိုနီးရှား တရားမဝင် ငါးဖမ်းလှေတစ်စင်းကို နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက လာရောက်လွှဲပြောင်း အပ်နှံခဲ့ကြောင်း ကော့သောင်းမြို့ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းခရိုင် အက်ဒမန်ပင်လယ်အတွင်းရှိ သံကျွန်းအနောက်မြောက် ၅၄ မိုင်အကွာတွင် မြန်မာ့ တပ်မတော်(ရေ) မှ စစ်ရေယာဉ်တစ်စင်း ပင်လယ်ပြင်စိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မသင်္ကာဖွယ်ရာတွေ့ရှိရသည့် ငါးဖမ်းရေယာဉ်တစ်စင်းကို သွားရောက်စစ်ဆေးရာ လှေပေါ်ပါသူအားလုံး ရေထဲသို့ ခုန်ချထွက်ပြေးသဖြင့် လိုက်လံဆယ်ယူခဲ့ကြောင်း၊ ငါးဖမ်းလှေလုပ်သား ၁၅ ဦးအနက် တစ်ဦးရေနစ်သေဆုံးခဲ့ပြီး အသက်ရှင်သူ ၁၄ ဦးနှင့်အတူ BIN TANG JAS အမည်ရှိ အလျား ၅၅ ပေ၊ အနံ ၁၆ ပေ ၅ လက်မ၊ ရေစူး ၇ ပေ ၅လက်မခန့်၊ သစ်သားကိုယ်ထည် အင်ဒိုနီးရှား တရားမဝင် ငါးဖမ်းလှေကို စစ်ဆေးဖမ်းဆီးရမိပြီး ကော့သောင်းမြို့ ရဲတပ်ဖွဲ့စခန်းသို့ နိုဝင်ဘာ ၇ ရက်တွင် လွှဲပြောင်းအပ်နှံခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသည့် တရားမဝင် ငါးဖမ်းလှေနှင့် လှေလုပ်သားများကို ကော့သောင်းမြို့ ရဲတပ်ဖွဲ့စခန်းက အရေးယူနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဆက်လက် ဆောင်ရွက်နေကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

# ဒီပါဝလီ မီးရှူးမီးပန်း ပစ်လွှတ်မှုများကြောင့် ဒေလီမြို့တစ်ဝန်းလုံး အဆိပ်မီးခိုးငွေ့များ ပျံ့နှံ့နေ

**နယူးဒေလီ နိုဝင်ဘာ ၈**

နိုင်ငံတော်တရားရုံးချုပ်မှ မီးရှူးမီးပန်း ပါတီကျင်းပခြင်းကို တားမြစ်ရန် ကြိုးပမ်းနေသော်လည်း ဒီပါဝလီနေ့ မီးရှူးမီးပန်းများပစ်လွှတ်မှုများကြောင့် နိုဝင်ဘာ ၈ ရက်က နယူးဒေလီမြို့ လေထုမှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေသည်။

နာမည်ကျော်နေရာများဖြစ်သည့် အိန္ဒိယဂိတ်၊ အနီရောင်ခံတပ်တို့သည်လည်း အဆိပ်ရှိသောမီးခိုးငွေ့များကြား နစ်မြုပ်နေသည်။ ဒီပါဝလီသည် နှစ်တစ်နှစ်အတွင်း ဟိန္ဒူပွဲတော်များတွင် အကြီးကျယ်ဆုံးပွဲတော်လည်းဖြစ်သည်။ ရှေးရိုးအစဉ်အလာကတည်းက မီးရှူးမီးပန်းပစ်ဖောက်မှုများပြုလုပ်ခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီး၏ သတ်မှတ်ချက်အရ လေထုညစ်ညမ်းမှုအများဆုံးမြို့တစ်မြို့ဖြစ်သည့် ဒေလီမြို့တွင် ကြာသပတေးနေ့ နံနက်ပိုင်းက ဆိုးရွားသည့်လေထုညစ်ညမ်းမှုရှိနေပြီး လေထုအရည်အသွေးမှာ ၅၉၅ အထိ ရှိနေသည်ဟု ဒေလီမြို့ရှိ အမေရိကန်သံရုံး၏ လေထုအဆင့်တိုင်းတာမှုများအရ သိရသည်။

လေထုအရည်အသွေး ၃၀၀ အထက်ရောက်လာလျှင် ကျန်းမာရေးအတွက် အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားကြသည်။ အိန္ဒိယတရားရုံးချုပ်က လွန်ခဲ့သောလတွင် မီးခိုးအနည်းငယ်သာထွက်သော မီးရှူးမီးပန်းများကို ဒေလီမြို့တွင် ရောင်းချခွင့်ပေးခဲ့သည်။ အထူးတရားရုံးသည် ည ၈ နာရီမှ ၁၀ နာရီအတွင်းသာ မီးရှူးမီးပန်းဖြောက်အိုးများ ပစ်ဖောက်မှုကို ခွင့်ပြုထားသည်။

သို့သော်မြို့တော်အတွင်းရှိ သန်း ၂၀ သောလူဦးရေမှာ အဆိုပါအမိန့်ကိုလျစ်လျူရှုထားကြသည်။ ဒေလီရဲများသည် နိုင်ငံတော်တရားရုံးချုပ်၏ အမိန့်ကို ချိုးဖောက်သူများအား အပြစ်ပေးရန်ရည်ရွယ်ခဲ့သော်လည်း ချက်ချင်းအရေးယူမှုများမပြုလုပ်နိုင်သေးပေ။ ဒေသခံရဲစခန်းများတွင် မကျေနပ်၍ တိုင်တန်းမှုများနှင့် ပြည့်နှက်နေပြီး သတင်းအချက်အလက်များကိုစုစည်းနိုင်ရန် ကြိုးပမ်းနေသည်ဟု ဒေလီရဲစခန်းမှ ပြောရေးဆိုခွင့်ရှိသူ အနေးလ်မက်တယ်က အေအက်ဖ်ပီသို့ ပြောသည်။

ဒေလီမြို့လေထုအရည်အသွေးမှာ ဆောင်းရာသီရောက်လျှင် ဆိုးရွားလာပြီး ရိုးပြတ်တောများမီးရှို့မှု၊ ဒီဇယ်အင်ဂျင်များမောင်းနှင်မှု၊ ကျောက်မီးသွေးသုံးစက်ရုံများလည်ပတ်မှု၊ စက်ရုံများမှ မီးခိုးများထုတ်လွှတ်မှုများကြောင့် ပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**



ဒေလီမြို့တော်တစ်ခွင် မီးရှူးမီးပန်းကြောင့် လွှမ်းခြုံနေသော မီးခိုးငွေ့များကို တွေ့ရစဉ်။

# ယီမင်နိုင်ငံ၌ လူဦးရေ ၁၄ သန်းနီးပါး ငတ်မွတ်ခေါင်းပါးခြင်းနှင့် ရင်ဆိုင်ရတော့မည်

**အေဒင် နိုဝင်ဘာ ၈**

ယီမင်နိုင်ငံတွင် ၁၄ သန်းသော ပြည်သူများသည် ငတ်မွတ်ခြင်းဘေးနှင့် ရင်ဆိုင်ရတော့မည်ဖြစ်၍ စစ်ပွဲများအားလုံး အဆုံးသတ်ပေးရန် အပြည်ပြည်ဆိုင်ရာ အင်န်ဂျီအို အုပ်စုများနှင့် ယီမင်နိုင်ငံသား ၃၅ ဦးတို့က ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုလိုက်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဖက်ဒရေးရှင်း၊ ဆာလောင်မှု တိုက်ဖျက်ရေး လှုပ်ရှားမှု၊ ကမ္ဘာလုံးဆိုင်ရာဆရာဝန်များ၊ Oxfam နှင့်ယီမင်နိုင်ငံမှ အဖွဲ့အစည်းများအားလုံး စုပေါင်း၍ လက်မှတ်ရေးထိုးထားသော လျှောက်လွှာတွင် စစ်ပွဲများအဆုံးသတ်ပေးရန် တောင်းဆိုထားခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသား အမျိုးသမီးနှင့်ကလေးများ အပါအဝင် ၁၄ သန်းသော ပြည်သူများမှာ ငတ်မွတ်ခြင်းချောက်ကမ်းပါးသို့ ကျရောက်တော့မည်ဖြစ်ကြောင်း၊ ယင်းပမာဏမှာ တိုင်းပြည်လူဦးရေ၏ ထက်ဝက်နီးပါးခန့် ရှိကြောင်း၊ ယခုအချိန်ထက် ပို၍ အရေးကြီးသော အချိန်မရှိတော့ကြောင်း ယီမင်အဖွဲ့အစည်းများနှင့် အင်န်ဂျီအို အုပ်စုများပူးတွဲလက်မှတ်ရေးထိုးထားသော အသနားခံစာတွင် ပါရှိသည်။



အာဟာရချို့တဲ့မှုကြောင့် ဆေးရုံတက်နေရသည့် ကလေးငယ်တစ်ဦးကို မိခင်နှင့်အတူ တွေ့ရစဉ်။

ယီမင်အစိုးရအနေဖြင့် ထိုးစစ်ဆင်တိုက်ပွဲများ ရပ်တန့်ပေးရန် ၊ စစ်ပွဲတွင် လက်နက်ထောက်ပံ့ပေးမှုများ ရပ်ဆိုင်းရန် အသနားခံတောင်းဆိုခဲ့ကြသည်။ ယီမင်နိုင်ငံသည် ၂၀၁၅ ခုနှစ်မှစ၍ တိုက်ပွဲအတွင်းကျရောက်ခဲ့သည်။ ယီမင်အစိုးရကို ကျောထောက်နောက်ခံပေးထားသော ဆော်ဒီဦးဆောင်သည့် မဟာမိတ်များနှင့် ဟူသီသူပုန်များအကြား တိုက်ပွဲများ ဖြစ်ပွားနေခြင်းဖြစ်သည်။

လူသားများ၏ လုပ်ရပ်ကြောင့် ပေါ်ပေါက်လာရသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြဿနာများ၏ အကျိုးဆက်ဖြင့် အစားအစာ၊ လောင်စာနှင့် ဆေးဝါးများတင်သွင်းရန်မဖြစ်နိုင်တော့ပေ။ ၂၀၁၅ တိုက်ပွဲများအတွင်း လူပေါင်းတစ်သောင်းနီးပါးခန့်မှာ အသက်ဆုံးရှုံးခဲ့ရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ **အေအက်ဖ်ပီ**

# ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ ဒုက္ခသည် ပြန်လည်လက်ခံရေး ဆွေးနွေး

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၈**

ပါကစ္စတန်၌ တရားမဝင်နေထိုင်နေကြသည့်လူများ၊ ပါကစ္စတန်ရောက် အာဖဂန်ဒုက္ခသည်များကို နေရပ်ပြန်ပို့ပေးရန်အတွက် အစ္စလမ္မာဘတ်မြို့တွင် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်မှ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်။

အာဖဂန်နိုင်ငံသားများနေရပ်ပြန်ပို့ပေးနိုင်ရေးအတွက် နှစ်ဦးနှစ်ဖက်အပြန်အလှန် အဆင်ပြေစေမည့်နည်းလမ်းများကို ရှာဖွေခဲ့ကြသည်ဟု ပါကစ္စတန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောသည်။

အမျိုးမျိုးသော အာဖဂန်ဒုက္ခသည်များကို နေရပ်ပြန်ပို့ရာတွင် လုပ်ငန်းစဉ်များ၊ အချိန်သတ်မှတ်ချက်များကို ဆုံးဖြတ်ခဲ့ကြသည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ပါဝင်သည်။ အာဖဂန်- ပါကစ္စတန် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး အစီအစဉ်အောက်တွင် အတူတကွအလုပ်လုပ်သွားကြရန် နှစ်နိုင်ငံလုံးကသဘောတူညီခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏အဓိကအစိတ်အပိုင်းများမှာ အကြမ်းဖက်သမားများ တိုက်ဖျက်ရေး၊ အကြမ်းဖက်မှုလျှော့ချရေး၊ ငြိမ်းချမ်းရေးနှင့်ပြန်လည်တည်ထောင်ရေး၊ ဒုက္ခသည်များနေရပ်ပြန်ပို့ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်သည်။

နှစ်နိုင်ငံလုံးမှ ဝန်ကြီးဌာနများသည်လည်း သံတမန်ရေးရာနိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုဟူသော ထီးတစ်ချောင်းအောက်တွင် အတူတကွ အလုပ်လုပ်ဆောင်ကြမည်ဖြစ်သည်။ နောက်တစ်ကြိမ်အစည်းအဝေးပွဲကို အာဖဂန်နိုင်ငံ ကဘူးလ်မြို့တွင် ပြုလုပ်သွားမည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

# ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအရ အမေရိကန်အောက်လွှတ်တော်တွင် အမျိုးသမီး ၁၀၀ ခန့် နေရာရ

**ဝါရှင်တန် နိုဝင်ဘာ ၈**

အင်္ဂါနေ့က ပြုလုပ်ခဲ့သော အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲတွင် အမေရိကန်အောက်လွှတ်တော်၌ အမျိုးသမီး အမတ် ၁၀၀ကျော် နေရာရရှိခဲ့သည့်အတွက် ပထမဆုံးအကြိမ် အမျိုးသမီးအများစုနေရာရရှိခြင်း ဖြစ်လာသည်။

ဗုဒ္ဓဟူးနေ့တွင် ကယ်လီဖိုးနီးယားပြည်နယ်မှ အသက် ၃၁ နှစ်အရွယ် ကေတီဟေးလ်က အနိုင်ရခဲ့ပြီး အောက်လွှတ်တော်တွင် အမျိုးသမီးဦးရေမှာ ၁၀၀ ကျော်ရှိလာခဲ့သည်။


ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် အမျိုးသမီး ၈၄ ဦးနေရာရခဲ့ရာ ယခုတစ်ကြိမ်မှာ ပို၍များပြားလာခဲ့သည်။ ၈၅ ရာခိုင်နှုန်းသော အမျိုးသမီးများမှာ ဒီမိုကရက်များဖြစ်ကြပြီး အသက် ၂၉ နှစ်အရွယ်အသက်အငယ်ဆုံးအမျိုးသမီးအမတ်လည်း ပါဝင်လာခဲ့သည်။ ထို့ပြင် အစ္စလာမ်ဘာသာဝင် အမျိုးသမီးနှစ်ဦးလည်း ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။

ရွေးကောက်ပွဲဝင် အမျိုးသမီးများသည် လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာကျူးလွန်ခဲ့မှုကိုဆန့်ကျင်သည့် Me too လှုပ်ရှားမှု၌ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာသူများ ဖြစ်သည်။

သို့သော် အောက်လွှတ်တော်တွင် အမျိုးသမီးအရေအတွက်မှာ ၂၃ ရာခိုင်နှုန်းခန့်သာ ရှိနေသေးသည်။

အောက်လွှတ်တော်အတွင်း နေရာရခဲ့သည့် အစ္စလာမ်ဘာသာဝင်အမျိုးသမီးနှစ်ဦးအနက် တစ်ဦးမှာ အသက် ၃၇ နှစ်အရွယ် အိုမာဆိုသူဖြစ်ပြီး ၎င်းသည် မီနီဆိုတာပြည်နယ်မှ အနိုင်ရရှိခဲ့သည်။ ၎င်းသည် ဆိုမာလီတွင် မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၉၁ ခုနှစ်က ပြည်တွင်းစစ်ပွဲအတွင်း မိသားစုနှင့်အတူ အမေရိကန်သို့ ထွက်ပြေးလာခဲ့သည်။ ကင်ညာနိုင်ငံရှိ ဒုက္ခသည်စခန်းတွင် လေးနှစ်ကြာနေထိုင်ခဲ့ရပြီး အမေရိကန်ပြည်ထောင်စုသို့ ဆယ်ကျော်သက်အရွယ်တွင် ရောက်ရှိလာခဲ့သည်။

အသက် ၂၉ နှစ်အရွယ် အလက်ဇန္ဒြားအိုကာစီရိုသည် အောက်လွှတ်တော်တွင် အသက်အငယ်ဆုံးအမျိုးသမီးတစ်ဦးဖြစ်လာပြီး ပွာတိုရီကန်မိသားစုမှ ပေါက်ဖွားလာသူဖြစ်သည်။ ယင်းပါတီမှ ဒီမိုကရက်တစ်အမတ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းပေးခဲ့သည်။ **အင်န်အိတ်ခ်ျကေ**




ကြားဖြတ်ရွေးကောက်ပွဲအပြီး အောင်ပွဲခံနေကြသူများကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ကင်မရွန်း၌ ကျောင်းသားကျောင်းသူနှင့် ဝန်ထမ်းများ ပြန်ပေးဆွဲခံရ

**ယောင်ဟွန်ဒေး နိုဝင်ဘာ ၈**

ကင်မရွန်းနိုင်ငံ အနောက်တောင်ပိုင်းဒေသရှိ စာသင်ကျောင်းတစ်ကျောင်းတွင် မကြာသေးမီက ကျောင်းသား ကျောင်းသူ ၇၉ ဦးနှင့် ကျောင်းဝန်ထမ်းသုံးဦး ပြန်ပေးဆွဲခံရကြောင်း၊ ပြန်ပေးဆွဲခံရသူများကို ဘေးကင်းလုံခြုံစွာ ကယ်တင်နိုင်ရေး အပူတပြင်း ရှာဖွေလျက်ရှိကြောင်း၊ ပြန်ပေးဆွဲသူမှာ အကြမ်းဖက်သမားများဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး အစ်ဆာချီရိုမာက ပြောကြားခဲ့သည်။

ကင်မရွန်းနိုင်ငံ အနောက်တောင်ပိုင်းဒေသ ဘာမင်န်ဒါမြို့ရှိ ပုဂ္ဂလိကစာသင်ကျောင်းတစ်ကျောင်းတွင် ပြန်ပေးဆွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကင်မရွန်းနိုင်ငံ၏ ရုံးသုံးဘာသာစကားမှာ ပြင်သစ်ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားဖြစ်ပြီး အင်္ဂလိပ်ဘာသာစကား အသုံးပြုသည့် လူဦးရေသည် အဆိုပါ နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလမှစကာ အင်္ဂလိပ်ဘာသာစကား အသုံးပြုသည့် နေရာများတွင် ဆန့်ကျင်ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားခဲ့သောကြောင့် ဒေသခံများက ဗဟိုအစိုးရကို အပြစ်တင်လျက်ရှိသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ဆန့်ကျင်ဆန္ဒပြမှုများသည် လက်နက်ကိုင်ပဋိပက္ခအဖြစ်သို့ ကူးပြောင်းလာပြီး အချို့ခွဲထွက်ရေးသမားများက အစိုးရဌာနများနှင့် စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲမှုများ လုပ်ဆောင်လျက်ရှိသောကြောင့် လုံခြုံရေးတပ်ဖွဲ့များနှင့် မကြာခဏ ပဋိပက္ခဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### အီသီယိုးပီးယားနိုင်ငံ၌ လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲရာ လေးဦးသေဆုံး

**အဒစ်အဘာဘာ နိုဝင်ဘာ ၈**

အီသီယိုးပီးယားနိုင်ငံ မြောက်ပိုင်း အမ်ဟာရာပြည်နယ်၌ လက်ပစ်ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့ပြီး နောက်ထပ်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာဖြစ်သော အမ်ဟာရာ မက်ဆာမီဒီယာ အေဂျင်စီက မကြာသေးမီတွင် ဖော်ပြခဲ့သည်။

ဗုံးပေါက်ကွဲမှုသည် အမ်ဟာရာပြည်နယ် မြောက်ဂွန်ဒါဇုန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လူတစ်စုမှ လက်ပစ်ဗုံးတစ်လုံးကို တရားမဝင်ယူဆောင်လာပြီး ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့ကို လက်ရှိတွင် ပြည်တွင်းဆေးရုံတစ်ခု၌ ဆေးကုသပေးလျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။

အီသီယိုးပီးယားနိုင်ငံတွင် နိုင်ငံတစ်ဝန်းလက်နက်လိုင်စင်နှင့် လက်နက်ကိုင်ဆောင်မှုများကို တင်းကျပ်စွာ ထိန်းချုပ်ထားသည်။ **ဆင်ဟွာ**

# နှုတ်ဆက်ပါတယ် အိန်ဂျလာမာကယ်

***ထွန်းသစ်စ***



ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့ကိုအတူ တွေ့ရစဉ်။

> “မာကယ်အနေနဲ့ အခုလိုနှုတ်ဆက်ထွက်ခွာမယ့် အနေအထားဟာ ဂျာမနီကို ပိုပြီး အထီးကျန်ဖြစ်စေနိုင်သလို မတည်မငြိမ်လည်း ဖြစ်စေနိုင်တယ်လို့ ဆိုကြသလို ဥရောပနဲ့ နိုင်ငံတကာကိုလည်း ဦးဆောင်နိုင်မှု လျော့နည်းသွားမယ်လို့ ထင်မြင်ယူဆလျက်ရှိပါတယ်”

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တစ်ယောက် သူ့ရဲ့လေးကြိမ်မြောက်နဲ့ နောက်ဆုံးသက်တမ်းအတွက် သေချာရေရာမှုမရှိဘဲ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။ သူ့အနေနဲ့ နိုင်ငံရေးလောကကနေပြီးတော့ မကြာမီမှာ နှုတ်ဆက်ထွက်ခွာသွားမယ် ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။

**မာကယ်ထွက်ခွာမှု မေးခွန်းထွက်ပေါ်**

လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတော့ နယူးယောက်တိုင်းမ်က အိန်ဂျလာမာကယ်ကို ဥရောပရဲ့ ဝန်ပိနေတဲ့ ခေါင်းဆောင်တစ်ယောက် အဖြစ် ဖော်ပြခဲ့ပါတယ်။ အခုအခါမှာတော့ အန်ဂျလာမာကယ်ဟာ ဂျာမနီဝန်ကြီးချုပ်နေရာက ထွက်ခွာတော့မှာဖြစ်သလို သူ့ရဲ့ထွက်ခွာမှုနဲ့ ပတ်သက်ပြီး မေးခွန်းလေးတွေ အနည်းငယ် ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါကတော့ သူ့သက်တမ်းတစ်လျှောက် ဘာအမှတ်ရစရာတွေ ရှိခဲ့သလဲ။ ဘာကြောင့် အဆုံးသတ်သွားတာလဲ။ နောက်ထပ် ဘာတွေဆက်ဖြစ်လာမလဲ ဆိုတာတွေပဲ ဖြစ်ပါတယ်။

မာကယ်ဟာ နိုင်ငံရေးလောကက ထွက်ခွာဖို့ အစီအစဉ်တစ်ခုရေးဆွဲထားပြီး ပထမဆုံးအနေနဲ့ သူဟာ ၂၀၂၁ ခုနှစ်မှာ ဝန်ကြီးချုပ်တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်တွေ ကုန်ဆုံးတော့မှာဖြစ်ပြီး အဲဒီအချိန်မတိုင်မီ ဒီဇင်ဘာလမှာ စီဒီယူ (ခရစ်ယာန်ဒီမိုကရက်တစ်သမဂ္ဂ) ပါတီရဲ့ ခေါင်းဆောင်နေရာကို စွန့်လွှတ်သွားမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

သူ့ရဲ့ လမ်းခွဲနှုတ်ဆက်မယ့် ကြေညာချက်ဟာ အချင်းချင်းတိုက်ခိုက်မှုတွေကြောင့် ပဋိပက္ခတွေဖြစ်စေတာထက်စာရင် သဘောထားကွဲလွဲမှုတွေ မကြာခဏဖြစ်တတ်တဲ့ သူ့ရဲ့ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဥရောပရဲ့ ထိပ်တန်းစီးပွားရေးကို ထိန်းချုပ်ဖို့ ခွင့်ပြုလိုက်သလိုပဲ ဖြစ်မှာပါလို့ သူက ပြောခဲ့ပါတယ်။

သူ့အနေနဲ့ ဒီဇင်ဘာလလောက်မှာ နုတ်ထွက်မယ့်အခါမှာတော့ သူ့ရဲ့ ပြိုင်ဘက် အသက် ၆၂ နှစ်ရှိ ကော်ပိုရိတ် ရှေ့နေဖရယ်ဒီရစ်မာ့ဇ်အနေနဲ့ စီဒီယူပါတီရဲ့ ခေါင်းဆောင်ဖြစ်လာဖို့ အလေးသာ နေခဲ့ပါတယ်။ သူဟာ အိန်ဂျလာမာကယ်ကို ဆန့်ကျင်သူတစ်ယောက်လည်း ဖြစ်ပါတယ်။

စီဒီယူရဲ့ အထွေထွေအတွင်းရေးမှူးလည်းဖြစ်၊ ကျန်းမာရေးဝန်ကြီးလည်းဖြစ်သူ အန်တီဂရက်ခရမ့်ကာရမ်ဘာနဲ့ မာကယ့်အပေါ်ဝေဖန်သူ ဂျန်စဖန်တို့ကလည်း ခေါင်းဆောင်ဖြစ်ဖို့ အလားအလာရှိပေမယ့်လည်း ဂျာမန်တွေကတော့ မာ့ဇ်ကိုပဲ မျှော်လင့်ချက်တွေအပြည့်နဲ့ ပြန်လာစေချင်တာ ဖြစ်ပါတယ်လို့ စီးပွားရေးအပတ်စဉ် ဂျာနယ် ဟန်ဒယ်ဘလက်နဲ့ အွန်လိုင်းမီဒီယာဖြစ်တဲ့ စပိုင်ဂျယ်တို့က ဖော်ပြခဲ့ပါတယ်။

**အိန်ဂျလာမာကယ်လက်ထက်**

အိန်ဂျလာမာကယ်ရဲ့ဝန်ကြီးချုပ်လက်ထက်မှာတော့ ဂျာမနီနိုင်ငံကြီး သာယာဝပြောလာသလို စွမ်းအားလည်း ကြီးလာပါတယ်။ တဖြည်းဖြည်းနဲ့ ကြီးထွားလာတဲ့ ဂျာမနီနိုင်ငံရဲ့စီးပွားရေး၊ အလုပ်လက်မဲ့နှုန်းနည်းခြင်း၊ ငွေကြေးဆိုင်ရာ အခြေအနေကောင်းမွန်ခြင်းတွေဟာ စီးပွားရေးဆိုင်ရာ အကျပ်အတည်းဖြစ်နေတဲ့ တခြားဥရောပနိုင်ငံတွေထက် အားသာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အဲဒီလို အခြေအနေတွေကြောင့် ဂျာမနီနိုင်ငံဟာ ဂရိနိုင်ငံရဲ့ ကြွေးမြီပြဿနာကို ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာခဲ့တာပဲ ဖြစ်ပါတယ်။ တောင်ဘက်ဥရောပမှာ အိန်ဂျလာမာကယ်ဟာ ဝေဖန်မှုတွေအများကြီး ရင်ဆိုင်ခဲ့ရသော်လည်း ဂျာမနီမှာတော့ သူ့ရဲ့ဖြည်းဖြည်း မှန်မှန် သတိထားလုပ်ကိုင်ဆောင်ရွက်တတ်တဲ့ အကျင့်လေးတွေကြောင့် နာမည်ကြီးလှပါတယ်။

ရုရှားက ၂၀၁၄ ခုနှစ်မှာ ခရိုင်းမီးယားကို တိုက်ခိုက်သိမ်းပိုက်လိုက်တဲ့အခါ ဥရောပသံခင်းတမန်ခင်းမှာ ဂျာမနီနိုင်ငံရဲ့ အခန်းကဏ္ဍဟာ ကျဆင်းလာပါတယ်။ အဲဒီအချိန်မှာ ဂျာမန်ဝန်ကြီးချုပ်ဟာ ဥရောပကို တစ်ဖန်ပြန်လည်ဦးဆောင်ခဲ့ပါတယ်။

**ဒုက္ခသည် အကျပ်အတည်း ထူးထူးခြားခြားဆောင်ရွက်**

အထူးသဖြင့် ရုရှားနဲ့ ယူကရိန်း ပဋိပက္ခအကျပ်အတည်းမှာ ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်ရဲ့ ဖြည်းဖြည်းမှန်မှန် ဦးဆောင်မှုဟာ နာမည်ကောင်းနဲ့ ပိုမိုထင်ရှားလာခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၅ ခုနှစ် ဒုက္ခသည်အကျပ်အတည်း ပဋိပက္ခနဲ့ပတ်သက်ပြီး ကိုင်တွယ်မှုမှာတော့ ထူးထူးခြားခြား ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်မှာ ဒုက္ခသည်တစ်သန်းကို ဂျာမနီနိုင်ငံထဲဝင်ဖို့ ခွင့်ပြုလိုက်တာဟာ လူသားချင်းစာနာထောက်ထားသူတွေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းက ချီးကျူးထောမနာတွေ သောင်းသောင်းဖြဖြ ရရှိခဲ့သော်လည်း ပြည်တွင်းမှာတော့ သူ့ရဲ့ လုပ်ဆောင်ချက်ကို မကြိုက်တဲ့အတွက် ခေါင်းဆောင်အဖြစ်မှ ဆင်းပေးဖို့အထိ ဖြစ်လာပါတော့တယ်။

**ဒုက္ခသည်မူဝါဒ အတိုက်အခံတွေက ပြင်းဆန်**

သူ့ရဲ့ ဒုက္ခသည်မူဝါဒအပေါ် ပြည်တွင်းအတိုက်အခံတွေက ခါးခါးသီးသီး ပြင်းဆန်ခဲ့ကြတာကြောင့် လက်ယာစွန်းယိမ်းနိုင်ငံရေး အင်အားစုဖြစ်တဲ့ ဂျာမနီပြောင်းလဲရေးပါတီ (အေအက်ဖ်ဒီ) အတွက် မီးလောင်ရာ ဓာတ်ဆီပက်လိုက်သလိုပဲ အင်အားကောင်းလာခဲ့ပါတယ်။ အခုဆိုရင် အေအက်ဖ်ဒီဟာ ဂျာမန်ပါလီမန်မှာ တရားဝင် အတိုက်အခံအနေနဲ့တောင် ရပ်တည်နေပြီဖြစ်ပါတယ်။

တစ်ဖက်မှာလည်း အိန်ဂျလာမာကယ်ရဲ့ပါတီဟာ ထောက်ခံမှုတွေ ကျဆင်းလာခဲ့ပါတယ်။ အခုရက်သတ္တပတ်မှာ ဟက်ဆီမှာ ကျင်းပခဲ့တဲ့ ပြည်နယ်ရွေးကောက်ပွဲမှာ ရလဒ်လုံးဝမကောင်းခဲ့ပါဘူး။ နောက်ဆုံး ဘာဖြစ်လာသလဲ ဆိုရင် အာဏာရပါတီတွင်းမှာ မကျေမနပ် အားမလို အားမရတွေဖြစ်လာပြီး ပါတီကြီး မညီမညွတ်တွေ ဖြစ်လာပါတော့တယ်။ အဲဒါရဲ့ရလဒ်ကတော့ အခုဆိုရင် အိန်ဂျလာမာကယ်ဟာ ရာထူးကနေ နှုတ်ဆက်ထွက်ခွာသွားရတော့မှာပဲ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံဟာ ဥရောပမှာ တကယ့်ကို အဓိကကြီးစိုးနေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါတယ်။ အိန်ဂျလာမာကယ် လက်ထက် ဘာလင်အတွက်ချပေးခဲ့တဲ့ မူဝါဒတွေဟာ အနာဂတ်ယူရိုကိစ္စ၊ ဘရီဇစ်အရေး၊ ရုရှားနဲ့ အမေရိကန်တို့နဲ့ ဥရောပရဲ့ အနာဂတ်ဆက်ဆံရေး ပေါ်ပေါက်ခဲ့ပါတယ်။

အိန်ဂျလာမာကယ်ကို အနောက်ရဲ့ သူရဲကောင်းလို့တောင် ခေါ်တွင်မှုတွေ ရှိခဲ့ပါတယ်။ အဲဒီနာမည်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရရဲ့ပြည်တွင်း လုပ်ငန်းကာကွယ်ရေးနဲ့ အမေရိကန်သည် သာပထမဆိုတဲ့ မူဝါဒကို ဆန့်ကျင်ပြီး ဘက်ပေါင်းစုံဝါဒကို ခုခံကာကွယ်သူတွေက အမြတ်တနိုးပေးထားခဲ့တာပဲ ဖြစ်ပါတယ်။

မာကယ်အနေနဲ့ အခုလို နှုတ်ဆက်ထွက်ခွာမယ့်အနေအထားဟာ ဂျာမနီကို ပိုပြီးအထီးကျန်ဖြစ်စေနိုင်သလို မတည်မငြိမ်လည်း ဖြစ်စေနိုင်တယ်လို့ ဆိုကြပါတယ်။ ဥရောပနဲ့ နိုင်ငံတကာကိုလည်း ဦးဆောင်နိုင်မှုလျော့နည်းသွားမယ်လို့ ထင်မြင်ယူဆလျက်ရှိပါတယ်။

**ဆက်ခံသူဘာတွေလုပ်မလဲ**

စီဒီယူပါတီခေါင်းဆောင်အနေနဲ့ အိန်ဂျလာမာကယ့်နေရာ ဆက်ခံမယ့်သူကတော့ ပါတီကို တစ်ဖန်ပြန်လည်ပြီး လူထုထောက်ခံမှုများအောင် လုပ်ဆောင်ရမှာဖြစ်သလို အေအက်ဖ်ဒီပါတီကိုလည်း တုံ့ပြန်နိုင်ဖို့အရေး ကြိုးစားဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ဖို့ ဆိုရင် အထူးသဖြင့် ဂျာမနီဟာ ဒုက္ခသည် အရေးနဲ့ ယူရိုဇုန်ပြုပြင်ပြောင်းလဲရေး ကိစ္စတွေမှာ ကိုယ်ကျိုးကိုပဲ အရင်ကြည့်ရမလိုဖြစ်နေပါတယ်။ ဒါမှလည်းလူကြိုက်များလာမှာ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံရေး ခေါင်းဆောင်ပိုင်းဆိုင်ရာ အပြောင်းအလဲဖြစ်ပွားမယ့် အနေအထားကြောင့် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ရဲ့ ရည်ရွယ်ချက်ကြီးမားတဲ့ အီးယူပြောင်းလဲရေး အဆိုပြုချက်အတွက်လည်း သတင်းဆိုးတစ်ခု ဖြစ်သွားနိုင်ပါတယ်။ ထို့အတူ အီးယူအနေနဲ့ ကြွေးမြီများနေတဲ့ အီတလီနိုင်ငံကိုလည်း ပြတ်ပြတ်သားသား လုပ်ဆောင်သွားနိုင်ခြေရှိနိုင်ပါတယ်။

သို့သော်လည်း အခုလို ပါတီခေါင်းဆောင်ပိုင်းဆိုင်ရာ အပြောင်းအလဲမှာ စီဒီယူပါတီတစ်ခုတည်း အပြောင်းအလဲအခြေအနေတွေနဲ့ ရင်ဆိုင်ရမှာမဟုတ်ဘဲ သူ့ရဲ့ညွန့်ပေါင်းအဖွဲ့ဝင်တွေဖြစ်တဲ့ ဗဟိုလက်ဝဲယိမ်း အက်စ်ပီဒီ၊ လက်ဝဲစွန်းယိမ်း ဒိုင်လင့်အနေနဲ့လည်း ပိုမိုဆိုးရွားတဲ့ အပြောင်းအလဲတွေနဲ့ ရင်ဆိုင်ရမှာဖြစ်သလို ဂျာမနီနိုင်ငံရေး အခင်းအကျင်းမှာ ဗဟိုလက်ဝဲယိမ်းနဲ့ လက်ဝဲစွန်းယိမ်း ပါတီနှစ်ခုစလုံးဟာ နှစ်ပေါင်းအတော်ကြာအောင် လွှမ်းမိုးမှုတွေရှိနေပါတယ်။ ဂျာမန်နိုင်ငံရေးသမားတွေဟာလည်း လတ်တလောမှာ အယူဝါဒတွေ နှစ်ခြမ်းကွဲလျက်ရှိပါတယ်။

အနာဂတ်ဂျာမနီရဲ့ ခေါင်းဆောင်ဘယ်သူဖြစ်မလဲဆိုတာ လေ့လာစောင့်ကြည့်ရင်း မာ့ဇ်အနေနဲ့ပဲ စီဒီယူပါတီရဲ့ခေါင်းဆောင်ဖြစ်လာပြီး အိန်ဂျလာ့နေရာ ဆက်လက်လက်ခံသွားမလား၊ သို့မဟုတ် ပြိုင်ဘက်ပါတီကပဲ ဆက်လက်ရယူသွားမလားဆိုတာ မကြာမီသိရတော့မှာပဲ ဖြစ်ပါတယ်။ အခုတော့ နှုတ်ဆက်ပါတယ် အိန်ဂျလာမာကယ်လို့သာ။ ။

**ကိုးကား- အေအက်ဖ်ပီ**

**ချန်နယ်နယူးအေးရှ**

# (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနား ဘားအံမြို့၌ စည်ကားစွာကျင်းပ

**ဘားအံ နိုဝင်ဘာ ၈**

(၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့သီရိကွင်း၌ နိုဝင်ဘာ ၇ ရက် က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းတို့က သဘာပတိအဖြစ် ဆောင်ရွက်ကြကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှပေးပို့သည့် ၂၀၁၈ ခုနှစ် (၆၃)နှစ်မြောက် ကရင်ပြည်နယ် နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် အဖွင့်မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားများ စုစည်းနေထိုင်လာကြသည့်နိုင်ငံဖြစ်သလို ငြိမ်းချမ်းရေးအရ အရေးပါသည့်နေရာတွင်လည်း တည်ရှိနေသည့်ပြည်နယ်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေသည်မှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသာဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် ပြည်သူများ၏ တောင့်တချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထိုက်သင့်သည့်အောင်မြင်မှုတွေလည်း ရရှိနေပြီဟုဆိုနိုင်ပြီး အားလုံးက ပြင်းပြသည့် စိတ်ဆန္ဒရှိပါက မကြာခင် ငြိမ်းချမ်းသာယာသည့် မြန်မာနိုင်ငံကြီး ဖြစ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်ဂုဏ်ထူးဆောင် ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲ မုခ်ဦးဖွင့်ပွဲကို ဆက်လက်ကျင်းပသည်။ ဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲ မုခ်ဦးကိုဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဌာနဆိုင်ရာပြခန်းများနှင့် NGO ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။



ကရင်ပြည်နယ်နေ့တွင် ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ပြည်မြို့ ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ ဆွေးနွေး

**ပြည် နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) ပြည်မြို့ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်မြို့လမ်းဦးစီးဌာနနဝဒေးဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၇ ရက်က ပြုလုပ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်မြို့ရှိ ကမ်းနားလမ်းသည် နိုင်ငံခြားသား ခရီးသွားများနှင့် ဒေသခံပြည်သူတို့အတွက် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ ကမ်းနားလမ်းကို အဆင့်မြှင့်တင်နိုင်မှသာ ပြည်မြို့၏ အဓိကစိတ်ဝင်စား ဖွယ်နေရာတစ်ခု ဖြစ်လာနိုင်ကြောင်း၊ ပြည်မြို့တည်ရှိရာ သရေခေတ္တရာသည် ပုဂံခေတ်ထက် စော၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများ တိုးတက်ခဲ့ကြောင်း၊ ပြည်ဒေသသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာအရ အလွန်အရေးပါပြီး၊ ပဲခူးတိုင်းဒေသကြီးအတွက်လည်း ဂုဏ်ယူစရာ ရှေးဟောင်းမြို့တော်ကြီးတစ်ခုဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဦးဇော်မိုးလွင်က ပြည်မြို့အတွင်းရှိ လမ်းများကို ပြန်လည်အဆင့်မြှင့်တင်နိုင်ရေးအတွက် ဒီဇိုင်းရေးဆွဲဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သူရနှင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးသူရမြင့်သူတို့က ပြည်မြို့ကို အာဆီယံနိုင်ငံအဆင့်မီ မြို့ပြတစ်ခုအဖြစ် ဆောင်ရွက်သွားမည့် စီမံချက် အသေးစိတ်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။



ဆက်လက်၍ ဝန်ကြီးချုပ်က ပြည်မြို့ကို အာဆီယံအဆင့်မီမြို့ပြတစ်ခုအဖြစ်ဆောင်ရွက်ရန် စီစဉ်နေမှုကို ဒေသခံပြည်သူများလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်၊ မည်သည့်လုပ်ငန်းစီမံချက်ကိုမဆို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ ပြည်သူများကိုယ်တိုင် မိမိတို့မြို့ပြများ သန့်ရှင်းသာယာလှပစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လာအောင် အသိပေးစည်းရုံးသွားရန်နှင့် မည်သည့်ကိစ္စကိုမဆို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများဖြင့် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ပြည်မြို့ ကမ်းနားလမ်း၏ ရန်ကုန်-ပြည်ကား လမ်းမှ စာတိုက်တန်းလမ်းအထိအတွင်း အရှည် ၃၅၂၅ ပေကို ၂၄ ပေအကျယ် စတင်တိုးချဲ့ အဆင့်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပထမအကြိမ် တွေ့ဆုံညှိနှိုင်းမှုများကို အောက်တိုဘာ ၁၅ ရက်က ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဟိန်းထက် (ပြန်/ဆက်)**

# ကော့သောင်းမြို့မှ ဌာနဆိုင်ရာများအား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ

**ကော့သောင်း နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးအစိုးရတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၆ ရက်က ကော့သောင်းမြို့သို့လေကြောင်းခရီးဖြင့် လာရောက်ခဲ့ပြီး ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒီမိုကရေစီယန္တရားများကို တာဝန်ယူဆောင်ရွက်နေကြရသည့် ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဗဟိုပြုဝန်ထမ်းများဖြစ်လာစေရေး၊ ဝန်ထမ်းအရည်အသွေးနှင့် စွမ်းဆောင်ရည်များ မြင့်မားလာရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရေး၊ အဂတိလိုက်စားမှု အကျင့်ဆိုးများကို ရှောင်ကြဉ်ကြရေး၊ တာဝန်နှင့် ဝတ္တရားများကို တိကျပြတ်သားကျေပွန်စွာ ထမ်းဆောင်ကြရေး၊ အပြောင်းအလဲဖြစ်စဉ်များအားလုံးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိမိလုပ်ငန်းအပေါ် စေတနာထားပြီး ပူးပေါင်းဆောင်ရွက်ကြရေး၊ ကော့သောင်းဒေသသည် နယ်စပ်ဒေသဖြစ်သည့်အတွက် နယ်စပ်ကျေးရွာများတွင် လုံခြုံရေး၊ မူးယစ်ဆေးဝါး၊ လက်နက်ကိစ္စနှင့် နယ်မြေကျူးကျော်မှုဖြစ်စဉ်များ မဖြစ်ပေါ်အောင် အထူးဂရုပြုကြရေး မှာကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက တင်ပြသည့် မြို့ရွာသန့်ရှင်းရေးဆိုင်ရာကိစ္စများ၊ လမ်းတံတားကိစ္စများ၊ မြေယာဆိုင်ရာကိစ္စများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများအပေါ် ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ကျော်စိုး (ကော့သောင်း)**



# ကယားပြည်နယ် ဒေသသင်ရိုးညွှန်းတမ်းစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၈**

ကယားပြည်နယ် ဒေသသင်ရိုးညွှန်းတမ်းစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များနှင့်ပတ်သက်၍ ပထမအဆင့် ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်က လွိုင်ကော်မြို့ ပညာဗိမာန်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ဒေသသင်ရိုးရေးဆွဲရေး ဦးစီးကော်မတီဝင်များ၊ နည်းပညာကော်မတီဝင်များ၊ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးကို ကိုယ်စားပြုသည့် စာပေနှင့် ယဉ်ကျေးမှုကော်မတီ ကိုယ်စားလှယ်များ၊ အငြိမ်းစားပညာရှင်များ၊ ဌာနဆိုင်ရာများ၊ ယူနီဆက်ဖ်မှ တာဝန်ရှိသူများ၊ ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုတို့ကို ပိုမိုအားပေးထိန်းသိမ်းနိုင်ရေးအတွက် ဒေသသင်ရိုးညွှန်းတမ်းစာအုပ်များကို ရေးဆွဲလျက်ရှိပြီး ယခုရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းများကို ပထမအကြိမ် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ပြည်နယ်အကြောင်း သင်ရိုးပြုစုရေးအဖွဲ့က ပြုစုပြီးဖြစ်သော Grade 1,2,3, ဖတ်စာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ်များကို တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ကိုယ်စားလှယ်များအနေဖြင့် အကြံပြုဆွေးနွေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ကယားပြည်နယ် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစောအယ်ဒိုဝါးနှင့် ယူနီဆက်ဖ်မှ ကိုယ်စားလှယ် ဦးသိန်းသန်းထွန်းတို့က ကယားပြည်နယ် ဒေသသင်ရိုးညွှန်းတမ်းစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များ ရေးဆွဲခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။



ကယားပြည်နယ် ဒေသသင်ရိုးညွှန်းတမ်းစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များ ရေးဆွဲရာတွင် တိုင်းရင်းသားမျိုးနွယ်စုခြောက်မျိုးဖြစ်သော ကယား၊ ကယန်း၊ ယင်းတလဲ၊ ကယော၊ ဂေးဘားနှင့် ကော်ယော် (မနုမနော) တို့အတွက် Grade 1,2,3 ဖတ်စာအုပ် ၁၈ အုပ်နှင့် ဂေးဘားမျိုးနွယ်စုအတွက် အခြေခံစာအုပ်တစ်အုပ်၊ ပြည်နယ်အကြောင်းသိကောင်းစရာ ဆရာလမ်းညွှန်စာအုပ် သုံးအုပ်၊ ကျောင်းသားကျောင်းသူများအတွက် ဖတ်စာအုပ် သုံးအုပ် စုစုပေါင်း စာအုပ် ၂၅ အုပ်ကို ရေးဆွဲခဲ့ပြီးဖြစ်သည်။ ယခု ဆွေးနွေးပွဲတွင် ရေးဆွဲပြီးသော ဒေသသင်ရိုးညွှန်းတမ်းစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များကို ဒေသနှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းဖြစ်စေရန်အတွက် တက်ရောက်လာကြသော တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များက နိုဝင်ဘာ ၉ ရက်အထိ ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား မြစ်ကြီးနား၌ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အနှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် အမှတ်တရအင်္ကျီများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏သားသမီးများ ကျောင်းသား ကျောင်းသူ ရှစ်ဦးအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်နယ်မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သီတာအောင်က ဝန်ထမ်းအိမ်ရာဆုရ ဝန်ထမ်း သုံးဦးတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးဦးက စည်းကမ်းကောင်းမွန်ပြီး ခွင့်မယူသည့် ဝန်ထမ်း ၁၄ ဦးတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ

**ဖလမ်း နိုဝင်ဘာ ၈**

ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲက လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဖဲလ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရာလ်နှင်တို့က လွှတ်တော်အတွေ့အကြုံများကို ပြည်သူများအား ရှင်းလင်းဖြေကြားသည်။



ဆက်လက်၍ မြို့မိမြို့ဖ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည့်အချက်များကို မေးမြန်းခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ပြခြင်းများဆောင်ရွက်ပြီး သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **ဂျွန်**

# ငြိမ်းချမ်းရေးဖော်ဆောင်မှု အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် ပုသိမ်မြို့၌ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၈**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ အကြောင်းအရာအလိုက် အမျိုးသားအဆင့် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၇ ရက်က စတင်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးဝင်းဌေးက အမှာစကားပြောကြားသည်။

အဆိုပါဖိုရမ်သို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးနှင့် တိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ မအူပင်ခရိုင်နှင့် လပွတ္တာခရိုင်တို့ရှိ မြို့နယ်များမှ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေကြသော အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပြီး ဖိုရမ်အပြီးတွင် မူဝါဒရေးရာစာတမ်း နှစ်စောင် အပြီးသတ်ထွက်ရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖိုရမ်ကို နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



"ပြီးခဲ့တဲ့ဖိုရမ်တွေတုန်းက တက်ရောက်တဲ့သူတွေအနေနဲ့ ပေးထားတဲ့ခေါင်းစဉ်အလိုက် စာတမ်းတွေ ပြုစုကြရပါတယ်။ UPDJC က ချမှတ်ထားတဲ့ ခေါင်းစဉ်တွေဖြစ်တဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍတွေ ဆွေးနွေးခွင့်ရပါတယ်။ အဲဒီအထဲကမှ ကျွန်တော်တို့ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ အရင်နှစ်တွေက လူမှုစီးပွားရေး၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ဆိုတဲ့ ကဏ္ဍတွေကို ဆွေးနွေးခွင့်ရပါတယ်။ ဒီတစ်ခေါက်ဖိုရမ်မှာ ကျွန်တော်တို့တိုင်းဒေသကြီးရဲ့ ဆွေးနွေးခွင့်ရတဲ့ မူဝါဒရေးရာစာတမ်းတွေကို တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေထက် အဆင့်မီတဲ့ စာတမ်းတွေအဖြစ် ထွက်ပေါ်နိုင်ရေးကြိုးစားသွားမှာ ဖြစ်ပါတယ်။ အားလုံးပါဝင်နိုင်ရေးအတွက်လည်း ကြိုးစားလုပ်ကိုင်လျက်ရှိပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ငြိမ်းချမ်းရေးဖော်ဆောင်မှု အရပ်ဘက်အဖွဲ့အစည်းများ ဖိုရမ်ဖြစ်မြောက်ရေး ဦးဆောင်ကော်မတီမှ ဦးစိုးလှိုင်ဦးက ပြောသည်။

ယခုကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးဖိုရမ်မှ ထွက်ပေါ်လာသောမူဝါဒရေးရာစာတမ်းများကို ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်တွင် ဆက်လက်တင်သွင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းဇော်ဦး(ရေကြည်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ဘီးလင်းမြို့နယ်၌ကျင်းပ

**ဘီးလင်း နိုဝင်ဘာ ၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို နိုဝင်ဘာ ၇ ရက်က ဇုတ်သုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ဇုတ်သုတ်ကျေးရွာနှင့်အနီးဝန်းကျင်ရှိ ကျေးရွာငါးရွာမှ ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့် ဆောင်ရွက်ပေးစေလိုသည့်အချက်များနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘီးလင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများနှင့် သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍများ၊ လိုအပ်ချက်များအပေါ် ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ဘီးလင်းမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဇုတ်သုတ်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ စိတ်ပါဝင်စားသည့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘုသီးတောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုများချီးမြှင့်

**ဘုသီးတောင် နိုဝင်ဘာ ၈**

ဘုသီးတောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၅ ရက် ညနေပိုင်းက ဘုသီးတောင်မြို့ရှိ မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် မြို့နယ်ကျန်းမာရေးအသင်းနှင့် ပညာရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲတွင် ပထမဆုရရှိသော ကျန်းမာရေးအသင်းအား လည်ဆွဲတံဆိပ်နှင့် ငွေသားကျပ်ခုနစ်သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းကလည်းကောင်း၊ ဒုတိယရရှိသော ပညာရေးအသင်းအား လည်ဆွဲတံဆိပ်နှင့် ငွေသား ကျပ်ငါးသိန်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူဝင်းကလည်းကောင်း၊ တတိယဆုရရှိသော သပြေကုန်းအသင်းအား လည်ဆွဲတံဆိပ်နှင့် ငွေသား ကျပ်သုံးသိန်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

ဘုသီးတောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဌာနဆိုင်ရာအသင်းနှင့် ရပ်ကွက်/ ကျေးရွာအသင်းများ စုစုပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၁၁-၂၀၁၈

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၀/၁၀၈၀ ကျပ် | ၁၀၉၅/၁၁၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၉၅ ကျပ် | ၁၁၁၀/၁၁၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၆၅/၁၀၀၀ ကျပ် | ၁၀၄၀/၁၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀/၁၀၆၅ ကျပ် | ၁၁၀၀/၁၁၂၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၅ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၈ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၅၀ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၄ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၃၅ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၅၆၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ · ၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၄၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၅၆၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


## မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မန်ယူအတွက် ခက်ခဲမယ့် မန်ချက်စတာဒါဘီ

══ ဝေမိုးဆက် ══



**ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| အဂူရို | မန်စီးတီး | ၇ |
| အူဘာမီယန် | အာဆင်နယ် | ၇ |
| ဟာဇက် | ချယ်လ်ဆီး | ၇ |
| ရီချာလီဆန် | အဲဗာတန် | ၆ |

ပရီမီယာလိဂ်ပွဲစဉ် ၁၂ ကို လာမယ့် နိုဝင်ဘာ ၁၀ ရက်၊ ၁၁ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်တယ်။ ဒီပွဲစဉ်မှာတော့ မန်စီးတီးနဲ့ မန်ယူတို့ ဆုံတွေ့နေတဲ့ မန်ချက်စတာဒါဘီပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် မန်ယူကလက်ရှိအချိန်မှာ နိုင်ပွဲတွေ ပြန်လည်ရရှိခဲ့ပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမှာ မရှိသေးတာကြောင့် ဒီမန်ချက်စတာဒါဘီမှာ ရလဒ်ကောင်းပါ့မလားဆိုတာ စိတ်ဝင်တစားစောင့်ကြည့်ရမယ်။

## ဆောက်သမ်တန် Vs ဝက်ဖို့ဒ်

ဆောက်သမ်တန် ၁-၀ ဝက်ဖို့ဒ် | ည ၉း၃၀ (၁၀-၁၁-၁၈) | St. Mary's Stadium

ဆောက်သမ်တန်က မန်စီးတီးကို ခြောက်ဂိုးပေးခဲ့ရပေမယ့် အဆိုပါ တစ်ပွဲသာခံစစ်အားနည်းခဲ့ပြီး ကျန်ပွဲတွေမှာခံစစ်ကစားပုံတည်ငြိမ်ခဲ့တာသတိပြုရမယ်။ အိမ်ကွင်းလည်းဖြစ်လို့ အမှန်ရအောင် အားစိုက်လာမယ့်အချက်လည်းရှိတယ်။ ဝက်ဖို့ဒ်က အဝေးကွင်းမှာ တိုက်စစ်ကစားပုံမတည်ငြိမ်တတ်ဘူး။ မန်စီးတီးကို ဂိုးပြတ်အရေးနိမ့်ခဲ့အတွက် အိမ်ကွင်းမှာ သိက္ခာဆယ်နိုင်အောင် အားစိုက်ကစားလာမယ့် ဆောက်သမ်တန်တို့ အနိမ့်ဆုံး သရေလောက်ရမယ်။

## ချယ်လ်ဆီး Vs အဲဗာတန်

အဲဗာတန် ၀-၀ ချယ်လ်ဆီး | ည ၇း၄၅ (၁၁-၁၁-၁၈) | Stamford Bridge

အခုနောက်ပိုင်းမှာ ချယ်လ်ဆီးခြေစွမ်းပိုင်းပိုမိုကောင်းမွန်လာတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေထက်မြက်မှုရှိလာတာတွေ့ရတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ အဲဗာတန်ကတော့ အသင်းလိုက်ခြေစွမ်းကောင်းမွန်ပေမယ့် ခံစစ်ပိုင်းကတော့ အဝေးကွင်းမှာ မတည်ငြိမ်တတ်ဘူး။ နှစ်ဂိုးပြတ်အနိုင်ရဖို့လိုအပ်နေပေမယ့် မန်စီးတီး ပွဲကျပ်ကြုံနေချိန်မှာ ချယ်လ်ဆီးတို့ နိုင်ပွဲရရှိအောင် အားစိုက်လာမှာဖြစ်တယ်။ ချယ်လ်ဆီးသာ အနိမ့်ဆုံး နှစ်ဂိုးပြတ်နိုင်ပွဲရမယ်။

## ပဲလေ့စ် Vs စပါး

ပဲလေ့စ် ၀-၁ စပါး | နံနက် ၀၀း၀၀ (၁၁-၁၁-၁၈) | Selhurst Park

ပဲလေ့စ်အနေနဲ့ ချယ်လ်ဆီးကို အရေးနိမ့်ခဲ့ရပေမယ့်လည်း အသင်းလိုက်ကစားပုံရော တုံ့ပြန်ကစားအားပါ ကောင်းမွန်ခဲ့တာတွေ့ရတယ်။ အာဆင်နယ်နဲ့ကစားခဲ့တဲ့အိမ်ကွင်းပွဲမှာလည်း ပဲလေ့စ်တို့ သရေကစားနိုင်တဲ့အထိ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာတွေ့ရတယ်။ စပါးကတော့ ချန်ပီယံလိဂ်ကြောင့် ပွဲပန်းမှုတွေရှိလာနိုင်တာကို သတိပြုရမယ်။ ဒါကြောင့်လည်း စပါးတို့ ရှုံးကန်ရနိုင်ပြီး ပဲလေ့စ်တို့အိမ်ကွင်းမှာ သရေလောက်ကစားနိုင်ခြေရှိတယ်။

## အာဆင်နယ် Vs ဝုဖ်

ဝုဖ် ၀-၃ အာဆင်နယ် | ည ၁၁း၀၀ (၁၁-၁၁-၁၈) | Emirates Stadium

နှစ်ပွဲဆက်တိုက်သရေကျခဲ့လို့ အာဆင်နယ်တို့အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိအောင် အားစိုက်ကစားလာမှာသေချာနေတယ်။ လက်ရှိအချိန်မှာ အာဆင်နယ်ရဲ့ခြေစွမ်းပိုင်းကလည်း ထက်မြက်မှုရှိနေပါတယ်။ ဝုဖ်ကတော့ အခုနောက်ပိုင်းမှာ ခံစစ်ပိုင်းအားနည်းလာတာကို တွေ့ရတယ်။ အာဆင်နယ်တို့ ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့် မန်ယူပွဲကျပ်ကြုံနေချိန်မှာ နိုင်ပွဲရအောင် အားစိုက်လာမှာဖြစ်လို့ အာဆင်နယ်ပဲအနိုင်ရမယ်။

## လီဗာပူး Vs ဖူလ်ဟမ်

ဖူလ်ဟမ် ၂-၃ လီဗာပူး | ည ၆း၃၀ (၁၁-၁၁-၁၈) | Anfield

လီဗာပူးတို့ ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့်လည်း မန်စီးတီးပွဲကျပ်ကြုံတွေ့နေချိန်မှာ နိုင်ပွဲရယူထားနိုင်အောင် အားစိုက်ကစားလာမှာ သေချာတယ်။ လက်ရှိအချိန်မှာ လီဗာပူးရဲ့တိုက်စစ်ကလည်း ဂိုးသွင်းခြေထက်မြက်နေတယ်။ ဖူလ်ဟမ်ကတော့ လက်ရှိအချိန်မှာ ခံစစ်ပိုင်းအားနည်းမှုတွေများလွန်းနေတယ်။ လီဗာပူးရဲ့အိမ်ကွင်းဖြစ်နေတာကြောင့်လည်း ဒီပွဲစဉ်မှာ ဖူလ်ဟမ်တို့ ဂိုးပြတ်မရှုံးအောင်သာ ရှုံးကန်ရဖို့ရှိပါတယ်။

## မန်စီးတီး Vs မန်ယူ

မန်စီးတီး ၂-၃ မန်ယူ | ည ၁၁း၀၀ (၁၁-၁၁-၁၈) | Etihad Stadium

မန်ယူကနှစ်ပွဲဆက်အနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမှာ မရှိသေးဘူး။ ဂျူဗင်တပ်စ်နဲ့ကစားခဲ့ရတာကြောင့်လည်း မန်ယူတို့ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ မန်ချက်စတာဒါဘီဖြစ်တာကြောင့် မန်ယူအားစိုက်ကစားလာမှာဖြစ်ပေမယ့် အဝေးကွင်းဖြစ်နေပါတယ်။ မန်စီးတီးကလည်း ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့်အိမ်ကွင်းဖြစ်သလို လက်ရှိခြေစွမ်းပိုင်းမှာလည်း မန်ယူထက်ပိုမိုပြီး ကောင်းမွန်မှုရှိတယ်။ မန်စီးတီးပဲ အနိုင်ရမယ်။

## ကာဒစ်ဖ် Vs ဘရိုက်တန်

ဘရိုက်တန် ၁-၀ ကာဒစ်ဖ် | ည ၇း၀၀ (၁၀-၁၁-၁၈) | Cardiff City Stadium

အဲဗာတန်ကို အရေးနိမ့်ခဲ့တဲ့အတွက် ဘရိုက်တန်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာပါတယ်။ ဒါပေမယ့်လည်း ကာဒစ်ဖ်ကလည်းအိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ရေးအားစိုက်လာမှာပါ။ အထူးသဖြင့် လက်စတာကို အရေးနိမ့်ခဲ့ရပေမယ့်အဆိုပါပွဲမှာ ကာဒစ်ဖ်ကစားပုံကောင်းမွန်ခဲ့တာကို တွေ့ရတယ်။ ဒါကြောင့်လည်း ဘရိုက်တန်တို့အခက်တွေ့နိုင်ပါတယ်။ ကာဒစ်ဖ်အိမ်ကွင်းမှာ အနိမ့်ဆုံး သရေရမယ်။

## လက်စတာ Vs ဘန်လေ

ဘန်လေ ၂-၁ လက်စတာ | ည ၉း၃၀ (၁၀-၁၁-၁၈) | King Power Stadium

ဝက်စ်ဟမ်းနဲ့ပွဲမှာ ဘန်လေရဲ့အသင်းလိုက် စွမ်းဆောင်ရည် ကောင်းမွန်ခဲ့တာတွေ့ရတယ်။ ဒါပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုများနေဆဲ ဖြစ်ပါတယ်။ လက်စတာကလည်း အိမ်ကွင်းဖြစ်တာကြောင့် တိုက်စစ်အားပြုကစားလာမှာဖြစ်တယ်။ အထူးသဖြင့် အသင်းပိုင်ရှင်ရဲ့အဖြစ်အပျက်ကြောင့် အိမ်ကွင်းမှာ ရလဒ်ကောင်းရယူဖို့အားစိုက်လာမယ့် လက်စတာကို ဘန်လေ ထိန်းချုပ်နိုင်ဖို့ခက်ခဲပါလိမ့်မယ်။ လက်စတာကသာ နိုင်ပွဲရသွားမှာပါ။

## ဟတ်ဒါဖီးလ် Vs ဝက်စ်ဟမ်း

ဟတ်ဒါဖီးလ် ၁-၄ ဝက်စ်ဟမ်း | ည ၉း၃၀ (၁၀-၁၁-၁၈) | The John Smith's

အခုအချိန်အထိနိုင်ပွဲမရသေးတာကြောင့် အိမ်ကွင်းမှာအားစိုက်ကစားမှာဖြစ်ပေမယ့် ဟတ်ဒါဖီးလ်ခြေစွမ်းပိုင်းက အားနည်းမှုတွေများတယ်။ အထူးသဖြင့် ဝက်စ်ဟမ်းက တိုက်စစ်ကစားပုံမဆိုးသလို အသင်းလိုက်စွမ်းဆောင်ရည်လည်းကောင်းတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရှိနေတာကြောင့် ဟတ်ဒါဖီးလ်ကို တုံ့ပြန်ကစားနိုင်မှာပါ။ ဟတ်ဒါဖီးလ်ရဲ့ခံစစ်ကစားပုံကလည်း အားနည်းတာကြောင့် ဝက်စ်ဟမ်းကသာ နိုင်ပွဲရမယ်။

## ကာဆယ် Vs ဘုန်းမောက်

ဘုန်းမောက် ၂-၂ ကာဆယ် | ည ၉း၃၀ (၁၀-၁၁-၁၈) | St. James' Park

မန်ယူကိုအရေးနိမ့်ခဲ့ပေမယ့် အဆိုပါပွဲမှာလည်း ဘုန်းမောက်ရဲ့ ကစားအားကောင်းမွန်ခဲ့ပါတယ်။ တိုက်စစ်ပိုင်းထက်မြက်မှုလည်းရှိတယ်။ ကာဆယ်က ခံစစ်တည်ငြိမ်ပြီး အိမ်ကွင်းဖြစ်နေပေမယ့် တိုက်စစ်ပိုင်းကတော့ အားနည်းနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် ကာဆယ်ကအမှတ်လိုနေလို့ ခံကစားမှာဖြစ်တော့ ဒီပွဲကသွင်းဂိုးနည်းမယ့်ပွဲ ဖြစ်လာနိုင်သလို အိမ်ရှင်နယူးကာဆယ်တို့ အနိမ့်ဆုံးသရေလောက် ကစားသွားနိုင်ဖို့ရှိနေတဲ့ပွဲ ဖြစ်ပါတယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၁၂)

| စနေနေ့ | | | ၁၀-၁၁-၁၈ |
|---|---|---|---|
| ကာဒစ်ဖ် | - | ဘရိုက်တန် | ည ၇း၀၀ |
| ဟက်ဒါဖီးလ် | - | ဝက်စ်ဟမ်း | ည ၉း၃၀ |
| လက်စတာ | - | ဘန်လေ | ည ၉း၃၀ |
| နယူးကာဆယ် | - | ဘုန်းမောက် | ည ၉း၃၀ |
| ဆောက်သမ်တန် | - | ဝက်ဖို့ဒ် | ည ၉း၃၀ |
| ခရစ္စတယ်ပဲလေ့စ် | - | စပါး | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၁-၁၁-၁၈** |
| လီဗာပူး | - | ဖူလ်ဟမ် | ည ၆း၃၀ |
| ချယ်လ်ဆီး | - | အဲဗာတန် | ည ၈း၄၅ |
| အာဆင်နယ် | - | ဝုဖ် | ည ၁၁း၀၀ |
| မန်စီးတီး | - | မန်ယူ | ည ၁၁း၀၀ |

## လာလီဂါပွဲစဉ် (၁၂)

| သောကြာနေ့ | | | ၉-၁၁-၁၈ |
|---|---|---|---|
| လီဗန်တေး | - | ဆိုစီဒက်စ် | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၁၀-၁၁-၁၈** |
| ဗယ်လာဒိုးလစ် | - | အီဘာ | ည ၆း၃၀ |
| ဂီတာဖေး | - | ဗလင်စီယာ | ည ၉း၄၅ |
| အက်သလက် | - | ဘီဘာအို | နံနက် ၀၀း၀၀ |
| ဂျီရိုနာ | - | လီဂါနက်စ် | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁၁-၁၁-၁၈** |
| အလာဗက်စ် | - | ဝက်စ်ကာ | ညနေ ၅း၃၀ |
| ဘာစီလိုနာ | - | ဘက်တစ် | ည ၉း၄၅ |
| ဗယ်လီကာနို | - | ဗီလာရီးရဲ | နံနက် ၀၀း၀၀ |
| ဆီဗီးလ် | - | အက်စ်ပန်ညို | နံနက် ၀၀း၀၀ |
| ဆယ်တာဗီဂို | - | ရီးရဲမက်ဒရစ် | နံနက် ၂း၁၅ |

## စီးရီးအေပွဲစဉ် (၁၂)

| သောကြာနေ့ | | | ၉-၁၁-၁၈ |
|---|---|---|---|
| ဖရိုစီနိုနီ | - | ဗီအိုရင်တီးနား | နံနက် ၂း၀၀ |
| **စနေနေ့** | | | **၁၀-၁၁-၁၈** |
| တိုရီနို | - | ပါးမား | ည ၈း၃၀ |
| SPAL | - | ကက်ဂလီယာရီ | ည ၁၁း၃၀ |
| ဂျီနိုအာ | - | နာပိုလီ | နံနက် ၂း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၁-၁၁-၁၈** |
| အတ္တလန္တာ | - | အင်တာ | ည ၆း၀၀ |
| ချီယေဗို | - | ဘိုလော့ဂ်နာ | ည ၈း၃၀ |
| အမ်ပိုလီ | - | အူဒီးနီးစ် | ည ၈း၃၀ |
| ရိုးမား | - | ဆမ်ဒိုးရီးယား | ည ၈း၃၀ |
| ဆက်ဆူအိုလို | - | လာဇီယို | ည ၁၁း၃၀ |
| မီလန် | - | ဂျူဗင်တပ်စ် | နံနက် ၂း၀၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၁၃)

| သောကြာနေ့ | | | ၉-၁၁-၁၈ |
|---|---|---|---|
| လိုင်လီ | - | စထရက်ဘော့ချ် | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၁၀-၁၁-၁၈** |
| ဂူအင်ဂမ့် | - | လိုင်ယွန် | ည ၁၀း၃၀ |
| အန်ဂျာစ် | - | မောင့်ပယ်လီယာ | နံနက် ၁း၃၀ |
| နီမက်စ် | - | နိုက်စ် | နံနက် ၁း၃၀ |
| စိန့်အက်တီယန် | - | ရိမ်းစ် | နံနက် ၁း၃၀ |
| တူးလောက်စ် | - | အာမီယန် | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | | **၁၁-၁၁-၁၈** |
| ဘော်ဒိုး | - | ကိန်း | ည ၈း၃၀ |
| မာဆေး | - | ဒီဂျွန် | ည ၁၀း၃၀ |
| ရိန်းနက်စ် | - | နန့်စ် | ည ၁၀း၃၀ |
| မိုနာကို | - | ပီအက်စ်ဂျီ | နံနက် ၂း၃၀ |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၁)

| သောကြာနေ့ | | | ၉-၁၁-၁၈ |
|---|---|---|---|
| ဟန်နိုဗာ | - | ဝုဖ်ဘတ် | နံနက် ၂း၀၀ |
| **စနေနေ့** | | | **၁၀-၁၁-၁၈** |
| ဟော်ဖန်ဟိုင်း | - | အော့ဘတ် | ည ၉း၀၀ |
| ဝါဒါဘရီမင် | - | ဂလာဘတ်ချ် | ည ၉း၀၀ |
| ဖရိုင်းဘတ် | - | မိန့်ဇ် | ည ၉း၀၀ |

# မာတစ် ပုစ္ဆာအတွက် အဖြေရှာရမယ့်မန်ယူ

● အောင်က




ပြီးခဲ့တဲ့နှစ်နွေရာသီက မန်ယူအသင်းဟာ ချယ်လ်ဆီးအသင်းကနေ ဆားဘီးယားကွင်းလယ်ခံစစ်မှူးမာတစ်ကို ပေါင် ၃၆ သန်းနဲ့ ဝယ်ယူခဲ့တယ်။ လူတိုင်းက အခုလိုကစားသမားကောင်း တစ်ယောက်ကို ချယ်လ်ဆီးအသင်းအနေနဲ့ ပြိုင်ဘက် မန်ယူအသင်းကိုရောင်းချတာနဲ့ပတ်သက်ပြီး နားမလည်နိုင်အောင်အံ့သြခဲ့ကြတယ်။

ချယ်လ်ဆီးအသင်းရဲ့ဆုံးဖြတ်ချက် မှားခဲ့မှုကြောင့်လည်း ပြီးခဲ့တဲ့တစ်ရာသီလုံး ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတယ်။ အသင်းကအသစ်ခေါ်ယူခဲ့တဲ့ ဘာကာယိုကိုကလည်း မာတစ်ရဲ့နေရာကို အကောင်းဆုံးမဖြည့်တင်းနိုင်ဘူး။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းက ရာသီကုန်မှာတော့ အဆင့် ၆ နေရာမှာရပ်တည်နေခဲ့ရပြီး မန်ယူအသင်းက အဆင့် ၂ နေရာမှာ ရှိနေခဲ့တယ်။ ပရီမီယာလိဂ်မှာ မန်ယူအသင်းဟာ ပေးဂိုး ၂၈ ဂိုးသာရှိပြီး ဒုတိယပေးဂိုး အနည်းဆုံးအသင်းဖြစ် ရပ်တည်နိုင်ခဲ့တယ်။

ဒီနှစ်ရာသီမှာတော့ မာတစ်ရဲ့ခြေစွမ်းက ကျလာပြီး ခြေစွမ်းကျဆင်းမှုကလည်း သိသာလွန်းတယ်လို့ဆိုရမယ်။ ပြီးခဲ့တဲ့ရာသီက မန်ယူအသင်းရဲ့ အဓိကကစားသမားအဖြစ် ကစားခဲ့တဲ့ မာတစ်ဟာ ကလပ်အသင်းမှာသာမက ကမ္ဘာ့ဖလားမှာပါ နိုင်ငံအသင်းနဲ့ကစားခဲ့တာကြောင့် နားချိန်နည်းသွားခဲ့တယ်လို့ပြောရမယ်။ အဲဒီရဲ့ရိုက်ခတ်မှုဟာ ဒီနှစ်ရာသီမှာတော့ မန်ယူအသင်းအပေါ် အကျိုးသက်ရောက်မှုရှိတယ်လို့ ပြောရမယ်။ မာတစ်ရဲ့ခြေစွမ်းကျဆင်းမှုဟာ ပြီးခဲ့တဲ့ဘုန်းမောက်အသင်းနဲ့ပွဲမှာတော့ ထင်သာမြင်သာရှိနေခဲ့တယ်။

ဒါကြောင့် မန်ယူအသင်းအနေနဲ့ လာမယ့်အနာဂတ်မှာ အသင်းရဲ့ ကွင်းလယ်ခံစစ်နေရာဟာ အဖြေရှာရမယ့် ပုစ္ဆာတစ်ပုဒ်လို့တောင်ပြောရမယ်။ ဒါကြောင့် မန်ယူအသင်း အဖြေထုတ်ရမယ့် မာတစ်ရဲ့ ပုစ္ဆာအတွက် အဖြေဖြစ်လာနိုင်တဲ့ ကစားသမားတွေကို ဖော်ပြလိုက်ပါတယ်။

### အဖြေ ။ ၁

ဒိုကိုရီကိုတော့ ပြီးခဲ့တဲ့နှစ်ရာသီအစက ဘယ်သူကမှ သိပ်မသိခဲ့ကြပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ ရာသီအတွင်းမှာ သူဟာဝက်ဖို့ဒ်အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်မှာနေရာတစ်နေရာ ရရှိခဲ့ပါတယ်။ ဒိုကိုရီဟာ ၂၀၁၆ ခုနှစ်က ပြင်သစ်ကလပ်ရိန်းစ်အသင်းကနေ ဝက်ဖို့ဒ်အသင်းကိုပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လာလီဂါကလပ် ဂရန်နာဒါအသင်းမှာ ရာသီဝက်အငှားနဲ့ ကစားခဲ့ပါသေးတယ်။

ပြီးခဲ့တဲ့ရာသီကဆိုရင်သူဟာ ဝက်ဖို့ဒ်အသင်းမှာ ခုနစ်ဂိုးသွင်းယူထားနိုင်သလို ခံစစ်ပိုင်းအတွက်လည်း ဘောလုံးလုယူနိုင်မှုပေါင်း ၇၉ ကြိမ်၊ ဖျက်ထုတ်နိုင်မှုပေါင်း ၅၄ ကြိမ်လုပ်ဆောင်ပေးနိုင်ခဲ့ပြီး ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကွင်းလယ်ခံစစ်မှူးတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။

ဒါကြောင့်လည်း သူလိုကစားသမားမျိုးကို မန်ယူအသင်းကသာ မာတစ်ရဲ့နေရာမှာ အစားထိုးခဲ့မယ်ဆိုရင် ပိုမိုအကျိုးဖြစ်ထွန်းမှာကတော့ အသေအချာလို့ပြောရမှာပါ။ လက်ရှိအချိန်မှာ ဒိုကိုရီရဲ့အသက်ကလည်း ၂၅ နှစ်သာရှိနေသေးတာကြောင့် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ဖို့အတွက် အရွယ်ကောင်းလို့လည်း ပြောရမှာပါ။ ဒါကြောင့် ကျရိပ်သမ်းနေတဲ့ မာတစ်ရဲ့ နေရာအတွက် ဒိုကိုရီဟာ အသင့်တော်ဆုံးလို့ဆိုရတာ ဖြစ်ပါတယ်။

### အဖြေ ။ ၂

လူကပ်စ်တိုဆော့ဟာ လိုင်ယွန်အသင်းရဲ့ကွင်းလယ်ခံစစ်မှူးတစ်ဦးဖြစ်ပြီး လက်ရှိအချိန်မှာ အသက် ၂၁ နှစ်သာရှိနေသေးတာကြောင့် ပရီမီယာလိဂ် ပရိသတ်တွေနဲ့တော့ စိမ်းနေသေးတဲ့ ကစားသမားတစ်ဦးလို့ ပြောရမှာပါ။ သူဟာပြီးခဲ့တဲ့ရာသီကတည်းက လိုင်ယွန်အသင်းမှာခြေစွမ်းပြကစားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ လိုင်ယွန်အသင်းဟာ လူကပ်စ်တိုဆော့ကို ဗလန်စီနက်စ်အသင်းကနေ ၂၀၁၅ ခုနှစ်က ပေါင် ၂ ဒသမ ၃၄ သန်းနဲ့ခေါ်ယူခဲ့တာကြောင့် အလကားရလိုက်သလို ရလိုက်တယ်လို့တောင် ပြောရမလိုပါပဲ။

သူဟာပြီးခဲ့တဲ့ရာသီက လိုင်ယွန်အသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် အဓိကလုပ်ဆောင်ပေးခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အသက် ၂၁ နှစ်သာရှိနေသေးတာကြောင့် အခုလိုခြေစွမ်းအတိုင်းသာ ဆက်လက်ကစားနေခဲ့မယ်ဆိုရင်တော့ ကောင်းမွန်တဲ့အနာဂတ်တွေရှိလာနိုင်တဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ပြောင်းရွှေ့ကြေးကလည်း ပေါင် ၂၂ ဒသမ ၅ သန်းဖြစ်တာကြောင့် မန်ယူအသင်းအတွက်တော့ မာတစ်ရဲ့နေရာအတွက် အစားထိုးဖို့ သင့်တော်တဲ့ကစားသမားလို့သာ ဆိုလိုက်ချင်ပါတယ်။

### အဖြေ ။ ၃

နိုင်ဂျီးရီးယား ကစားသမားဝီဖရက်ဒ် အန်ဒီဒီဟာ ၂၀၁၇ခုနှစ် ဇန်နဝါရီမှာ ဂျန့်အသင်းကနေ လက်စတာအသင်းကို ပေါင် ၁၅ ဒသမ ၈ သန်းနဲ့ပြောင်းရွှေ့လာခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ လက်စတာအသင်းကို ရောက်ရှိခဲ့စဉ်ကတည်းက အသင်းရဲ့အဓိက ကစားသမားအဖြစ် ကစားနေခဲ့ရသူလည်း ဖြစ်ပါတယ်။

တစ်ခါတလေမှာတော့ အလောတကြီး ဖျက်ထုတ်မှုတွေကြောင့် စည်းကမ်းပိုင်းပြဿနာတော့ရှိတယ်လို့ဆိုရမှာပါ။ ဒါကြောင့်လည်း သူဟာ လက်စတာအသင်းနဲ့အတူ ပါဝင်ကစားခဲ့တဲ့ ၇၂ ပွဲမှာအဝါကတ် ကိုးကြိမ်အပြခံခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာသူ့ရဲ့အသက်က ၂၁ နှစ်သာ ရှိနေသေးတာကြောင့် သူဟာအလားအလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ ကွင်းလယ်ခံစစ်မှူးတစ်ဦးအဖြစ် ရှိနေတာကတော့ သံသယဖြစ်စရာမလိုပါဘူး။ လက်ရှိအချိန်မှာတန်ကြေးကလည်း ပေါင် ၃၁ ဒသမ ၅သန်းသာဖြစ်တာကြောင့် မန်ယူအသင်းအနေနဲ့ အချိန်မရွေးခေါ်ယူနိုင်တဲ့ အနေအထားမှာ ရှိနေတယ်လို့ ပြောရမှာပါ။

ဒါကြောင့် မန်ယူအသင်းအနေနဲ့ မာတစ်ရဲ့ ပုစ္ဆာအတွက် အဖြေရှာမယ်ဆိုရင်တော့ လတ်တလော ထွက်ပေါ်နေတဲ့ အဖြေတွေထဲမှာတော့ ဒီအဖြေ သုံးခုကတော့ တစ်ခုကတော့ အကောင်းဆုံးဖြစ်နိုင်တယ်လို့သာ ဆိုလိုက်ချင်ပါတယ်။ ။







## နယ်လ်ဆန်သည် မက်ဆီ၊ ရော်နယ်ဒိုတို့ကဲ့သို့ ကစားသမားဖြစ်လာနိုင်ကြောင်း ဟော်ဖန်ဟိန်းနည်းပြ ပြောဆို




အင်္ဂလန်လူငယ်တောင်ပံ တိုက်စစ်ကစားသမား ရိုက်စ်နယ်လ်ဆန်သည် မက်ဆီ၊ ရော်နယ်ဒိုတို့ကဲ့သို့ ခြေစွမ်းကောင်းမွန်သည့် ကစားသမားဖြစ်လာနိုင်သူဖြစ်ကြောင်း ဂျာမနီ ဟော်ဖန်ဟိန်းအသင်း နည်းပြ ဂျူလီယန်နာဂျယ်လ်မန်က ထုတ်ဖော် ပြောဆိုလိုက်သည်။

အသက် ၁၈ နှစ်အရွယ်ရှိ နယ်လ်ဆန်သည် ၂၀၁၇ ခုနှစ်တွင် အာဆင်နယ်အသင်းတွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စတင်ခဲ့ကာ ၂၀၁၈ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ဟော်ဖန်ဟိန်းအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ နယ်လ်ဆန်သည် ဟော်ဖန်ဟိန်းအသင်းအတွက် စုစုပေါင်း ၇ ပွဲ ပါဝင်ကစားပြီးချိန်တွင် ငါးဂိုးသွင်းယူပေးထားသူ ဖြစ်သည်။ နည်းပြနာဂျယ်လ်မန်က နယ်လ်ဆန်အနေဖြင့် လက်ရှိခြေစွမ်းတိုးတက်မှုကို ဆက်လက်ထိန်းထားနိုင်မည်ဆိုပါက မက်ဆီ၊ ရော်နယ်ဒို၊ အာဂျန်ရော်ဘင်တို့ကဲ့သို့ ခြေစွမ်းပိုင်း ကောင်းမွန်သည့် ကစားသမား တစ်ဦးဖြစ်လာမည်ဟု ယုံကြည်ထားကြောင်း ပြောဆိုခဲ့သည်။

"နယ်လ်ဆန်ဟာ အများကြီးတိုးတက်လာဖို့ အလားအလာရှိတဲ့ လူငယ်ကစားသမားပါ။ ဒါကြောင့်လည်း သူ့ကို အငှားနဲ့ ခေါ်ယူပြီး ပထမအသင်းမှာ နေရာပေးထားတာဖြစ်ပါတယ်။ နယ်လ်ဆန်ဟာ ပြိုင်ဘက်ကစားသမားနဲ့ တစ်ဦးချင်းရင်ဆိုင်တဲ့နေရာမှာ မယုံကြည်နိုင်လောက်အောင် ကောင်းမွန်သူဖြစ်ပါတယ်။ ရော်နယ်ဒို၊ မက်ဆီ၊ ရော်ဘင်တို့လို ကစားသမားကောင်းတစ်ဦးဖြစ်လာချင်တယ်ဆိုရင် ဆယ်စုနှစ်တစ်ခုလောက် ခြေစွမ်းပြသနိုင်ဖို့ လိုပါတယ်။ ဒါကြောင့် နယ်လ်ဆန်အနေနဲ့ အလုပ်ကို ပြင်းပြင်းထန်ထန်ကြိုးစားဖို့တော့လိုတယ်"ဟု ပြောဆိုခဲ့သည်။

တောင်ပံတိုက်စစ်ကစားသမား နယ်လ်ဆန်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် ပရီမီယာလိဂ်ပွဲ သုံးပွဲအပါအဝင် စုစုပေါင်း ၁၆ ပွဲ ဝင်ကစားခွင့်ရရှိခဲ့သူ ဖြစ်သည်။

**ထက်အောင်**

**နယ်လ်ဆန်သည် ဟော်ဖန်ဟိန်းအသင်းအတွက် စုစုပေါင်း ၇ ပွဲ ပါဝင်ကစားပြီးချိန်တွင် ငါးဂိုးသွင်းယူပေးထားသူ ဖြစ်သည်။ နည်းပြ နာဂျယ်လ်မန်က နယ်လ်ဆန်အနေဖြင့် လက်ရှိခြေစွမ်းတိုးတက်မှုကို ဆက်လက်ထိန်းထားနိုင်မည်ဆိုပါက မက်ဆီ၊ ရော်နယ်ဒို၊ အာဂျန်ရော်ဘင်တို့ကဲ့သို့ ခြေစွမ်းပိုင်း ကောင်းမွန်သည့် ကစားသမားတစ်ဦး ဖြစ်လာမည်ဟု ယုံကြည်ထား**

## အမေရိကန်နှင့်ခြေစမ်းပွဲတွင် အသင်းခေါင်းဆောင်လက်ပတ်အား ရွန်နေးထံ လွှဲပြောင်းပေးမည်ဟု ဟယ်ရီကိန်း ပြောဆို



လာမည့် နိုဝင်ဘာ ၁၆ ရက်တွင် အင်္ဂလန်အသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် ရန်ပုံငွေရှာဖွေရေး ခြေစမ်းပွဲတွင် အင်္ဂလန်အသင်းခေါင်းဆောင်ရာထူးကို တိုက်စစ်မှူး ဝိန်းရွန်နေးအား လွှဲပြောင်းပေးရမည်ဆိုပါက ပျော်ရွှင်စွာ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းက ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရွန်နေးသည် ၂၀၁၆ ခုနှစ်အတွင်းတွင် နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူခဲ့သူဖြစ်သော်လည်း နှုတ်ဆက်ပွဲအနေဖြင့် အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲတွင် ပါဝင်ကစားရန် စီစဉ်ထားသူဖြစ်သည်။ တိုက်စစ်မှူး ရွန်နေးသည် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ၁၁၉ ပွဲ ပါဝင်ကစားထားကာ ၅၃ ဂိုး သွင်းယူထားသူဖြစ်ပြီး အင်္ဂလန်အသင်းသမိုင်းကြောင်းတစ်လျှောက် နိုင်ငံအသင်းအတွက် ဒုတိယမြောက်ပွဲအများဆုံးပါဝင်ကစားထားသူဖြစ်ကာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်း စံချိန်တင်ထားသူဖြစ်သည်။

အမေရိကန်မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်အသင်းတွင် ပါဝင်ကစားနေသူ တိုက်စစ်မှူး ရွန်နေးသည် ၂၀၁၄ ခုနှစ်မှစတင်ကာ နိုင်ငံအသင်းမှ အနားယူချိန်အထိ အင်္ဂလန်အသင်း ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းသည် လက်ရှိအချိန်တွင် အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခြင်းခံထားရသူဖြစ်သည်။ အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ၂၀၁၅ ခုနှစ်တွင် အင်္ဂလန်အသင်းအတွက် စတင်ပါဝင်ခွင့် ရရှိခဲ့သူဖြစ်ပြီး နိုင်ငံအသင်းအတွက် ၃၄ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၁၉ ဂိုး သွင်းယူပေးထားသူ ဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းက "ရွန်နေးဟာ အင်္ဂလန်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူဖို့ ထိုက်တန်သူပါ။ သူဟာ အင်္ဂလန်အသင်းအတွက် တကယ့်ကို ကောင်းမွန်တဲ့ အသင်းခေါင်းဆောင်ဖြစ်ခဲ့သူလည်းဖြစ်ပါတယ်။ နိုင်ငံအသင်းမှာ ကျွန်တော် စတင်ပါဝင်ခွင့် ရရှိလာချိန်မှာ ရွန်နေးက အင်္ဂလန်အသင်းရဲ့ခေါင်းဆောင် ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်နဲ့ ပွဲမှာလည်း ရွန်နေးပဲ အသင်းခေါင်းဆောင်ဖြစ်သင့်တယ်။ ရွန်နေးက အကောင်းဆုံးအင်္ဂလန်ကစားသမားတွေထဲက တစ်ဦးဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့အဆက်*

(ဇ) ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၁) တို့တွင် သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုမှအပ ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် တရားစွဲဆိုဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းအား ထိခိုက်စေခြင်း မရှိစေရ။

**အခန်း (၃)**

**မြွက်ဟကြေညာခြင်းများ၊ အမိန့်များနှင့် တားဝရမ်းများ**

**ဤအခန်းနှင့် သက်ဆိုင်ခြင်း**

၄၀၇။ ဤဥပဒေတွင်သတ်မှတ်ဖော်ပြထားသောပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ အခွင့်အာဏာရှိသည့် မှတ်ပုံတင်အရာရှိထံ တရားမကြောင်းအရ အရေးယူဆောင်ရွက်ရန် လွှဲပြောင်းပေးသည့် ကိစ္စတွင် ဤအခန်းပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

**တာဝန်များနှင့် စပ်လျဉ်း၍ ဆန့်ကျင်ဆောင်ရွက်မှုများကို မြွက်ဟကြေညာခြင်း**

၄၀၈။ (က) တစ်ဦးတစ်ယောက်သည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ကြောင်း ယုံကြည်လက်ခံနိုင်သော အကြောင်းရင်းများရှိသည်ဟု ကျေနပ်လျှင် တရားရုံးသည် ဤပုဒ်မအရ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် အမိန့်တစ်ရပ်ချမှတ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) ပုဒ်မ၄၀၉ အရ မှတ်ပုံတင်အရာရှိအား လျော်ကြေးပေးဆောင်စေရန် အမိန့် ၊ သို့မဟုတ်

(၂) ပုဒ်မ ၄၁၀ အရ နစ်နာသူအား လျော်ကြေးပေးစေရန်အမိန့်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ချမှတ်ပေးရန် မှတ်ပုံတင်အရာရှိသည် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ အမိန့်ချမှတ်ပေးရန် မှတ်ပုံတင်အရာရှိက ပုဒ်မခွဲ (ခ) အရ လျှောက်ထားခဲ့ခြင်းမရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် နစ်နာသည့်ကုမ္ပဏီ၊ ယင်းတွင်ပါဝင်သူများနှင့် မြီရှင်များအတွက် လျော်ကြေးတစ်ရပ်ပေးစေရန် လျှောက်ထားတောင်းဆိုနိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ရပ်ချမှတ်ပေးနိုင်ရန်အတွက် တရားစွဲဆိုမှုကို ထိုဆန့်ကျင်ဆောင်ရွက်မှု ပြုလုပ်သည့်အချိန်ကာလမှ ခြောက်နှစ်ထက် မပိုသောကာလအတွင်း စတင်တရားစွဲဆိုရမည်။

**မှတ်ပုံတင်အရာရှိသို့လျော်ကြေးပေးဆောင်စေရန်အမိန့်**

၄၀၉။ (က) မှတ်ပုံတင်အရာရှိ၏ လျှောက်ထားချက်အရ အောက်ပါအခြေအနေများတွင် တရားရုံးသည် လူပုဂ္ဂိုလ်တစ်ဦးအား ကျပ်သိန်းတစ်ရာအထိ လျော်ကြေးငွေ ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်-

(၁) ထိုသူ၏ပြုလုပ်မှုသည် ပုဒ်မ၄၀၈ အရ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် အမိန့်တစ်ရပ်ချမှတ်ခဲ့သည့်အပြင်၊

(၂) ထိုသူ၏ ပြုလုပ်မှုသည် ကုမ္ပဏီ၊ ယင်းတွင်ပါဝင်သူများနှင့် ယင်း၏ မြီရှင်များ၏ အကျိုးစီးပွားကို အကြီးအကျယ် ထိခိုက်နစ်နာစေခဲ့လျှင်။

(ခ) ထိုလျော်ကြေးငွေသည် ပြည်ထောင်စု၏ကိုယ်စား မှတ်ပုံတင်အရာရှိသို့ ပေးရမည့် တရားမ ကြွေးမြီဖြစ်သည်။ အဆိုပါလျော်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ပုံတင်အရာရှိက အရကောက်ခံရမည်။

**နစ်နာသူသို့လျော်ကြေးပေးဆောင်စေရန်အမိန့်**

၄၁၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားချက်အရ အောက်ပါအခြေအနေများတွင် ကုမ္ပဏီ၏ နစ်နာမှုများအတွက် တရားရုံးသည်လူပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီသို့ လျော်ကြေးပေးစေရန် အမိန့်ချမှတ်နိုင်သည်-

(၁) ထိုသူ၏ပြုလုပ်မှုသည် ပုဒ်မ ၄၀၈ အရ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း မြွက်ဟကြေညာသည့်အမိန့်တစ်ရပ်ချမှတ်ခဲ့သည့် အပြင်၊

(၂) ထိုသူ၏ပြုလုပ်မှုကြောင့် ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေခဲ့လျှင်။

(ခ) အမိန့်တွင် လျော်ကြေးပေးရမည့် ပမာဏကို သတ်မှတ်ဖော်ပြရမည်။

(ဂ) လျော်ကြေးပေးစေရန်အမိန့်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ကုမ္ပဏီမှ ထိခိုက်နစ်နာခဲ့သည်များကို စဉ်းစားဆုံးဖြတ်ရာတွင် တရားရုံးသည် ထိုကျူးလွန်မှု သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်မှုမှ ထိုသူကရရှိသော အကျိုးအမြတ်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဃ) လျော်ကြေးပေးစေရန် အမိန့်ကိုတရားရုံးမှချမှတ်သော ငွေဒီကရီတစ်ရပ်ကဲ့သို့ အတည်ပြုဆောင်ရွက်နိုင်သည်။

**တားဝရမ်းချမှတ်နိုင်သည့်အခွင့်အာဏာ**

၄၁၁။ (က) တစ်စုံတစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့လျှင် သို့မဟုတ် ကျူးလွန်နေသည့် သို့မဟုတ် ကျူးလွန်မည့် အပြုအမူတစ်ရပ်ရပ်ကို ပြုလုပ်ခဲ့လျှင် သို့မဟုတ် ပြုလုပ်နေလျှင် သို့မဟုတ် ပြုလုပ်မည့်အခြေအနေရှိလျှင် ဤဥပဒေအရ ခန့်ထားသော ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏လျှောက်ထားချက်အရ တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ထိုပုဂ္ဂိုလ်က အဆိုပါအပြုအမူများကို ဆောင်ရွက်ခြင်းမှ တားမြစ်သည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့်အပြင် တရားရုံးက ဆောင်ရွက်ရန် လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ထိုသူကို ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်-

(၁) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၂) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(၃) ဤဥပဒေကိုဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို တမင်ကူပံ့ခြင်း၊ အားပေးကူညီခြင်း၊ အကြံပေးခြင်း သို့မဟုတ် တိုက်တွန်းခြင်း၊

(၄) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်၍ဖြစ်စေ၊ ကတိပြု၍ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်၍ဖြစ်စေ သွေးဆောင်ခြင်း သို့မဟုတ် သွေးဆောင်ရန်အားထုတ်ခြင်း၊

(၅) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပါဝင်ပတ်သက်ခဲ့ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၆) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် အခြားသူများနှင့် ပူးပေါင်းကြံစည်ခဲ့ခြင်း။

(ခ) တစ်ဦးတစ်ယောက်သည် ဤဥပဒေအရ ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ကို ဆောင်ရွက်ရန်ငြင်းဆိုခဲ့လျှင် သို့မဟုတ် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ ငြင်းဆိုနေလျှင် သို့မဟုတ် ပျက်ကွက်နေလျှင်ဖြစ်စေ၊ ငြင်းဆိုမည့် သို့မဟုတ် ပျက်ကွက်မည့်အခြေအနေရှိလျှင်ဖြစ်စေ၊ တရားရုံးသည် ဤဥပဒေအရ ခန့်ထားသော ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာတစ်ဦးဦး၏ လျှောက်ထားချက်အရ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား အဆိုပါ ပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ တားဝရမ်းထုတ်ဆင့်ပေးရန် လျှောက်ထားခဲ့ပြီး အမှုသည်များအားလုံးက တားဝရမ်းထုတ်ဆင့်ပေးရန် စာဖြင့်တင်ပြလာလျှင် တရားရုံးသည် ယင်းပုဒ်မခွဲများနှင့် သက်ဆိုင်ကြောင်း ကျေနပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တားဝရမ်းထုတ်ဆင့်သည့် အမိန့်ချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ချမှတ်ထားသည့် အမိန့်တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည်။

(င) ဤပုဒ်မအရ အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အခါ တရားရုံးသည် ထိုတားမြစ်မိန့်ချမှတ်ခြင်းကြောင့် နစ်နာမှုရှိခဲ့လျှင် နစ်နာကြေးပေးရန်အတွက် လျှောက်ထားသူ သို့မဟုတ် အခြားသူတစ်ဦးအား အာမခံချက်တစ်ရပ် တင်သွင်းရန် အမိန့်ချမှတ်နိုင်သည်။

(စ) တစ်ဦးတစ်ယောက်အား တစ်စုံတစ်ရာသော အပြုအမူတစ်ရပ်ကို ဆောင်ရွက်ခြင်းမှ တားမြစ်သည့်အမိန့် သို့မဟုတ် တစ်စုံတစ်ရာသော ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေရန် ညွှန်ကြားသည့် အမိန့်တစ်ရပ်ရပ်ကို ဤပုဒ်မအရ တရားရုံးကချမှတ်နိုင်သည့် ကိစ္စတွင် တားဝရမ်းထုတ်ဆင့်ခြင်းအတွက် နစ်နာသူတစ်ဦးတစ်ယောက်သို့ ဝရမ်းထုတ်ဆင့်ခြင်းခံရသူမှ နစ်နာကြေးပေးစေရန် အမိန့်ချမှတ်နိုင်သည်။ နစ်နာကြေးကို တွက်ချက်ရာတွင် အမှန်တကယ် ဆုံးရှုံးမှုအပြင် နစ်နာကြေးပါ ချမှတ်နိုင်သည်။

**တရားရုံး၏အခြားအာဏာများအပေါ်ကန့်သတ်မှုမရှိခြင်း**

၄၁၂။ ဤအခန်းတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ တရားရုံးကရရှိသည့် ဤဥပဒေပါ အခြားသော အခွင့်အာဏာများကို ထိခိုက်စေခြင်း မရှိစေရ။

**အခန်း (၄)**

**ကျူးလွန်မှုများနှင့်ခုခံချေပချက်များ**

**ကျူးလွန်မှုဆိုင်ရာပြဋ္ဌာန်းချက်များ**

၄၁၃။ (က) ကုမ္ပဏီအပါအဝင် တစ်ဦးတစ်ယောက်သည် အောက်ပါကိစ္စရပ်တစ်ရပ်ရပ်ကို ကျူးလွန်ခဲ့ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ထိုသူသည် ထိုကျူးလွန်မှုအတွက်အပြစ်ရှိကြောင်း သို့မဟုတ် အပြစ်မရှိကြောင်း ပြဋ္ဌာန်းထားချက်မရှိလျှင် ထိုသူသည် ဤပုဒ်မခွဲအရ ကျူးလွန်ရာရောက်သည်ဟု မှတ်ယူရမည်-

(၁) ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင်၊

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန် လိုအပ်သည့် သို့မဟုတ် ညွှန်ကြားထားသည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုလျှင်၊ သို့မဟုတ်

(၃) ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားနည်းတစ်ရပ်ရပ်ဖြင့် ဆန့်ကျင်ဆောင်ရွက်လျှင်။

(ခ) ဤဥပဒေတွင် ပြစ်ဒဏ်ကို အတိအလင်း သတ်မှတ်ဖော်ပြထားခြင်း မရှိပါက တရားရုံးသည် ထိုပြစ်ဒဏ်ကို ထိုသို့သောအခြေအနေများတွင် မှန်ကန်မျှတသည်ဟု ယုံကြည်သောအကြောင်းအချက်များကို အခြေပြု၍ ဆုံးဖြတ်သတ်မှတ်ရမည်။ ထိုသို့ ဆုံးဖြတ်ရာတွင် သက်ဆိုင်သည့်ကိစ္စအားလုံး၌ တူညီသော ကျူးလွန်မှုတစ်ရပ်အတွက် ဤဥပဒေအရဖြစ်စေ၊ သက်ဆိုင်သောဥပဒေအရဖြစ်စေ ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်များနှင့်အညီ ဖြစ်စေရေးကို ထည့်သွင်းစဉ်းစားရမည်။

**ခုခံချေပခြင်းနှင့် သက်သာခွင့်**

**ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အရာရှိက ခုခံချေပခြင်း**

၄၁၄။ (က) ပုဒ်မ၄၀၄ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအချက်များကို သက်သေထင်ရှားတင်ပြနိုင်လျှင် ထိုသူက ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်နှင့်စပ်လျဉ်း၍ စွဲဆိုခံရသည့် ဒါရိုက်တာ သို့မဟုတ် အရာရှိအတွက် ခုခံချေပချက် တစ်ရပ်ဖြစ်စေရမည်-

(၁) ထိုဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာနှင့် သင့်လျော်စွာ လိုက်နာခဲ့ကြောင်း၊

(၂) ထိုဒါရိုက်တာ သို့မဟုတ် အရာရှိအနေဖြင့် သင့်လျော်သည့် ကိစ္စရပ်များကို ဆောင်ရွက်ရန် မျှော်မှန်းနိုင်ခြင်းမရှိသည့် အခြေအနေများရှိခဲ့ကြောင်း။

(ခ) ပုဒ်မ၄၀၄ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိမှ အောက်ပါအတိုင်း သက်သေထင်ရှား တင်ပြနိုင်လျှင် ကုမ္ပဏီက ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်နှင့် စပ်လျဉ်း၍ စွဲဆိုခံရသည့် ဒါရိုက်တာ သို့မဟုတ် အရာရှိအတွက် ခုခံချေပချက်တစ်ရပ် ဖြစ်စေရမည်-

(၁) ကုမ္ပဏီသည် ကျိုးကြောင်းဆီလျော်၍ သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊

(၂) ကုမ္ပဏီကဆောင်ရွက်ရမည့် ကျိုးကြောင်းဆီလျော်၍ သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဒါရိုက်တာ သို့မဟုတ် အရာရှိက လိုက်နာဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ သို့မဟုတ်

(၃) ကုမ္ပဏီက သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်ရန် ဒါရိုက်တာ သို့မဟုတ် အရာရှိအနေဖြင့် မျှော်မှန်းနိုင်ခြင်း မရှိသည့်အခြေအနေများရှိခဲ့ကြောင်း။

**ဆန့်ကျင်ဆောင်ရွက်ကြောင်း မြွက်ဟကြေညာမှုတွင် တာဝန်ရှိမှုများမှ ကင်းလွတ်ခွင့်ပြုခြင်း**

၄၁၅။ (က) ပုဒ်မ၄၀၄ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ဤအပိုင်းပါပြဋ္ဌာန်းချက်များအရ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုစစ်ဆေးမှုများအား ဆောင်ရွက်ခြင်းနှင့် ထိုစွဲဆိုမှုများကို စစ်ဆေးကြားနာခြင်းပြုရာတွင် ထိုသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ခဲ့ကြောင်း သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်ခဲ့သည့်အနေအထားရှိနိုင်ကြောင်း တရားရုံးကတွေ့ရှိရသော်လည်း အောက်ပါအခြေအနေများဖြစ်ပါက ထိုဆန့်ကျင်ဆောင်ရွက်မှုအတွက်ကြောင့် ထိုသူနှင့်သက်ဆိုင်မည့် သို့မဟုတ် အခြားနည်းဖြင့် တာဝန်ရှိနိုင်မည့် တာဝန်ရှိမှုတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူအား ကင်းလွတ်ခွင့်ပြုနိုင်သည်-

(၁) ထိုသူသည် သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အပြင်၊

(၂) သက်ဆိုင်သည့်ကိစ္စရပ်များတွင် ကုမ္ပဏီတစ်ခု၏အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးအဖြစ်ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ အပါအဝင် အမှု၏ပတ်ဝန်းကျင်အကြောင်းခြင်းရာများကို ထည့်သွင်းစဉ်းစား၍ ၎င်း၏ဆန့်ကျင်ဆောင်ရွက်မှုအတွက် ကင်းလွတ်ခွင့် ပြုသင့်ကြောင်း ပေါ်ပေါက်လျှင်။

(ခ) တစ်ဦးတစ်ယောက်က ဤဥပဒေပါပြဋ္ဌာန်းချက်များအား ဆန့်ကျင်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ၎င်းအပေါ်တွင် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်မည်ဟု ထင်မြင်ယူဆလျှင် ထိုသူသည် အထက်ပါပုဒ်မခွဲ (က) တွင် ဖော်ပြထားသော သက်သာခွင့်ရရှိရေးအတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။

*ဆက်လက်ဖော်ပြပါမည်*

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)တွင် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန် ရုံးသုံးစက္ကူ၊ စာရေးကိရိယာများနှင့် ကွန်ပျူတာဆက်စပ်သုံးပစ္စည်းများ၊ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် တိုင်းတာရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Office Stationary, Laboratory Equipments, Survey Equipments နှင့် Drill Accessories များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၁၁-၂၀၁၈ရက်မှ ၅-၁၂-၂၀၁၈ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၅-၁၂-၂၀၁၈ရက် မွန်းတည့် ၁၂:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၁၂-၂၀၁၈ရက် မွန်းလွဲ ၁၃:၀၀နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၄၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်
(င) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ရုံးအမှတ် (၄၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သည့် ကျောက်ရွယ်စုံ၊ ကျောက်ရောမြေ၊ ဘိလပ်မြေ၊ သဲအစရှိသည့် တည်ဆောက်ရေးပစ္စည်းများကို (Lot)အလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါတင်သွင်းလိုသည့် ပစ္စည်းအမျိုးအမည်အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြင်ဦးလွင်ခရိုင်တွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို ၁၂-၁၁-၂၀၁၈ ရက်မှစတင်၍ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ပြင်ဦးလွင်ခရိုင်တွင် ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၅-၁၂-၂၀၁၈ ရက် ညနေ ၄:၃၀ နာရီ
**တင်ဒါလျှောက်လွှာဖွင့်မည့်အချိန်** - ၇-၁၂-၂၀၁၈ ရက် နံနက် ၉:၃၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ပြင်ဦးလွင်မြို့။
**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ပြင်ဦးလွင်ခရိုင်၊ ဖုန်း-၀၈၅-၂၀၂၂၀၄၃

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး ပုသိမ်မြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းသွားရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) လွှတ်တော်ခန်းမဆောင် | (၁)ဆောင် | Lot-1 |
| (ခ) လွှတ်တော်ရုံး | (၁)ရုံး | Lot-2 |
| (ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ်နေအိမ် | (၁)လုံး | Lot-3 |
| (ဃ) ညွှန်ကြားရေးမှူးနေအိမ် | (၁)လုံး | Lot-4 |
| (င) ဒုတိယညွှန်ကြားရေးမှူးနေအိမ် | (၁)လုံး | Lot-5 |
| (စ) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | (၁)လမ်း | Lot-6 |
| (ဆ) အဝင်ဂိတ်တံခါး | (၂)ခု | Lot-7 |

၂။ Lot-1 တင်ဒါစည်းကမ်းချက်နှင့်အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-
(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၁၉-၁၁-၂၀၁၈ ရုံးချိန်အတွင်း
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်**- ၁၉-၁၂-၂၀၁၈ ၁၃:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်**- ၁၉-၁၂-၂၀၁၈ ၁၄:၀၀ နာရီ
၃။ Lot-1အတွက် Designနှင့်ပတ်သက်၍ ၂၈-၁၁-၂၀၁၈ရက် ၁၄:၀၀နာရီတွင် ပုသိမ်မြို့၊ ဧရာရွှေဝါခန်းမ၌ အသေးစိတ်ရှင်းလင်းဆွေးနွေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်လေ့လာနိုင်ပါသည်။
၄။ Lot-2,Lot-3,Lot-4, Lot-5,Lot-6,Lot-7 တို့အတွက် တင်ဒါစည်းကမ်းချက်နှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-
(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၁၂-၁၁-၂၀၁၈ ရုံးချိန်အတွင်း
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၂-၁၂-၂၀၁၈ ၁၃:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်** - ၁၂-၁၂-၂၀၁၈ ၁၄:၀၀ နာရီ
၅။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်မှုရင်းနှင့် ကုမ္ပဏီ Profileတို့ကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၄၂-၂၃၈၂၃၊ ၀၄၂-၂၃၆၃၇၊ ၀၄၂-၂၃၉၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

## The Republic of the Union of Myanmar
## Ministry of Electricity and Energy
## Electric Power Generation Enterprise
## Invitation for Prequalification
## Hydropower Plants Rehabilitation Project

Date: 6th November, 2018
Loan Agreement No: MY-P22 dated 25th April, 2017
IFP No: *EPGE/HPR/Package3*

1. The Government of the Republic of the Union of Myanmar has received a Loan from Japan International Cooperation Agency toward the cost of the Hydropower Plants Rehabilitation Project in the Republic of the Union of Myanmar.

   The Project intends reduce the unplanned power outage and improve the remaining life of the power plants by rehabilitating the equipment of Baluchaung No.1 Hydropower Plant, Kayah State and Sedawgyi Hydropower Plant, Mandalay Region.

   The works in contract packages 3 intends to rehabilitate and to improve the performance of substation facilities in both plants.

   It is intended that part of the proceeds of this Loan will be applied to eligible payments under the contract resulting from the bidding for which this prequalification is conducted.

2. The Electric Power Generation Enterprise intends to prequalify contractors and/or firms for
   Rehabilitation of Relevant Substation and Transmission Line Facilities in Hydropower Plants Rehabilitation Project.
   The subjected Substations are two stations in the two Hydropower plants. For convenience, the facilities and functions as substation in these power plants are defined as substations in this document as follows:

| Power plant name | Definition of plants in this Document |
|---|---|
| Baluchaung No.1 Hydropower plant | Baluchaung No.1 Substation |
| Sedawgyi Hydropower plant | Sedawgyi Substation |

   The project comprises Package 3 and other two packages as follows:

| | |
|---|---|
| Package 1 | Baluchaung No.1 Hydropower plant Generation facilities rehabilitation |
| Package 2 | Sedawgyi Hydropower plant Generation facilities rehabilitation |

3. It is expected that Invitation for Bids will be made in January 2019.
4. Prequalification will be conducted through procedures in accordance with the applicable Guidelines for Procurement under Japanese ODA Loans, and is open to all Applicants from eligible source countries.
5. Interested eligible Applicants may obtain further information from and inspect the Prequalification Documents during the office hour at;
   Address: Project Director of Hydropower Plants Rehabilitation Project,
   Renewable Energy and Hydropower Plant Department
   Electric Power Generation Enterprise (EPGE),
   Ministry of Electricity and Energy (MOEE)
   Building No. 27, Nay Pyi Taw, Myanmar
   Phone : +95-67-8104269, +95-67-8104270
   Facsimile number : +95-67-8104273
   E-mail : renewablebranch@gmail.com
6. A complete set of the Prequalification Documents may be purchased by interested Applicant(s) on the submission of a written Application to the address below and upon payment of a nonrefundable fee of 300,000 Kyats.
   Address: Procurement Department
   Electric Power Generation Enterprise (EPGE),
   Ministry of Electricity and Energy (MOEE)
   Building No. 27, Nay Pyi Taw, Myanmar
   Phone : +95-67-8104279
   Time : from 10:00 to 15:30 hr on November 6th (Tuesday) ~ 19th (Monday) 2018. (Myanmar Standard Time)
7. Applications for prequalification should be submitted in sealed envelopes, delivered to the following address before 15:00hr on December 18th, 2018 (Myanmar Standard time) and be clearly marked "Application to Prequalify for Hydropower Plants Rehabilitation Project Package-3"
   Address: Yadanar Hall
   Ministry of Electricity and Energy (MOEE)
   Building No. 27, Nay Pyi Taw, Myanmar
   Phone : +95-9424685463, +95-9797137280

## မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန

## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့်ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-
(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၅-၁၁-၂၀၁၈ရက် နံနက် ၉:၀၀နာရီ သစ်မာသစ်လုံး(နယ်)သီးသန့်
၁၆-၁၁-၂၀၁၈ ရက် နံနက် ၉:၀၀နာရီ ရန်ကုန်-နယ် ကျွန်း/သစ်မာ(သစ်လုံး-ခွဲသား)
၁၉-၁၁-၂၀၁၈ရက် မွန်းတည့် ၁၂:၀၀ နာရီ **ရန်ကုန်ကျွန်းသစ်လုံးသီးသန့်**
(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး ၂၀၁၆ တန်
- ကျွန်းခွဲသား ၄၃၄ တန်
- ပျဉ်းကတိုး၊ အင်၊ ကညင်၊ စကားဝါ၊ ထောက်ကြံ့နွယ်၊ သစ်ယာ၊ အင်ကြင်း ၁၅၀၀၈ တန်
- သစ်မာသစ်လုံး (၂၀၁၇-၂၀၁၈ ထုတ်သစ်များ ပါဝင်ပါသည်။)
(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
၃။ ဆက်သွယ်ရန် ဖုန်း-၀၁-၅၂၈၇၆၄ E-mail;marketing 1ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

## ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်း အင်းစိန်မြို့နယ်တွင် ဖခန်းတွဲ ၄ထပ် ဝန်ထမ်းနေအိမ်(၃)လုံး ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁၁-၂၀၁၈
**တင်ဒါဖွင့်ဖောက်မည့်ရက်စွဲ/အချိန်** - ၁၀-၁၂-၂၀၁၈ ရက် နံနက် ၁၀:၀၀ နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၁၃-၆၄၂၄၉၅၊ ၀၁၃-၆၄၂၄၉၆**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန

## တည်ဆောက်ရေးလုပ်ငန်းသုံးကျောက်များ ဝယ်ယူရန်နှင့် သယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(အောက်တိုဘာလမှ စက်တင်ဘာလ)အတွက် လမ်း၊ တံတား၊ ရေမြောင်း၊ ပလက်ဖောင်းနှင့်အဆောက်အအုံ အစရှိသည့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးကျောက်မျိုးစုံ ဝယ်ယူခြင်းနှင့် သယ်ယူခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၈
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) ၁၃:၀၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန မွန်ပြည်နယ် မုဒုံမြို့

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ မုဒုံမြို့နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စု(ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) တာပသွန်ပျိုးဥယျာဉ်ဝင်း သွပ်ဆူးကြိုးကာရံခြင်းလုပ်ငန်း (၈၃ဒသမ၂၀ဧက×၅'-၆')
(ခ) တာပသွန်ပျိုးဥယျာဉ်ဝင်းအတွင်း (၁၁/၀ဒသမ၄/KV-100 KVA ထရန်စဖော်မာတစ်လုံးတပ်ဆင်ခြင်း)
၂။ တင်ဒါအဆိုပြုတင်သွင်းမည့်ကုမ္ပဏီများသည် ကော်မတီမှသတ်မှတ်ထားသော ဒီဇိုင်းပုံစံအတိုင်း လုပ်ငန်းတစ်ခုအတွက် Estimate များအား အသေးစိတ်တွက်ချက်တင်ပြရန်ဖြစ်သည်။
**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၈-၁၁-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ မုဒုံမြို့
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ မုဒုံမြို့ ဖုန်း-၀၅၇-၇၀၀၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၀ယ/၇၀၆၇၈ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဦး၁၄/ကပန(နိုင်)၀၉၉၉၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## မိဘအမည်မှန်

မူဆယ်မြို့၊ အထက ၃ တတိယတန်း (B)မှ မလျှိုလိုကျောက်နှင့် မောင်လျှိုယုန်ရန်တို့၏ မိဘအမည်မှန်မှာ ဦးရန်ကြားကွေ့ ၁၃/မဆတ(နိုင်)၀၃၃၂၃၆ နှင့် ဒေါ်ဟုန်ရေးမေ ဖြစ်ပါကြောင်း။

**ဦးရန်ကြားကွေ့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အနောက်ပိုင်း၊ လက်ပံတန်းမြို့နယ် အထကခွဲ ကညင်တိုတက္ကသိုလ်ဝင်တန်းမှ မောင်ထက်ဝေလင်း၏ ဖခင်အမည်မှန်မှာ ဦးခင်ထွန်းမောင် ၁၄/ဟသတ(နိုင်)၃၃၃၁၃၀ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ဆိပ်သာကျေးရွာအုပ်စု၊ လေးအိမ်ကျေးရွာနေ စောဟေဂေး၏ သမီး နော်လွယ်ဂေးမူ ၁၄/ကကန(နိုင်)၁၄၉၄၅၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၁၀-၁၉၉၄ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မရီရီချို ၁၃/တခလ(နိုင်)၀၈၉၆၄၆ ၏ Pass Poart No(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၂၆၈၅၈၃**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဦးကျအီ၏သား ကျိုင်းတုံမြို့၊ အထက (လွယ်မွေ့) အဌမတန်းမှ မောင်စောဘို၏ အမည်မှန်မှာ မောင်စီဘို ၁၃/ကတန(နိုင်)၁၈၆၀၄၁ နှင့် ၎င်း၏မွေးသက္ကရာဇ်မှာ ၉-၂-၂၀၀၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ သချာ်အထူးပြု၊ တတိယနှစ်၊ ၃သခ၉ ဖြင့် တက်ရောက်ဖြေဆိုထားသော နန်းကောင်ခမ်းနောင့်၏ ဖခင် ဦးစိုင်းနွမ်းရှုန်နှင့် ဦးစိုင်းရီ ၁၃/တခလ(နိုင်)၀၂၈၀၅၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုင်းနွမ်းရှုန် (ခ)ဦးစိုင်းရီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲမင်းကို ၈/အလန(နိုင်)၁၆၉၈၆၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၅၆၄၆၄၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်နိုင်စိုး ၈/မမန(နိုင်)၁၉၁၀၉၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၃၉၈၉၁၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကျော်နိုင်ထွန်း ၈/မမန(နိုင်)၂၄၀၀၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၈၉၃၃၀၀၅၂၉**

## ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းအထကကျောင်းမှ မယွန်းသက်လျာ၊ နဝမတန်း(A)နှင့် စံပြကျေးရွာအလကခွဲကျောင်းမှ မောင်ချာန်ရဲထက်၊ ဆဋ္ဌမတန်း(A)တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦး ၈/ပဖန(နိုင်)၀၈၄၁၅၉ ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်ဦး**

## တင်ဒါဖွင့်ပွဲရက် ပြောင်းလဲကြောင်းကြေညာခြင်း
## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မကွေးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မကွေးခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် တင်ဒါဖွင့်ပွဲရက်အား ယခင်ကြေညာခဲ့သော ၁၅-၁၁-၂၀၁၈ရက်အစား ၂၃-၁၁-၂၀၁၈ ရက်သို့ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

